မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃) အမှတ် (၂၀၈)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

၂၀၁၄ ခုနှစ်၊ မေ ၁ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

အလုပ်သမားအများစု၏ လူမှုရေးကာကွယ်စောင့်ရှောက်မှု ပိုမိုတိုးချဲ့နိုင်တော့မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၄ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားသဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သော ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများအား အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် ကမ္ဘာ့အလုပ်သမားနေ့အခါသမယတွင် မိမိတို့နိုင်ငံအတွက် မရှိမဖြစ် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများက အလုပ်သမားနေ့အခမ်းအနားများကို ကျင်းပခဲ့ကြရာ နှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အလုပ်သမားနေ့

စာမျက်နှာ ၃ ကော်လံ ၁

အလုပ်သမားရေးရာကျင့်စဉ်များ ရှင်သန်ကျင့်သုံးနိုင်စေရန် လိုအပ်သော ဥပဒေရေးရာနှင့် မူဝါဒရေးရာများကို မဟာဗျူဟာနှင့် နည်းဗျူဟာရည်မှန်းချက်များ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သဘာဝဘေးအန္တရာယ်ကိုတုံ့ပြန်နိုင်မည့် စွမ်းအားစုများကို အမြဲအဆင်သင့်ဖြစ်နေစေရန် လိုအပ်

နေပြည်တော် ဧပြီ ၃၀

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၄)အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီများမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ရာသီဥတု ဖောက်ပြန်ခြင်း၊ ဘူမိပထဝီအနေအထား ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ကြောင့် ဖြစ်ပွားရသည့် သဘာဝ ဘေးအန္တရာယ်များနှင့် ဓာတုစက်မှုနည်းပညာဆိုင်ရာ မတော်တဆမှုများ၊ လုံခြုံရေးနှင့်သက်ဆိုင်သည့်ဖြစ်စဉ်များကြောင့် ဖြစ်ပွားရသည့် လူတို့ဖန်တီးသည့်ဘေးအန္တရာယ်များသည် ကမ္ဘာ့နိုင်ငံများ၏

စာမျက်နှာ ၅ ကော်လံ ၁

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄)တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ

ဘရာဇီးငါးဖမ်းသမားတစ်ဦးက အမေဇုန်မြစ်အတွင်း ငြိုဟ်တုအပိုင်းအစတွေ့ရှိ

စာမျက်နှာ ❖ ၄

ဆောင်းပါး

တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတကာအယူအဆများ

စာမျက်နှာ ❖ ၆

အားကစား

ချန်ပီယံလိဂ် ဂိုးအများဆုံးစံချိန်တင် စီရိုနယ်ဒို သွင်းယူ

စာမျက်နှာ ❖ ၁၄

၂၀၁၄ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဂုဏ်ပြုလေးစားအပ်သော စွမ်းအားရှင်များ

ယနေ့သည်ကား အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်ပါသည်။ အလုပ်သမားများကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာတစ်ဝန်း ဤမေလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အဖြစ် တစ်သီးတခြားသတ်မှတ်ဂုဏ်ပြုခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အဓိကမောင်းနှင်အားတွင် အလုပ်သမားထု တစ်ရပ်လုံးပါဝင်လျက်ရှိပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အလုပ်သမားများ၏အခန်းကဏ္ဍသည် အရေးကြီးဆုံးဖြစ်သည်။ တစ်နည်းဆိုလျှင် အလုပ်သမားကြီးများသည် နိုင်ငံဖွံ့ဖြိုးမှုစွမ်းအားရှင်များပင်ဖြစ်ပါသည်။

အလုပ်သမားများသည် ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအကျိုးဖြစ်ထွန်းလာစေရေးအတွက် စွမ်းအားအပြည့်အဝဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်ပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံကြီးများနည်းတူ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ဤမေလ ၁ ရက်နေ့ရောက်တိုင်း ဂုဏ်ပြုအခမ်းအနားများ ကျင်းပလေ့ရှိပါသည်။ မေဒေးနေ့ခေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို မြန်မာတစ်နိုင်ငံလုံးမှ အလုပ်သမားခေါင်းဆောင်ခန့်ပါဝင်၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အောင်မြေသာယာ ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများရပိုင်ခွင့်များ တိုးမြှင့်ရရှိရေး၊ အလုပ်သမားများတန်းတူအခွင့်အရေးများ ရရှိရေး၊ အလုပ်သမားများ၏ အကျိုးခံစားခွင့်များကို ကာကွယ်ပေးရေး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေး၊ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေး အလုပ်သမားများနှင့်အလုပ်ရှင်များအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး အစရှိသဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကို ရှေးရှုကာ အစီအမံများဖြင့် ဖော်ဆောင်ပေးလျက်ရှိပါသည်။

ဤသို့အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေသကဲ့သို့ ထုတ်ကုန်စွမ်းအားများတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။ ကာယစွမ်းအား၊ ဉာဏစွမ်းအားရှိသရွေ့ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

စင်စစ်အားဖြင့် အလုပ်သမားကြီးများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက စွမ်းအားရှင်များဖြစ်ကြခြင်းကြောင့် ပြည်သူတစ်ရပ်လုံးက လေးစားဂုဏ်ပြုထိုက်သူများဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍသည် အဓိကနေရာတွင် ရှိနေဦးမည်သာဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ကြိုးပမ်းစွမ်းဆောင်ကြရဦးမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရေးနှင့် အလုပ်သမားများ၏ခံစားပိုင်ခွင့်များ၊ အကျိုးစီးပွားများ တိုးတက်လာရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးရဦးမည် ဖြစ်ပါသည်။ အလုပ်သမားကြီးများသည် နိုင်ငံဖွံ့ဖြိုးရေးတွင် အရေးပါသော ကဏ္ဍမှနေ၍ ကာယ၊ ဉာဏစွမ်းအားများဖြင့် စိုက်ထုတ်ဆောင်ရွက်နေသူများဖြစ်ခြင်းကြောင့် လေးစားဂုဏ်ပြုထိုက်သူများဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဧပြီ ၃၀

နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦး၊ အထူးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအနက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးတို့အတွက် အဓိကကျသည့် နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလုပ်ငန်းအဖွဲ့က အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ရက်သတ္တပတ်လိုက် ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်မည့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာ မူဝါဒများနှင့် ဥပဒေကိုလည်း လက်တွေ့မြေပြင်တွင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသက်မွေးပညာသင်တန်းများဖွင့်လှစ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဒေသခံပြည်သူများ အလွယ်တကူအဆင်ပြေစွာ ပိုမိုတက်ရောက်နိုင်ရန် တိုးချဲ့စီမံပေးသွားရန် လိုအပ်ပါကြောင်း၊ သင်တန်းတက်ရောက်ရန် စရိတ်စကမတတ်နိုင်သည့် ဝေးလံဒေသများမှ ပြည်သူများအတွက် ရွေ့လျားသင်တန်းပေးအဖွဲ့များ (Mobile Vocational Education and Training) ယူနစ်များဖွဲ့လျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းဖြင့် မြို့နယ်အလိုက် လူ့စွမ်းအားအရင်းအမြစ်များ တိုးချဲ့ထူထောင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ချက် ပြဋ္ဌာန်းရေးအဖွဲ့ကလည်း ရန်ကုန်နှင့် မန္တလေးတို့တွင် Testing Centre များဖွင့်၍ ကျွမ်းကျင်မှုစစ်ဆေးပြီးလျှင် ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရေးကို လည်းကောင်း၊ အခြားနယ်ပယ်ကဏ္ဍများတွင်လည်း ဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂလိကအသင်းအဖွဲ့များအား ဆောင်ရွက်ခွင့်ပေးနိုင်မည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တက်ရောက်လာသူများအနေဖြင့် သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက် ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အရည်အသွေးတိုးတက်လာစေရေးအတွက် Development Partner များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသအတွက် အမှန်တကယ်လိုအပ်သော သင်တန်းများပို့ချနိုင်ရေးအတွက် စာရင်းကောက်ယူပြုစုတင်ပြပေးနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တင်ပြဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲပြီးဆုံးခဲ့သည်။

နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်ရေးအတွက် ပေးပို့အကြံပြုလိုပါက ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၁၂၃) နတ်မောက်လမ်း၊ လမ်းသွယ်(၁)ရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၉၇-၄၀၄၅၀၅၊ ဖက်စ် ၀၁-၅၄၂၈၇၃၊ ၀၉၇-၄၀၄၅၀၆၊ e-mail mostdtvey-gn1 @gmail, academic @dtve.org ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်ကာယကြံ့ခိုင်မှုအခြေခံသင်တန်းဖွင့်

လယ်ဝေး ဧပြီ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှုအခြေခံသင်တန်းဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက အထက(၂)ဝင်းသီရိခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်အား/ကာလက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေး၊ ဆရာ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများကို မုန့်နှင့်အချိုရည်များပေးအပ်ကာ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြရာ ယနေ့သည် မြန်မာနိုင်ငံရှိ အလုပ်သမားကြီးများအတွက် အဓိပ္ပာယ်ပြည့်ဝသော နေ့ထူးနေ့မြတ် အခါသမယဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

မိမိတို့နိုင်ငံသည် ယနေ့အချိန်အခါတွင် ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးပြီး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာအလုပ်သမားကြီးများ၏ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် အကြံဉာဏ်များသည် တန်ဖိုးမဖြတ်နိုင်သော အင်အားစုများဖြစ်ကြပါသည်။

နိုင်ငံတော်မှလည်း အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ပြီး အလုပ်သမားထုတစ်ရပ်လုံး၏ လူမှုဘဝတိုးတက်ကောင်းမွန်စေနိုင်ရေးအတွက် အလုပ်သမားနှင့်အလုပ်ရှင်အကြား အဓိကကျသည့် သင့်တင့်မျှတသော အလုပ်သမားရေးရာကျင့်စဉ်များ ရှင်သန်ကျင့်သုံးနိုင်စေရန် လိုအပ်သောဥပဒေရေးရာနှင့် မူဝါဒရေးရာများကို မဟာဗျူဟာနှင့်နည်းဗျူဟာ ရည်မှန်းချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအချိန်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်သားအင်အားကို စနစ်တကျနှင့်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အမှန်တကယ်အလုပ်လိုအပ်သူများကို ကောင်းမွန်သင့်တော်သည့် လုပ်ငန်းခွင်များ၌ နေရာချထားပေးနိုင်ရေး၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းရေးနှင့်ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံတော်အနေဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအနှီးများ ရရှိစေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက်လည်း အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အလုပ်သမားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ "စံ"များနှင့်အညီ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲသင့်သည်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် ၂၀၁၁ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားရာ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အလုပ်သမားနှင့်အလုပ်ရှင် အဖွဲ့အစည်း စုစုပေါင်း ၁၀၉၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ အချို့လုပ်ငန်းများတွင် မြို့နယ်အဆင့်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး အချို့အဖွဲ့အစည်းများကို အဖွဲ့ချုပ်အဆင့်ထိ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းလုံးရှိ အလုပ်သမားများနှင့် မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေး၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးနှင့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သော လူနေမှုအဆင့်အတန်းတစ်ရပ်ကို ရရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ကြည်လေးစားရပါသော အလုပ်သမားကြီးများခင်ဗျား-

အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေး၊ လုံခြုံမှုရှိစေရေးအတွက် ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ၊ လူမှုဘဝလုံခြုံမှုအစီအစဉ်များကို အလုပ်သမားကြီးများ ခံစားရရှိစေရေးအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ အာဏာသက်ဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဤဥပဒေသစ်တွင် မူလအာမခံစနစ်နှစ်မျိုးရှိခဲ့ရာမှ အာမခံစနစ်ခြောက်မျိုးအထိ တိုးတက်ပါဝင်လာပါသည်။ အဆိုပါ အာမခံစနစ်များမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်နှင့် အခြားလူမှုဖူလုံရေးအာမခံစနစ်အဖြစ် အိမ်ရာစီမံကိန်းအာမခံစနစ်နှင့် မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေး ပေးသွင်းအာမခံထားသည့် အာမခံစနစ်စသည်တို့ ပါဝင်လာခြင်းဖြစ်ပါသည်။

ယခင်ဥပဒေတွင် အလုပ်သမားငါးဦးနှင့်အထက် လုပ်ကိုင်လျက်ရှိသော အလုပ်ဌာနများကိုသာ အာမခံစနစ်သို့ ဝင်ရောက်ခွင့်ပြုထားသော်လည်း ဥပဒေသစ်အရ အလုပ်ရှင်မရှိဘဲ ကိုယ်ပိုင်အလုပ်ကို တစ်ဦးတည်းလုပ်ကိုင်နေသူများကိုလည်း မိမိဆန္ဒအလျောက်ထည့်ဝင်ကြေးပေးသွင်းပြီး လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ခံစားရရှိစေရေးထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် အလုပ်သမားအများစု၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုကို ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

အလုပ်သမားများအနေဖြင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးတွင် အဓိကကျသော အစမ့်ခိုင်းစေမှုပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အစမ့်ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ်-၂၉ နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ လက်တွေ့ကျင့်သုံးမှုအပိုင်းတွင် ထိရောက်မှုရှိစေရန် နိုင်ငံတစ်ဝန်းလုံး၌ အသိပညာပေးမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အစမ့်ခိုင်းစေမှုလုံးဝပပျောက်ရေးလုပ်ငန်းစီမံချက်ကိုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစီမံချက်တွင်ပါရှိသော ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေမှု ပပျောက်ရေးနှင့်စပ်လျဉ်း၍ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အား မြန်မာနိုင်ငံအနေဖြင့် လက်ခံကျင့်သုံးမည်ဖြစ်ကြောင်းကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

နိုင်ငံတော်အနေဖြင့် မိမိတို့အလုပ်သမားများ၏ အကျိုးစီးပွားနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နှစ်ဖက်မျှတသည့်အကာအကွယ်များရရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံစီးပွားရေး အသိုက်အဝန်းအခြေပြုမြေပုံပါ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမားဈေးကွက် ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာတော့မည်ဖြစ်ရာ နိုင်ငံတွင်း၌သာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရတော့မည်ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(Foreign Investment Law) အရ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာမည်ဖြစ်၍ အလုပ်သမားများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကျွမ်းကျင်မှုများရှိရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အလုပ်သမားများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာ အကူအညီပေးနိုင်ရေးနှင့် အကာအကွယ်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံများ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်သွားလာလုပ်ကိုင်ကြဖို့လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

မိမိတို့နိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ထက်ဝက်ကျော်သည်အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိသည့် လူဦးရေဖြစ်ပါသည်။ သို့ဖြစ်ရာ အလုပ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးကိုဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏အကျိုးစီးပွားတိုးတက်ကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်နေသကဲ့သို့ အလုပ်သမားကြီးများကလည်း ပြဋ္ဌာန်းထားသည့်အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ကြစေလိုပါသည်။ စက်ရုံ၊ အလုပ်ရုံများတွင်အလုပ်သမားရေးရာအငြင်းပွားမှုများရှိလာပါကလည်း ဥပဒေနှင့်အညီ တင်ပြတောင်းဆိုနိုင်ရေး လိုက်နာဆောင်ရွက်ကြစေလိုပါသည်။

ယခုအချိန်၌ နိုင်ငံတော်မှအားသွန်ခွန်စိုက်ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးနေထိုင်တတ်ခြင်းသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေပါသည်။ ထိုသို့ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီနေထိုင်တတ်မှသာ ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို ပြည်သူအားလုံးအပြည့်အဝရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအခွန့်ရှည်တည်တံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများက လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် အန္တရာယ်ရှိသည့် ဓာတုဗေဒဆိုးဆေးများပါဝင်သော အစားအသောက်များ ရောင်းချနေခြင်းကို လာမည့်ကျောင်းဖွင့်ရာသီတွင်အပြီးသတ်ပိတ်ပင်ရန် စီမံချက်များချမှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း "အဆိုနှင့် " မီးရထားသံလမ်းဖြတ်ကျော်ကားလမ်းများ၊ မီးရထားခုံးကျော်တံတား တည်ဆောက်ပေးနိုင်မှုမရှိသေးခင် ယာဉ်သွားလာမှုလွယ်ကူစေရန် သံလမ်းဖြတ်ကျော်ကားလမ်းများအား ပြုပြင်ပေးခြင်း၊ လမ်းသားချဲ့ထွင်ပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ပေးသင့်ကြောင်း" အဆိုနှစ်ရပ်အား ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

မဲပေးသူဦးရေမှာ ဒုတိယလိုက်နေသည်ကိုလည်း မြင်တွေ့ရသည်။

"မေမြတ်နိုးအနေနှင့် အကောင်းဆုံးယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ လေ့ကျင့်မှုအပိုင်းကိုလည်း အများကြီး ပြင်ဆင်ထားပါတယ်။ Miss Asia Pacific World 2014 က မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာပါ။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ အလှမယ်တွေဖြစ်ကြတဲ့ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ၊ မိုးစက်ဝိုင်တို့လိုပဲ မြန်မာအွန်လိုင်းပရိသတ်ကြီးက မေမြတ်နိုးကိုလည်း မဲပေးကြတာကို တွေ့ရလို့ ဝမ်းသာမိပါတယ်" ဟု မြန်မာအလှမယ်များအား မွေးထုတ်ပေးနေသည့် Miss Globe Myanmar Organization မှ မလှနုထွန်းက ပြောသည်။

မြန်မာပရိသတ်များ ကြိုက်နှစ်သက်ကြသော Channel-7 ရုပ်သံလိုင်း၏ အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် မေမြတ်နိုးအား ပရိသတ်များ သိရှိထားပြီးဖြစ်သည့်အပြင် ကိုရီးယားနိုင်ငံရှိ ပြိုင်ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူများ ကိုယ်တိုင် ရွေးချယ်ထားခြင်းဖြစ်သည်။ အရပ်အမြင့် ၅ ပေ ၇ လက်မ အထက်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး ကျန်းမာခြင်း၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်းနှင့် လှပခြင်းဟူသော အရည်အချင်းများရှိရန် လိုအပ်သည်။ အဆိုပါနိုင်ငံတကာအဆင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် မေမြတ်နိုးမှာ မေ ၁၅ ရက်တွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ Miss Globe International 2014 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူစံသာနှင့် မေမြတ်နိုးတို့မှာ ဧပြီလအတွင်းက ဖိလစ်ပိုင်နိုင်ငံတွင် တစ်ပတ်ကြာခန့် အလှမယ်တစ်ယောက်တွင် ရှိသင့်သည့်အရည်အချင်းများအား သွားရောက် လေ့လာသင်ယူထားကြကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွက် Miss Asia Pacific World 2013 ဆုကို အိန္ဒိယနိုင်ငံမှ အလှမယ် Srishti Rana က ရရှိထားခဲ့ပြီး ယခုနှစ်အတွက် အွန်လိုင်းမဲပေးသည့်စနစ်တစ်ခုဖြစ်သည့် www.facebook.com/missosology .info/app-376474729030486 တွင် တစ်နေ့လျှင် ငါးကြိမ်ခန့်ဖြင့် မေ ၃၀ ရက်အထိ မဲပေးနိုင်သဖြင့် မြန်မာအွန်လိုင်းပရိသတ်များက စတင်မဲပေးနေကြပြီဖြစ်သည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

အီရတ်နိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးနေစဉ်။

အီရတ်တွင် လုံခြုံရေးတင်းကျပ်ထားပြီး ရွေးကောက်ပွဲကျင်းပ လက်ရှိဝန်ကြီးချုပ် အယ်လ်မာလီကီ တတိယသက်တမ်းမျှော်လင့်

ဘဂ္ဂဒက် ဧပြီ ၃၀

လွန်ခဲ့သောသုံးနှစ်က အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားပြီးနောက် အီရတ်ပြည်သူများက လုံခြုံရေးတင်းကျပ်ထားသည့်ကြားမှ ပထမဆုံးပါလီမန်ရွေးကောက်ပွဲ ကျင်းပလျက်ရှိသည်။ ရွေးကောက်ပွဲကို ဒေသစံတော်ချိန် နံနက် ၇ နာရီမှ စတင်ပြီး ၁၈ နာရီတွင် မဲရုံများပိတ်မည်ဖြစ်သည်။ ဝန်ကြီးချုပ် နော်ရီ အယ်လ်မာလီကီသည် နိုင်ငံအနောက်ပိုင်းအကြမ်းဖက်မှုများ ကြီးထွားလာနေသည့်ကြားမှ တတိယသက်တမ်း အနိုင်ရရှိရန် မျှော်လင့်ထားသည်။

အီရတ်နိုင်ငံအတွင်း ၂၀၀၈ ခုနှစ်ကတည်းက အဆိုးရွားဆုံးမငြိမ်မသက်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရပြီး လွန်ခဲ့သော သီတင်းပတ်က လူပေါင်း ၁၆၀ ကျော်တို့ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည်။ အီရတ်ပြည်သူ ၂၂ သန်းသည် အဆိုပါ ရွေးကောက်ပွဲကို မဲပေးကြမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၅၀၀၀၀ ဖွင့်လှစ်ထားသည်။

မြို့တော်ဘဂ္ဂဒက်၌ လုံခြုံရေးတင်းကျပ်လျက်ရှိပြီး မဲရုံများကို ရဟတ်ယာဉ်များဖြင့်ပါ ကင်းလှည့်ဆောင်ရွက်လျက်ရှိသည်။ လေဆိပ်နှင့် အဓိကလမ်းမကြီးများကို ယာယီပိတ်ထားသည်။ **(ဘီဘီစီ)**

သတင်းထောက်များလုံခြုံရေးအတွက် အားနည်းချက်များရှိနေသည်ဟု နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကဆို

ကရာချိ ဧပြီ ၃၀

ပါကစ္စတန်အာဏာပိုင်များကို သတင်းထောက်များ လုံခြုံရေးအတွက် အားနည်းချက်များရှိနေကြောင်း နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အုပ်စုကဆိုသည်ဟု သတင်းဖော်ပြချက်အရ သိရသည်။

၄င်းဖော်ပြချက်တွင် ၂၀၀၈ ခုနှစ် စစ်ဘက်ဆိုင်ရာဥပဒေ ရုပ်သိမ်းပြီးနောက် သတင်းထောက် ၃၄ ဦး အသက်ဆုံးရှုံးခဲ့ရပုံ အသေးစိတ်ကို ဖော်ပြခဲ့သည်။ ၄င်းတို့အနက် ဘာလိုချက်စတန်ပြည်နယ် သောင်းကျန်းသူ အရေးအခင်းတွင် ၁၃ ဦး၊ တာလီဘန်အခြေစိုက်နေရာတွင် ကိုးဦးသေဆုံးခဲ့ရသည်။

ပါကစ္စတန်နိုင်ငံသည် သတင်းထောက်များအတွက် ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း သတင်းထောက်များ ကာကွယ်ပေးရေးကော်မတီက ပြောခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ အကောင်းဆုံးရုပ်မြင်သံကြား အစီအစဉ်ကြေညာသူတစ်ဦးဖြစ်သည့် ဟာမစ်မာရီသည်လည်း အသက်နှင့်ရင်း၍ သတင်းများ ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ဖော်ပြခဲ့သည်။

၄င်းအုပ်စုသည် သတင်းထောက်များကို တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ပါကစ္စတန်ထောက်လှမ်းရေး အေဂျင်စီကို ထောက်လှမ်းမှုများ ပြုလုပ်ရာတွင် တိုက်ခိုက်ခံခဲ့ရသည်ဟု ပြောသည်။

၄င်းအေဂျင်စီက လုံခြုံရေး (သို့မဟုတ်) စစ်တပ်နှင့် တာလီဘန်အရေးကိစ္စများကဲ့သို့ နိုင်ငံ၏ ထိပ်တန်းလျှို့ဝှက်ချက်များ ဆွေးနွေးရာတွင် ထောက်လှမ်းမှုများပြုလုပ်ပါက တိုက်ခိုက်ခံရမှု ဖြစ်ပွားနိုင်သည်ဟု ဆိုသည်။

သတင်းထောက်များကို ဖုန်းခေါ်ဆို၍ခြိမ်းခြောက်ခြင်း၊ သိသိသာသာ အနှောင့်အယှက်များပေးခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်လုပ်ကြံခြင်းဖြင့် စနစ်တကျအစီအစဉ်များရေးဆွဲ၍ အနှောင့်အယှက်များပေးခဲ့သည်ဟု ၄င်းအဖွဲ့က စွပ်စွဲချက်ကို အာဏာပိုင်များက ငြင်းဆိုခဲ့သည်။ အင်အားကြီးနိုင်ငံရေးအုပ်စုများ၊ တာလီဘန်များနှင့် လူမျိုးစုလက်နက်ကိုင်အုပ်စုများကဲ့သို့ တခြားအဖွဲ့အစည်းများကလည်း သတင်းထောက်များကို ဦးတည်တိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သည့်မတ်လက ပါကစ္စတန်ဝန်ကြီးချုပ်က သတင်းထောက်များ လုံခြုံရေးကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးမည်ဆိုသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း အာရှပစိဖိတ် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေးဗစ်ဂရက်ဖ်က ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

သတင်းထောက် ဟာမစ်မာရီသေဆုံးမှုနှင့်ပတ်သက်၍ ဂျာနယ်လစ်များ မခံမရပ်နိုင်ဖြစ်နေကြစဉ်။

ယူကရိန်းပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန် ကုလသမဂ္ဂ တရုတ်သံတမန်က တိုက်တွန်း

ဂျီနီဗာ ဧပြီ ၃၀

ဂျီနီဗာသဘောတူညီမှုကို ထိရောက်စွာဖော်ဆောင်ရန်နှင့် ယူကရိန်းပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းမှုအတွက် တွန်းအားပေးဆောင်ရွက်ကြရန် ယူကရိန်းအရေးပါဝင်သောနိုင်ငံများအား တရုတ်ဘက်မှ တိုက်တွန်းပြောကြားလိုက်ကြောင်း တရုတ်သံတမန်က ကုလသမဂ္ဂသို့ ပြောကြားခဲ့သည်။

ဧပြီ ၁၇ ရက်က သဘောတူညီခဲ့သော ဂျီနီဗာသဘောတူညီမှုတွင် ကုလသမဂ္ဂ၊ ရုရှား၊ ယူကရိန်းနှင့်ဥရောပသမဂ္ဂခေါင်းဆောင်များ ပါဝင်ထားကြပြီး ဥရောပနိုင်ငံအရှေ့ပိုင်းတွင် ပဋိပက္ခများ ချက်ချင်းရပ်စဲရေးနှင့် ၄င်းဒေသများတွင် တင်းမာမှုများလျော့ကျစေရေး လက်တွေ့ဖော်ဆောင်သွားရန် တိုက်တွန်းဆော်ဩထားသည်။

ပါဝင်သူများအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၏ ပုံရိပ်ကောင်းကို ဆက်လက်ထိန်းထားနိုင်ရေးစိုးရိမ်မှုရှိကြမည်ဟု တရုတ်နိုင်ငံအနေဖြင့် မျှော်လင့်ပါကြောင်း တရုတ်သံတမန်က ပြောကြားသည်။

ယူကရိန်းအရေး အခြေခံရင်းမြစ်မှစကာ ကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးမျိုးသော လူမျိုးများ၊ ဘာသာရေးလူမျိုးစုများ၏ တောင်းဆိုမှုများနှင့် အခွင့်အရေးများအပါအဝင် လတ်တလောအခြေအနေနှင့်သမိုင်းစဉ်တစ်လျှောက် အချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ၄င်းသံတမန်က ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ဆွေးနွေးပွဲသဘောတူညီမှုများ ဖော်ဆောင်ရာနှင့် ပြေလည်မှုရရှိရေးဆောင်ရွက်ရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်မည်ဟုလည်း ဆိုထားသည်။ **(ဆင်ဟွာ)**

အမေဇုန်မြစ်အတွင်းက ဂြိုဟ်တုအစိတ်အပိုင်း

ဘရာဇီးငါးဖမ်းသမားတစ်ဦးက အမေဇုန်မြစ်အတွင်းဂြိုဟ်တုအပိုင်းအစ တွေ့ရှိ

ဘရာစီးလီးယား ဧပြီ ၃၀

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်း၌ ရေလုပ်သားတစ်ဦးက ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်သည့် ကြီးမားသောဂြိုဟ်တုအစိတ်အပိုင်းတစ်ခုကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ ရေလုပ်သားက ဆာလင်နိုပိုလစ်မြူနီစီပယ်ရှိ အမေဇုန်မြစ်အတွင်း မျောပါနေသောသတ္တုအပိုင်းအစကိုတွေ့ခဲ့ရသည်ဟုဆိုသည်။ ယင်းဂြိုဟ်တုအပိုင်းအစသည် ဇူလိုင်လက အိမ်နီးချင်း ပြင်သစ်ဂိုင်ယာနာကော်ရိုးအခြေစိုက်စခန်းမှ လွှတ်တင်ခဲ့သောဂြိုဟ်တုမှ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ယင်းအစိတ်အပိုင်းပေါ်တွင် ယူကေအာကာသအေဂျင်စီနှင့် အာရီယန်အာကာသယာဉ်တို့၏ တံဆိပ်ပါရှိသည်ဟု ဥရောပဂြိုဟ်တုကုမ္ပဏီက အတည်ပြုပြောကြားသည်။ ယင်းဂြိုဟ်တုအစိတ်အပိုင်းသည် ပြီးခဲ့သည့်နှစ်က လွှတ်တင်ခဲ့သော ဥရောပ၏အကြီးဆုံးဆက်သွယ်ရေးဂြိုဟ်တု၏ အစိတ်အပိုင်းဖြစ်ကြောင်း ယူကေအာကာသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး ဂျူလီယာရှော့စ်ကပြောသည်။

၄င်းဂြိုဟ်တုအစိတ်အပိုင်းကို မြစ်အတွင်းမှရေလုပ်သားများက ဆယ်ယူခဲ့ရကြောင်း၊ ဒေသတာဝန်ရှိသူများက ယူကေသို့ ယင်းအစိတ်အပိုင်းကို ပြန်လာယူရန်ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။ **(ဘီဘီစီ)**

ရုရှားနိုင်ငံလက်နက်ဂိုဒေါင်တစ်လုံး မီးလောင်မှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

မော်စကို ဧပြီ ၃၀

ရုရှားနိုင်ငံအရှေ့ပိုင်း ဆိုက်ဘေးရီးယားရှိ လက်နက်များသိုလှောင်ထားသော ဂိုဒေါင်မှ လူ ၁၀ ဦးခန့်သည် မီးလောင်ပေါက်ကွဲမှုတစ်ခုကြောင့် သေဆုံးခဲ့ရကြောင်းနှင့် ၄င်းဒေသရှိ ထရန်စ်ဘာရီယမ် ရထားလမ်းပိုင်းကို လုံခြုံရေးအရ ခေတ္တပိတ်ထားရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယနေ့နံနက်အစောပိုင်းက ထရပ်ကားတစ်စီးပေါ်တွင် အလောင်း ၁၀ လောင်းတွေ့ရှိရကြောင်းနှင့် ညဘက် ကောင်းကင်ယံတွင် မီးခိုးလုံးများမည်းတက်လာပြီး အနီရောင်အဖြစ်ပြောင်းလဲပုံမြင်ကွင်းဓာတ်ပုံများကို တွေ့ရကြောင်း ယင်းဝန်ကြီးဌာနပြောခွင့်ရသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါမီးလောင်မှုသည် မော်စကိုမြို့ အရှေ့တောင်ပိုင်း မိုင် ၃၀၀၀ ကျော်အကွာရှိ ကျေးရွာတစ်ရွာအနီး ဂိုဒေါင်သည် အနီးအနားရှိ တောမီးမှတစ်ဆင့် အင်္ဂါနေ့က ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဒေသခံလူဦးရေ ၁၀၀၀ကျော်တို့ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်ဟု အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ဆိုသည်။

မီးလောင်မှုအတောအတွင်း ၁၇ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ မီးလောင်မှုကြောင့် ယင်းဒေသရှိ ရထားလမ်းပိုင်းကို လုံခြုံရေးကြောင့် ယာယီပိတ်ထားခဲ့ရသည်ဟုဆိုသည်။ အဆိုပါ ထရန်စ်ဘာရီယမ်ရထားလမ်းပိုင်းသည် ရုရှားအနောက်ပိုင်းဒေသများနှင့် ရုရှားအရှေ့ပိုင်းဆိပ်ကမ်းများသို့ ကူးလူးဆက်သွယ်ပေးထားသော လမ်းဖြစ်သည်။

(အမ်အင်န်အေ၊ရိုက်တာ)

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ်
ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှ မေလ (၄)ရက်နေ့အထိ

၂၀၁၄ ခုနှစ်
ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲ
ပြင်ဦးလွင်စခန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့မှ မေလ(၂)ရက်နေ့အထိ

✻ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မမျှော်လင့်ဘဲ ဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချပြီး ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဟူသည့် အဆင့်(၄)ဆင့် ပါဝင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်ကို အရည်အသွေးမီထူထောင်လျက် တစ်မျိုးသားလုံးနိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအပါအဝင် ဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးခြင်း၊ အိုးအိမ်နှင့်အသက်မွေးမှုလုပ်ငန်းများ၊ သီးနှံရိက္ခာများ၊ စားဝတ်နေရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်ဆုံးရှုံးခြင်းများ စသည့်ချက်ချင်းလတ်တလောဆုံးရှုံးမှုများအပြင် အသက်မွေးမှုလုပ်ငန်းအခြေခံများပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ထိခိုက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးအစရှိသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေ၏သဘာဝများပျက်စီးခြင်း၊ သောက်သုံးရေ၏အခြေခံများ ပျက်စီးခြင်း၊ ကူးစက်ရောဂါများပျံ့နှံ့ခြင်းစသည့် ကာလအတန်ကြာထိခိုက်မှုများကိုပါ ဖြစ်ပေါ်စေပါကြောင်း။

ပျက်စီးဆုံးရှုံးမှုအတိုင်းအတာသည်-(က) သဘာဝဘေးဒဏ်ခံရသော ဒေသ၏ပျော့ကွက်၊ အားနည်းချက်များရှိနေမှုအတိုင်းအတာနှင့် လူနေမှုအစိပ်အကျဲ၊ (ခ) ကြိုတင်စီမံပြင်ဆင်ထားမှုအခြေအနေ၊ (ဂ) ကျရောက်သော သဘာဝဘေးအမျိုးအစားနှင့်ပြင်းအားအတိုင်းအဆဟူသည့် အချက် (၃)ချက်အပေါ် မူတည်ပါကြောင်း။

အကောင်းဆုံးသင်ခန်းစာဖော်ထုတ်

ဤအချက်(၃)ချက်အနက် တတိယအချက်ကို မိမိတို့ဖန်တီးပြုပြင်နိုင်မည် မဟုတ်သော်လည်း ပထမနှင့်ဒုတိယအချက်များဖြစ်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် မိမိတို့ပါဝင်ရသည့်အခန်းကဏ္ဍကို လူထုက သိရှိနားလည်ပြီး နိုးကြားစွာ ပါဝင်ပူးပေါင်းမှုဖြင့် ကြိုတင်မျှော်တွေးပြင်ဆင်ခြင်းများကိုမူ သုံးသပ်လေ့လာမှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ အသိပညာကြွယ်ဝမှု၊ လုံ့လဝီရိယရှိမှုတို့ဖြင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ကျရောက်မှုဖြစ်စဉ်များနှင့် အတွေ့အကြုံများမှ အကောင်းဆုံးသင်ခန်းစာဖော်ထုတ်လျက် မိမိတို့နိုင်ငံတစ်ဝန်းဒေသအလိုက် ရေမြေသဘာဝနှင့် ကိုက်ညီသည့်အစီအမံများ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

သဘာဝဘေးခံရသည့်ဒေသ၏ အကျယ်အဝန်းနှင့်ပျက်စီးဆုံးရှုံးမှုပမာဏအရ အခြေအနေနှစ်မျိုးဖြင့် ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ပထမအခြေအနေမှာသဘာဝဘေးကျရောက်မှု အရွယ်အစားများအရ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့အနေဖြင့် အဓိကအခန်းကဏ္ဍမှ ဖြေရှင်းဆောင်ရွက်နိုင်ပြီး ဗဟိုမှပံ့ပိုးကူညီမှုသာ ဆောင်ရွက်ပေးရသည့် အခြေအနေနှင့် ဒုတိယအခြေအနေမှာ သဘာဝဘေးကျရောက်မှုအရွယ်အစားကြီးမားပြီး ပျက်စီးဆုံးရှုံးမှုများပြားသဖြင့် ဗဟိုကအဓိကအခန်းကဏ္ဍမှ တာဝန်ယူ စီမံကွပ်ကဲလုပ်ကိုင်ရလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပံ့ပိုးကူညီမှုသာ ဆောင်ရွက်ရသည့်အခြေအနေတို့ပင် ဖြစ်ကြောင်း။

ယင်းအခြေအနေနှစ်မျိုးအတွက် မျှော်မှန်းလျက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးသည်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ယင်း၏လက်အောက်ခံဌာနများသည်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသည်လည်းကောင်း၊ မြို့နယ်အသီးသီးသည်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာနှင့် အောက်ခြေအဖွဲ့အစည်းများသည်လည်းကောင်း၊ မိမိတို့ရေးဆွဲထားသည့်စီမံချက်များစံပြုလုပ်ငန်းစည်းမျဉ်းများအတိုင်း လုပ်ဆောင်သွားကြရန်လိုအပ်ပါကြောင်း။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အလုံးစုံပါဝင်ခြင်း၊ တီထွင်တိုးတက်မှုရှိခြင်း၊ ဘေးဖြစ်နိုင်ခြေပေါ်မူတည်ခြင်း၊ ပေါင်းစည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိခြင်းဟူသောဥပဒေသများကို အခြေခံဖော်ဆောင်သွားရန်ဖြစ်ပါကြောင်း။

အန္တရာယ်ဖြစ်ပွားမှုလျော့ပါးရေးနှင့်ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ခြင်းအပိုင်းတွင် ဘေးအန္တရာယ်အမျိုးအစားအလိုက် ကျရောက်နိုင်သောဒေသများကိုဖော်ထုတ်ခြင်း၊ ကျရောက်နိုင်သည့်သဘာဝဘေး၏အတိုင်းအဆ၊ သဘာဝဘေးကျရောက်သောဒေသ၏ လူမှုစီးပွားဘဝအခြေအနေနှင့်အားနည်းပျော့ကွက်များပါ ဖော်ထုတ်လေ့လာပြီး ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများကိုပါ တစ်ပါတည်းဦးစားပေးအဆင့်လိုက် အလေးထားထည့်သွင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ကြိုတင်ပြင်ဆင်ခြင်းအပိုင်းတွင် ကြိုတင်သတိပေးစနစ်များသတ်မှတ်ခြင်း၊ အချင်းချင်းဆက်သွယ်ရန်သတ်မှတ်ထားသော ဆက်သွယ်မှုစနစ်များသတ်မှတ်ထူထောင်ပေးခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍မီဒီယာများမှ လူထုအားအသိပေးခြင်း၊ အန္တရာယ်ကင်းလွတ်ရာသို့ ကယ်ဆယ်ရွှေ့ထုတ်ရေးအတွက် စီမံချက်ရေးဆွဲလေ့ကျင့်ထားခြင်း၊ အရေးပေါ်ကာလအတွက်လိုအပ်မည့်ရိက္ခာ၊ ရေ၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းအစရှိသည်များအား တတ်နိုင်သမျှ အသင့်သိုလှောင်ထားခြင်း၊ မသိုလှောင်ထားနိုင်ပါကလည်း ရနိုင်သောနေရာများနှင့် သယ်ယူပို့ဆောင်နိုင်မည့်အစီအစဉ်များ သတ်မှတ်ထားခြင်း၊ အရေးပေါ်ကာလကွပ်ကဲမှုအဖွဲ့များအား ကြိုတင်ဖွဲ့စည်းလေ့ကျင့်ထားခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

အရေးပေါ်တုံ့ပြန်ခြင်းအပိုင်းတွင် ရှာဖွေကယ်ဆယ်ရေး၊ အသက်ရှင်ကျန်ရစ်သူတွေ ဆက်လက်အသက်ရှင်သန်စေရန်အတွက် အမိုးအကာအောက်အမြန်ဆုံးရောက်ရှိပြီး နွေးထွေးလုံခြုံသည့် စောင့်ရှောက်မှုရရှိစေရေး၊ အရေးပေါ်ထောက်ပံ့ရေး၊ စားဝတ်နေရေးအတွက် လိုအပ်ချက်များနှင့်အညီ ကူညီထောက်ပံ့မှုပြုရေးတို့ကို ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း။

ဘေးသင့်ပြည်သူများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံပြည့်ဝသည့် အခြေအနေရရှိပြီဆိုပါက ၎င်းတို့အတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့်ဘဝ ရရှိစေရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးအပိုင်းတွင် ရည်မှန်းချက်တာဝန်အလိုက် ဆောင်ရွက်သွားရမည့် အဖွဲ့အစည်း၊ ၎င်းတွင်ပါဝင်မည့် ပုဂ္ဂိုလ်များနှင့် တစ်ဦးချင်းတာဝန်၊ ဆက်သွယ်မှုစနစ်၊ အုပ်ချုပ်ထောက်ပံ့မှုပိုင်းဆိုင်ရာ တာဝန်သတ်မှတ်ချက်များ၊ အဆင့်ဆင့်ကွပ်ကဲရမည့် တာဝန်ရှိပုဂ္ဂိုလ်များ စသည်တို့ပါဝင်ရမည်ဖြစ်ပြီး အခါအားလျော်စွာ လက်တွေ့စုဖွဲ့လေ့ကျင့်ရမည့်အစီအမံများလည်း ပါရှိရမည်ဖြစ်ပါကြောင်း။

သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ အသုံးပြုနိုင်မည့် ပစ္စည်းကိရိယာများကို ဖော်ထုတ်သိရှိထားပြီး လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရမှာဖြစ်ပါကြောင်း၊ မိမိတို့၏ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့် စွမ်းအားစုများကို အမြဲအဆင်သင့်ဖြစ်နေစေရန် လိုအပ်ချက်တွေရှိပါကလည်း ဖြည့်ဆည်းဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ အရေးကြီးလျှင် သွေးနီးတတ်သည့် ညီညွတ်ရေးစိတ်ဓာတ်၊ ဘေးဒုက္ခရောက်သူကို ကူညီပေးချင်သော လူမှုရေးစိတ်ဓာတ်များကို လှုံ့ဆော်ပေးပြီး လူထုအားကို စုစည်းရယူဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း။

ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသအတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်သဖြင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့၏လိုအပ်ချက်များကို တင်ပြဆောင်ရွက်ရန် ဖြစ်ကြောင်း။

ဘေးဖြစ်သည့်ဒေသမှာ အုပ်ချုပ်ရေးယန္တရားမပျက်ပြား၊ မထိခိုက်စေရေးအတွက် အရန်အုပ်ချုပ်ရေးစနစ်ကိုလည်း စီမံထားရှိပြီး ဘေးသင့်ဒေသ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဘေးသင့်ပြည်သူများလက်ဝယ်သို့ မှန်မှန်ကန်ကန်ရောက်ရှိစေရေးနှင့် အသုံးတည့်စေရန်အတွက်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းစီမံပေးရန်လိုပါကြောင်း။

မိမိတို့အစိုးရအဖွဲ့စတင်တာဝန်ယူစဉ် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ်ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့်အစီအမံများကို ပြန်လည်သုံးသပ်ကာ ပြင်ဆင်ဆောင်ရွက်နိုင်ရန် ထည့်သွင်းမိန့်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR) ကို ၂၀၁၂ ခုနှစ် ဇွန်လမှာနိုင်ငံတော်အစိုးရကအတည်ပြုပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအတွင်း ထိရောက်သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဥပဒေ (Disaster Management Law) ကိုလည်း ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ဆက်လက်ရေးဆွဲလျက်ရှိရာ အမြန်ဆုံးထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချိန်တွင် သဘာဝဘေးအန္တရာယ်များကြောင့် “လှေလှော်ရင်း တက်ကျိုး” ဆိုသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးထိခိုက်မှုမရှိရအောင် စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစက်ဝန်းပါ အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချခြင်း၊ ကြိုတင်အသင့်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဟူသည့် အဆင့်(၄)ဆင့်အတိုင်း ကောင်းစွာကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်မှုလျော့နည်းပြီး ထောက်ပံ့မှုများလည်း မြန်ဆန်ထိရောက်မှာဖြစ်သကဲ့သို့ ဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အချိတ်အဆက်မိမိဖြင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အစည်းအဝေးတက်ရောက်လာကြသည့်သူများ အနေဖြင့် ရှေ့ဆက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး မိမိတို့၏ လုပ်ငန်းအတွေ့အကြုံ၊ အသိအမြင်များနှင့်အတူ ရှုထောင့်စုံက တင်ပြဆွေးနွေးပေးကြပါရန်နှင့် တင်ပြဆွေးနွေးချက်များအပေါ်မူတည်ပြီး ချမှတ်ပေးအပ်ခံရသည့် တာဝန်များကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ ဒေသတွင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်၊ သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ်အဆင့်နှင့် ကျရောက်ပြီးအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲခြားထားပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ လျော့ပါးသက်သာစေရေးလုပ်ငန်းများ၊ ရပ်ရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အလှည့်ကျ ဖွင့်လှစ်ဆောင်ရွက်ပေးနေပါကြောင်း၊ လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသည့် ဖွံ့ဖြိုးမှုအရှိန်အဟုန်များကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့်နိုင်ငံဖြစ်လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူနှင့်တစ်သားတည်းပူးပေါင်းပြီး ဘက်စုံ၊ ကဏ္ဍစုံ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီဝင် ဝန်ကြီးများက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၌ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် ၈၃၉ နေ ဒေါ်စန်းစန်းမြင့် ၁၂/မဂတ(နိုင်)၀၆၉၀၂၉ ကိုင်ဆောင်သူ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၅၃)ရပ်ကွက်၊ အမှတ် ၁၈၆၃ ဟု ခေါ်တွင်သော အလျားပေ ၄၀×အနံပေ ၆၀ရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အထက်ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးမင်း LL.B အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၈၀၉၃၄၇၀

ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ဟိုတယ်ဇုန်(၄)တွင် မြေကွက်ရရှိထားသူများ သိရှိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဟိုတယ်ဇုန် ၄တွင် ၂၀၀၀ ပြည့်နှစ်မှစ၍ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်များချထားပေးခဲ့ရာ မြေကွက်ရယူထားသူအချို့သည် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ဆောက်လုပ်ခြင်းမရှိသော မြေကွက်များအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပြီး ဖြစ်ပါသည်။

၁၀-၅-၂၀၁၄ ရက်မှစ၍ ဆောင်ရွက်ခြင်းမရှိသောမြေကွက်များအား မြေပေးမိန့်ပယ်ဖျက်ခြင်း၊ မြေငှားဂရန်ချထားပြီးဖြစ်ပါကလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ဆောင်ရွက်ခြင်းမရှိသောမြေကွက်များ၏ ပေးသွင်းထားသည့်ငွေများအား ၂၀-၅-၂၀၁၄ ရက်နောက်ဆုံးထား လာရောက်ထုတ်ယူရန် အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြည့်စုံဖြိုး ၁၀/မလမ(နိုင်)၁၉၈၉၄၃၏ Passport No-664124 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၅၉၂၈၆၅၅**

ဆောင်းပါး

တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပြောင်းလဲကျင့်သုံးလာသည့် နိုင်ငံတကာအယူအဆများ

ဇော်ဝင်း

နိုင်ငံတော်အစိုးရသည် ပြည်သူအများစု၏ တူညီသော အဓိကလိုအင်ဆန္ဒကြီး(၂)ရပ်ဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် နေ့စဉ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အေးချမ်းစွာရရှိနိုင်ရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးပြုပြင်ပြောင်းလဲမှုတို့ကို တည်ငြိမ်လျင်မြန်စွာဖြင့် ပြောင်းလဲနိုင်ရန်ဖော်ဆောင်လျက်ရှိသည်။ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံသားများနှင့် နိုင်ငံတကာအသိုက်အဝန်းတို့က အသိအမှတ်ပြုအားပေးကြိုဆိုခဲ့ကြပြီး ဝိုင်းဝန်းပံ့ပိုးကူညီမှုများကြောင့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးကို အခြေခံသည့်နိုင်ငံစီးပွားဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တည်ငြိမ်ညင်သာစွာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။

ဒီမိုကရေစီထွန်းသစ်စနိုင်ငံ အများစုတို့အတွက် မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားခြင်းသည် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်သဖြင့် ထိုအခြေအနေမျိုးသို့ မရောက်ရှိစေရေး မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို မူဝါဒများချမှတ်၍ ကြိုတင်ကာကွယ်ရန် အရေးကြီးလိုအပ်ကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှုများအပါအဝင် အမျိုးစုံသောမှုခင်းများကြောင့် ကြေကွဲဖွယ်ရာအသက်ဆုံးရှုံးမှုများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များကို ဖြစ်စေသည်သာမက နိုင်ငံသားတို့၏ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း ထိခိုက်ပျက်စီးစေကာ တည်ငြိမ်သောဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ကြီးမားသောအခက်အခဲများကို ဖြစ်ပေါ်စေတတ်သည်။ တစ်ချိန်တည်းမှာပင် ပြစ်မှု၏သားကောင်များဖြစ်ရရှာသော ပြည်သူအချို့အဖို့မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှစွာရယူနိုင်ခြင်းမှ ဆုံးရှုံးစေသည့်အပြင် လွတ်လပ်စွာရှင်သန်မှုနှင့် အခွင့်အရေးများကိုလည်း လက်လွှတ်လိုက်ရပေတော့သည်။

ကမ္ဘာ့နိုင်ငံများ၏ မတူကွဲပြားသော မှုခင်းဖြစ်စဉ်များကိုဖြေရှင်းရာ၌ **ပြောင်းလဲလာသည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများ**အပေါ် အခြေခံ၍ထိုနိုင်ငံအစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်သည့်အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ထိုနိုင်ငံသားများအားလုံးတို့ ပူးပေါင်းဆောင်ရွက်ကြသည့် အခြေအနေသို့ ပြောင်းလဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

အကျုံးဝင်သောအချက်အလက်များ ပြည့်ပြည့်စုံစုံထည့်သွင်းသုံးသပ်လျက်စီစဉ်ရေးဆွဲထားသော မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည် မှုခင်းနှင့် မှုခင်း၏သားကောင်ဖြစ်ရခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရုံသာမက ပြည်သူတို့၏ ဘေးကင်းလုံခြုံမှုကို မြင့်မားစေလျက် စဉ်ဆက်မပြတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အကူပေးနိုင်ပေသည်။ ထိရောက်ပြီး တာဝန်ယူမှုရှိသော မှုခင်းကာကွယ်တားဆီးမှုသည် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ဖြည့်ဆည်းပေးနိုင်သည်။

မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများနှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း အဓိကပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ၎င်းမှာ **မှုခင်းကြိုတင်ကာကွယ်ရေးသည် ထိုနိုင်ငံ၏ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်ဟူသော ရှေးရိုးစွဲလက်ခံယုံကြည်မှုမှ ကဏ္ဍပေါင်းစုံဖြင့် စုပေါင်းလုပ်ဆောင်ရန် တာဝန်ရှိသည်ဟူသော အမြင်သဘောသို့ပြောင်းလဲလာခြင်း**ဖြစ်သည်။

အကြမ်းဖက်မှုအပါအဝင် မှုခင်းများဖြစ်ပေါ်မှုကို တိုးမြှင့်စေခြင်းနှင့် လျော့ကျစေခြင်း၏ အဓိကအကြောင်းအချက်များသည် လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် နီးကပ်စွာ အစဉ်သဖြင့် ဆက်နွှယ်နေလျက်ရှိပေသည်။ နိုင်ငံအစိုးရနှင့် အာဏာပိုင်အဆင့်ဆင့်တို့သည် မိမိပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တစ်ခုတည်းပေါ်တွင်သာ မှီခိုအားကိုးနေရန်မဖြစ်သင့်တော့ကြောင်း တွေ့ရှိလာရသည်။ မှုခင်းများနှင့် မှုခင်း၏သားကောင်ဖြစ်ရခြင်းတို့အတွက် ဖြစ်သည့်အချိန်တွင်မှ တုံ့ပြန်ဆောင်ရွက်ရခြင်းထက် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် အိုးအိမ်နေရာ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဝန်ဆောင်မှုများ စသည့်ကိစ္စရပ်များတွင် တာဝန်ရှိသည့်အစိုးရဌာနများက ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်၍ မှုခင်းဆိုင်ရာကြိုတင်ကာကွယ်မှုကို ဆောင်ရွက်ရမည်ဖြစ်သည်။

ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ မူလသဘာဝသည် ပြစ်မှုကျူးလွန်ပြီးမှ အရေးယူဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး မှုခင်းကာကွယ်ရေးမှာမူ မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုပင်ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်ရမှုများ၏ ကုန်ကျစရိတ်များလျော့ကျစေကြောင်းကို လေ့လာတွေ့ရှိချက်များအရ ခိုင်မာစွာသိရှိရသည်။

မှုခင်းဖြစ်ပွားခြင်းကြောင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအတွက် သုံးစွဲရသည့် ကုန်ကျစရိတ်များရှိလာခြင်းနှင့် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုစွမ်းအား ဆုံးရှုံးခြင်းအပြင် ပြစ်မှုကျူးလွန်သူများနှင့် ယင်းတို့၏ မိသားစုဝင်များတွင်လည်း ဘဝရှေ့ရေးမျှော်လင့်ချက်များ မှေးမှိန်စေမည်ဖြစ်သည်။

> **မိမိနိုင်ငံသားများအတွက် တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာပြီး အကြောက်တရားကင်းသော အနာဂတ်ဆီသို့ ဦးတည်နိုင်ရေးဆောင်ရွက်ကြရာတွင် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလနှင့်လျော်ညီသည့် အကြမ်းဖက်မှုများနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေးစီမံချက်ကို ချမှတ်ဖော်ဆောင်ရန်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာ**

ထို့ပြင် ရေရှည်လူမှုစီးပွားကုန်ကျစရိတ်များကို ရပ်တည်ဖြေရှင်းနိုင်ရန်လည်း ဝန်ထုပ်ဝန်ပိုးတစ်ရပ်ရှိလာမည်ဖြစ်ပေသည်။

ခန့်မှန်းတွက်ချက်မှုများအရ ယင်းကုန်ကျစရိတ်များသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကုန်ကျစရိတ်များထက်ပင် ပိုမိုနိုင်ကြောင်း သိရှိရသည်။

လူမှုရေးရာဆောင်ရွက်ချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်စေခြင်း၊ လူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ခြင်း စသည်တို့ကဲ့သို့သော အချိန်မီကြိုတင်ကာကွယ်မှုများကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးသည် မြို့ပြတစ်ခု သို့မဟုတ်နိုင်ငံတစ်ခု၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုံးစွဲမှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ခြင်းပင်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်ကာလတစ်လျှောက်လုံး ပြုလုပ်ခဲ့သော မှုခင်းကြိုတင်ကာကွယ်ရေး အစီအစဉ်များ၏ ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးဆိုင်ရာ လေ့လာချက်များအရ ကြိုတင်ကာကွယ်မှု အစီအစဉ်များသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေး ကုန်ကျစရိတ်များကို လျော့ကျစေသည့်အပြင် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ပိုမိုလျော့ကျစေသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေသည်။

မှုခင်းကြိုတင်ကာကွယ်ရေး၏ သဘောတရားသည် အမျိုးမျိုးသော အကြောင်းရင်းခံများ၏ တွန်းပို့မှုကြောင့် မှုခင်းနှင့် မှုခင်း၏သားကောင်ဖြစ်ရသည်ဟူသော အယူအဆကို အခြေခံထားသည်။ အဆိုပါ မှုခင်းဖြစ်စေနိုင်သည့် အခြေခံဆိုးကျိုး သက်ရောက်မှုများမှာ ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံအဆင့်၊ လူတစ်ဦးချင်းအဆင့်ဟူ၍ ခွဲခြားလျက်တည်ရှိနေသည်။

လူအုပ်စုလိုက် ရွှေ့ပြောင်းမှုများ၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာစေသည့် မြို့ပြတည်ဆောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကပ်ဆိုးများ၊ သဘာဝဘေးအန္တရာယ်ကပ်ဆိုးများ၊ ကုန်သွယ်မှုနှင့် ဆက်သွယ်ရေးပုံစံပြောင်းလဲမှုများ စသည်တို့ကြောင့် နိုင်ငံနှင့်ဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာ ဆိုးရွားသော အကျိုးဆက်များဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။ အဆိုပါကိစ္စရပ်များကြောင့် နိုင်ငံတစ်ခု သို့မဟုတ် ဒေသတစ်ခု၏ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများနှင့် အုပ်ချုပ်ရေးစွမ်းဆောင်ရည်ကိုပါ အကျိုးသက်ရောက်စေနိုင်သည်။

နိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆင်းရဲချမ်းသာကွာဟမှု၊ မိသားစုဝင်ငွေကွာဟမှု၊ အမျိုးမျိုးသော အကျင့်ပျက်ခြစားမှု၊ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းတို့၏ အရည်အသွေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုပုံစံများကွဲပြားမှု စသည်တို့သည် နိုင်ငံအဆင့်တွင် မှုခင်းနှင့် မှုခင်း၏သားကောင်ဖြစ်ပွားမှုတိုးပွားစေသော အခြေအနေများကို ဖန်တီးနိုင်သည်။

ပြည့်စုံလုံလောက်မှုမရှိသော လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံ ဘဏ္ဍာငွေကြေးနှင့် အုပ်ချုပ်မှုအာဏာ၊ ဆင်းရဲနွမ်းပါးသော အိုးအိမ်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ချို့တဲ့မှု သို့မဟုတ် ကင်းမဲ့မှု၊ အလုပ်လက်မဲ့နှုန်းမြင့်မားမှုနှင့် မူးယစ်ဆေးဝါးနှင့်လက်နက်များ အလွယ်တကူရရှိနိုင်မှု စသည်တို့သည် ဒေသတွင်းဆိုင်ရာအဆင့်တွင် မှုခင်းဖြစ်ပွားမှုများကို တိုးပွားစေနိုင်သည်။

ရန်မူလိုသည့် အမူအကျင့်များကိုဖြစ်စေသော ငယ်စဉ်ကတွေ့ကြုံခဲ့ရသည့် အကြောင်းအရာများ၊ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခြင်းကဲ့သို့သော မျိုးရိုးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းတရားများသည် လူတစ်ဦးချင်းအဆင့်တွင် ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်မှု၏သားကောင်ဖြစ်ရခြင်းတို့ ဖြစ်စေနိုင်သော အကြောင်းရင်းခံများဖြစ်သည်ကို တွေ့ရှိရသည်။

မိဘတို့၏ ကြမ်းတမ်းသော သို့မဟုတ် လွဲမှားသော အုပ်ထိန်းမှုများကြောင့်ဖြစ်ရသော မိသားစုလက္ခဏာများ၊ မိသားစုပဋိပက္ခနှင့် အကြမ်းဖက်မှုများ၊ ဆင်းရဲနွမ်းပါးမှုနှင့် အထီးကျန်ဆန်မှုကဲ့သို့သော မိသားစုအခြေအနေများ၊ ဥပဒေကိုချိုးဖောက်ပြီး ပြစ်မှုကျူးလွန်တတ်သော အပေါင်းအသင်းများနှင့် ဆက်ဆံမှုများ စသည်တို့သည် လူမှုပေါင်းသင်းဆက်ဆံရေးကြောင့် မှုခင်းဖြစ်ပွားစေနိုင်သော အကြောင်းရင်းခံများဖြစ်သည်။

လူတစ်ဦးချင်းအဆင့်မှသည် ကမ္ဘာလုံးအဆင့်အထိ မှုခင်းအန္တရာယ် ဖြစ်နိုင်ခြေရှိသောအကြောင်းရင်းခံများကို သိရှိခြင်းအားဖြင့် နိုင်ငံအဆင့်မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဦးစားပေးလုပ်ဆောင်ရမည့်နည်းလမ်းများ ရှာဖွေရာတွင် ထိရောက်အောင်မြင်စေမည်ဖြစ်သည်။

မှုခင်းအန္တရာယ်ဖြစ်နိုင်ခြေရှိသော အကြောင်းတရားများကိုအခြေခံ၍ နိုင်ငံတော်အဆင့် မှုခင်းကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဖော်ဆောင်ရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အောက်ပါမူဝါဒသဘောတရား(၈)ရပ်ကို ချမှတ်ထားရှိသည်-

(၁) **နိုင်ငံအစိုးရ၏ ခေါင်းဆောင်မှု။** ထိရောက်၍ လူသားချင်း စာနာထောက်ထားမှုရှိသော မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများ ရေးဆွဲ၍ အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် အားလုံးသော အာဏာပိုင်အဆင့်ဆင့်တို့က ဦးဆောင်ပါဝင်သင့်သည်။

(၂) **လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်ပါဝင်မှု။** မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများကို သုံးသပ်ရာ၌ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့်မြို့ပြစီမံရေး၊ ဆင်းရဲနွမ်းပါးမှု၊ လူမှုဘဝနှိမ့်ချခံရမှုနှင့် ဝိုင်းပယ်ခံရမှုစသည်တို့ကို ကိုင်တွယ်ဖြေရှင်းခြင်း အပါအဝင် သက်ဆိုင်သောလူမှုရေးနှင့်စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အစီအစဉ်များအားလုံးကို ပါဝင်စေသင့်သည်။

(၃) **ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်မှုများ။** ပူးပေါင်းဆောင်ရွက်ခြင်းနှင့်မိတ်ဖက်ဆောင်ရွက်မှုများကို ထိရောက်မှုရှိသော မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစည်းပေးသင့်သည်။ ယင်းတွင် အစိုးရဌာနအချင်းချင်းနှင့် အာဏာပိုင်များအကြား၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စီးပွားရေးကဏ္ဍနှင့် ပြည်သူပြည်သားအားလုံး ပူးပေါင်းပါဝင်သင့်သည်။

(၄) **စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်မှုနှင့် တာဝန်ယူမှု။** မှုခင်းကြိုတင်ကာကွယ်ရေးအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရန်လုပ်ငန်းများနှင့် ဖွဲ့စည်းမှုများဆိုင်ရာ ရန်ပုံငွေရရှိရေးအပါအဝင် ပြည့်စုံလုံလောက်သော အရင်းအမြစ်များ လိုအပ်သည်။ ထို့ပြင် ရန်ပုံငွေသုံးစွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းတို့နှင့် ရည်မှန်းချက်များအောင်မြင်စေရန် ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ ရှိရမည်။

(၅) **အသိအမြင်ဗဟုသုတကို အခြေခံခြင်း။** မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် မှုခင်းပြဿနာများ၊ ယင်းတို့ကိုဖြစ်စေသော အကြောင်းရင်းများ၊ အောင်မြင်မှုရှိခဲ့သည့် အစဉ်အလာနှင့် အတွေ့အကြုံကောင်းများကို အခြေခံ၍ ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှ လေ့လာရေးဆွဲဆောင်ရွက်ရမည်။

(၆) **လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် အလေ့အထကောင်းများ။** မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်အားလုံးသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ မှုခင်းကြိုတင်ကာကွယ်ရေးတွင် ဥပဒေကို လေးစားလိုက်နာတတ်သော အလေ့အထ ထုံးတမ်းစဉ်လာများ သက်ဝင်ကျင့်သုံးလာအောင် မြှင့်တင်ပေးရန် လိုအပ်သည်။

(၇) **အပြန်အလှန်မှီခိုနိုင်ခြင်း။** အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ခြင်းနှင့် ဆန်းစစ်ချက်များတို့ ပြုလုပ်ရာတွင် ဒေသတွင်းမှုခင်းများနှင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ကျူးလွန်သည့် မှုခင်းများအကြား ဆက်နွှယ်မှုများကိုလည်း ထည့်သွင်းသုံးသပ်ရေးဆွဲသင့်သည်။

(၈) **ခွဲခြားသိမြင်ခြင်း။** မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ရေးဆွဲရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွဲပြားသော လိုအပ်ချက်များ၊ လူ့အဖွဲ့အစည်းအတွင်း အားနည်းသူတို့၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒသည် နိုင်ငံတော်လုံခြုံရေးဆိုင်ရာမူဝါဒ၏ အဓိကအစိတ်အပိုင်းဖြစ်သကဲ့သို့ မှုခင်းလျော့ကျရေး၊ မှုခင်းတိုက်ဖျက်ရေး၊ မှုခင်းကြောင့် ဆိုးကျိုးခံရသူများကို အကာအကွယ်နှင့် အကူအညီပေးရေးတို့အတွက် အဓိကအကြောင်းရင်းလည်းဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိမှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုစနစ်တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရေးအဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များကသာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့် တရားစီရင်ရေးစနစ်တို့အပေါ် အားပြုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ ပြောင်းလဲလာသည့် မှုခင်းကြိုတင်ကာကွယ်ရေး အယူအဆများအရ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည်ပေါင်းစည်းရေး၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီး၊ မီဒီယာစသည့် ကဏ္ဍများနှင့် လုံခြုံရေးနှင့်မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် အထောက်အကူဖြစ်စေသည့် မြို့ပြတည်ဆောက်မှုဒီဇိုင်းများကို ပုံဖော်နေသည့် မြို့စည်ပင်သာယာရေးအဖွဲ့နှင့် အိုးအိမ်မြေယာဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့ အကြားတွင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ မှုခင်းဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ၏ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်သဘောတရား (၈)ချက်နှင့်ကိုက်ညီစေပြီး အခြေခံအဆင့်မှ ဗဟိုအဆင့်ထိအဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာပိုင်များသည် ခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်ပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ လူမှုရေးအဖွဲ့အစည်းများအားလုံး ပါဝင်နိုင်သည့် **အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာမူဝါဒ** တစ်ရပ်ရေးဆွဲ၍ ၎င်းကိုအခြေခံလျက် အုပ်ချုပ်မှုအာဏာပိုင်အဆင့်ဆင့်တို့က စီမံချက်များအဆင့်လိုက်ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

မိမိနိုင်ငံသားများအတွက် တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာပြီး အကြောက်တရားကင်းသော အနာဂတ်ဆီသို့ ဦးတည်နိုင်ရေးဆောင်ရွက်ကြရာတွင် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလနှင့်လျော်ညီသည့် **အကြမ်းဖက်မှုများနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေးစီမံချက်** ကိုချမှတ်ဖော်ဆောင်ရန်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာရသည်။

ယနေ့ကာလတွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းများ ဖြစ်လာအောင် ဖန်တီးရာ၌ နိုင်ငံအစိုးရတစ်ရပ်တည်းကသာ တာဝန်ခံဆောင်ရွက်ရန်မှာ များစွာခက်ခဲမည်ဖြစ်သည်။ နိုင်ငံအသီးသီး၏ ကွဲပြားသောအနေအထားတို့အရ မှုခင်းကြိုတင်ကာကွယ်ရေးမူဝါဒများသည်လည်း တူညီနိုင်မည်မဟုတ်ပေ။ မိမိနိုင်ငံ၏ မှုခင်းကြိုတင်တားဆီးကာကွယ်ရေးစနစ်ကို ရေတို၊ ရေရှည်စီမံချက်များချမှတ်၍ ကမ္ဘာ့ခေတ်သစ်ပြောင်းလဲမှုများနှင့်အညီ စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

ကိုးကားသည့်စာအုပ်များ

(၁) Handbook on the Crime prevention Guideline; Making them work. Criminal justice Handbook Series UNODC. 2010

(၂) United Nations Standards and Norms in Crime Prevention at your finger tips. UNODC

ပြည်တွင်းသတင်း

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှုနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Anatoly ANTONOV အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Anatoly ANTONOV နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Vasily Pospelov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ စစ်သံမှူး Col. Dmidry S.GUROV နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှုနှင့် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာတော်သင်များ အပြန်အလှန် စေလွှတ်ရေးနှင့် နှစ်နိုင်ငံတပ်မတော် အဆင့်မြင့် အရာရှိကြီးများ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ပထမနှစ်သင်တန်းများ ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်စစ်ကိုင်း၏ ပထမနှစ်သင်တန်းများဖွင့်လှစ်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စစ်ကိုင်း ဧပြီ ၃၀

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၏ ပထမနှစ်သင်တန်းများ ဖွင့်လှစ်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက်နံနက် ၇ နာရီက ကျောင်းတွင်း ခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများ၊ ခေတ္တကျောင်းအုပ်ကြီးနှင့် သင်ကြား/စီမံ ဝန်ထမ်းများ၊ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်စကားပြောကြားပြီး ကျောင်းသားအိပ်ဆောင်များ၊ စာသင်ဆောင်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်အား ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျောင်းစတင်တည်ဆောက်ခဲ့မှု၊ ပြီးစီးမှုနှင့် ကျောင်းစတင်ဖွင့်လှစ်ခဲ့မှုများကိုလည်းကောင်း၊ ခေတ္တကျောင်းအုပ်ကြီးက ကျောင်းတည်ဆောက်ပြီးစီးမှု၊ ကျောင်းပြောင်းရွှေ့ဖွင့်လှစ်မှု၊ သင်ကြား/စီမံအုပ်ချုပ်မှုကိစ္စရပ်များ၊ ဝန်ထမ်းအိမ်ရာ ပြောင်းရွှေ့နေထိုင်မှုများကို လည်းကောင်း၊ ဌာနမှူး(စာပေ)က ပညာသင်နှစ်အတွင်း ကျောင်းသားများအား Semester အလိုက် သင်ကြားရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ကျောင်းတွင်းစိမ်းလန်းစိုပြည်ရေး၊ ကျောင်းသားများအား ပညာအပြည့်အဝ သင်ကြားပေးနိုင်ရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆက်လက်အဆင်ပြေအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)ကို မန္တလေး-မုံရွာလမ်း မိုင်တိုင်အမှတ် (၂၆) အုန်းတောကျေးရွာအနီး ၅၃ ဒသမ ၆၄ ဧက ကျယ်ဝန်းသော မြေနေရာတွင် တည်ဆောက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပထမနှစ် ဝိဇ္ဇာ၊ သိပ္ပံနှင့် B.Tech သင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှ ကျောင်းသား ၃၇၉ ဦး စတင်တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ***ကျောဖုံးမှ***

(AMRI) ကို နှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေလ ၂၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာမြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း- ၀၆၇- ၇၉၄၄၃ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇- ၄၁၂၂၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညောင်ရွှေမြို့နယ်၌ ကြက်ခြေနီနှင့်ကင်းထောက်လူငယ်သင်တန်းဆင်း

ညောင်ရွှေ ဧပြီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်သင်တန်းဆင်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှက အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းထူးချွန် ပထမဆုရ အမှတ်(၁) အထကမှ မယွန်းအိမွန်အား မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇောလှကလည်းကောင်း၊ ဒုတိယဆုရ ဝင်းကိုအား မြို့နယ်မှူး ဦးကြီးမြင့်ကလည်းကောင်း၊ တတိယဆုရ အမှတ်(၁) အထကမှ မခင်သီရိသော်အား ဒုတိယပညာရေးမှူး ဦးတင်ဇော်ထူးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။**(၀၅၄)**

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ ဆီးကောင်းစေရန် ၊
ခွန်အားသစ်ဖြစ်စေရန် ၊ မှတ်ဉာဏ်ကောင်းစေရန် ၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၀၀ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02

Junction Cineplex
အ ဆင့် မြင့် ရုပ် ရှင် ရုံ
2 . 5 . 2014 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ
Like us on facebook
JunctionCineplex
3D ရသများဖြင့် စိတ်လှုပ်ရှားဖွယ်ကောင်းသော အက်ရှင် ဇာတ်ကားကြီး
စိတ်လှုပ်ရှားဖွယ်ကောင်းသော ထိုင်းဗီညာဉ် ဇာတ်ကားကြီး

Junction Square (Ph - 01 527 055)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
She Devil	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
စေတန်ရဲ့ ကချေသည်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
Captain America(3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
စေတန်ရဲ့ ကချေသည်	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
တောလည်မောတယ် ချစ်မယ်	Mon to Thu	11 AM . 2 PM . 6 : 30 PM
	Fri to Sun	10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM

CLAIMS DAY NOTICE
M.V SHENG SHI VOY:NO (58)

Consignees of cargo carried by M.V SHENG SHI Voy: No. (58) are here by notified that the vessel will arrive on about 03-05-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily **from 08:00 AM to 11:20 AM** and **12:00 NOON to 4:00 PM** to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျိန္တလီမြို့နယ်ခွဲ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျိန္တလီမြို့နယ်ခွဲတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ ငွေဆောင်ကမ်းခြေ၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့်ထွက်ခွာရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် ဂွမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဂွမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် တိပိဋကစက္ခုပါလအဖွဲ့၏ခရီးစဉ်အမှတ် (၁၄) မျက်စိအလင်းအလှူပွဲသို့ရောက်ရှိပြီး ဆေးရုံခွဲစိတ်ခန်းအတွင်း အငြိမ်းစားမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်းဦးစီးသည့် မျက်စိဆရာဝန်များက မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသပေးမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုလွှတ်တော်နာယကက မျက်စိခွဲစိတ်မှု ခံယူပြီးသော လူနာများအား မျက်မှန်များတပ်ဆင်ပေး၍ ဆေးထုပ်များ လိုက်လံပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက မျက်စိအလင်းအလှူပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်မိသားစုက တိပိဋကစက္ခုပါလအဖွဲ့၏ခရီးစဉ်အမှတ်(၁၄) မျက်စိအလင်းအလှူပွဲအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မျက်စိအလင်းအလှူပွဲအကျိုးဆောင် (၁၁)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရခိုင်ဆရာတော် ဘဒ္ဒန္တဣန္ဒပါလက မျက်စိအလင်းအလှူပွဲ အောင်မြင်ဖြစ်မြောက်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်စကားမြွက်ကြားသည်။

ထို့နောက် ဂွမြို့နယ် ဆပ်သွားတိုက်နယ် ကမ်းသာယာကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက နယ်မြေအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဂွမြို့နယ် ရတနာမြိုင်(ကုလားပြင်) အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိရာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဒေသခံပြည်သူတစ်ဦးက ကျောင်းအဆင့်မြှင့်တင်ရေးနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဂွမြို့နယ် ကျိန္တလီမြို့နယ်ခွဲသို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် ဂွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစံရွှေအောင်နှင့် မြို့မိမြို့ဖ ဒေါက်တာမောင်မောင်ကြည်တို့က ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျိန္တလီအခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောကြား

နေပြည်တော် ဧပြီ ၂၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံနှင့် တွဲဖက်လုပ်ကိုင်မှုအဖွဲ့ (The Partnership Group on Myanmar) ပထမအကြိမ် အစည်းအဝေးကို ဧပြီ ၂၅ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီလည်း တက်ရောက်ခဲ့ပြီး ထိုသို့တက်ရောက်ခြင်းသည် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှု၏အကောင်းဘက်သို့ဦးတည်မှုဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကို ထင်ဟပ်နေခြင်းဖြစ်သည်ဟု အဆိုပါအစည်းအဝေး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတက်ရောက်မှုကို အဆိုပါအဖွဲ့က လှိုက်လှဲစွာကြိုဆိုခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး စသည့်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများအပေါ် တညီတညွတ်တည်းထောက်ခံခဲ့ကြသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကိုလည်း ကြိုဆိုခဲ့ကြပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာရန် လိုလားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖြေရှင်းဆောင်ရွက်

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများက ရခိုင်ပြည်နယ်အတွင်း အမုန်းတရားကို ပွားများစေသည့် ထုတ်ဖော်ရေးသားပြောဆိုချက်များအပါအဝင် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော မည်သည့်လှုံ့ဆော်မှုများကိုမဆို နိုင်ငံတော်အစိုးရက ခိုင်မာပြတ်သားစွာ ဖြေရှင်းဆောင်ရွက်သွားရန် တိုက်တွန်းထားသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူသားချင်း စာနာထောက်ထားမှု အခြေအနေအရ ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် နိုင်ငံတကာအဖွဲ့အစည်းများကို တိုးမြှင့်ထားရှိသွားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်ပြုမှုကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ကြသည်။

ထို့ပြင် မကြာသေးမီကပြုလုပ်ခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကိစ္စနှင့်ပတ်သက်သည့်ဖြစ်ရပ်များ၊ စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ကူညီပံ့ပိုးပေး

အထွေထွေအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အချိန်ကာလအတွင်း မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်ဟု အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

တရားသူကြီးများ၊ တရားရေးအရာရှိများ၏အရည်အသွေးမြှင့်တင်ခြင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု ဆွေးနွေး

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး H.E. Mr. Shinsuke OKUNO ခေါင်းဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏လုပ်ငန်းစဉ်များ၊ တရားစီရင်ရေးဆိုင်ရာဥပဒေမူကြမ်းများရေးဆွဲခြင်းနှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၏ အရည်အသွေးမြှင့်တင်ခြင်းစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် တရားသူကြီးများ၊ ဥပဒေအရာရှိ၊ ရှေ့နေများခန့်အပ်ရာတွင် ဆောင်ရွက်သည့် National Bar Exam အကြောင်းများကို မေးမြန်းဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်၊ ဦးမြသိမ်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

စမ်းသပ်ထုတ်လွှင့်နေသည့် မြန်မာ့အသံ FM ရေဒီယိုလိုင်းကို နတ်မောက်မြို့နယ်မှ ဖမ်းယူရရှိ

နတ်မောက် ဧပြီ ၂၀

နိုင်ငံတော်အတွင်းရှိ မိဘပြည်သူများအား ဖျော်ဖြေပေးရန်၊ ပညာပေးရန်၊ ပြန်ကြားပေးရန်အတွက် Electronic Media တစ်ခုဖြစ်သည့် ရေဒီယိုထုတ်လွှင့်မှုများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ရေဒီယိုထုတ်လွှင့်မှုများကို ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့အသံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ သဇင်အသံလွှင့်ဌာန၊ ပုဂ္ဂလိက FM ရေဒီယိုလိုင်းများမှ FM ပုဂံ၊ ပတ္တမြား FM၊ရွှေ FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဥ္စဝတီ FM တို့က ထုတ်လွှင့်လျက်ရှိကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် FM ရေဒီယိုထုတ်လွှင့်မှုများအနက် သဇင် FM ၊ FM ပုဂံ၊ ပတ္တမြား FM၊ ရွှေ FM၊ ချယ်ရီ FM တို့၏ထုတ်လွှင့်မှုများကို ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိကြောင်း၊ မန္တလေး FM နှင့် ပဥ္စဝတီ FM ရေဒီယိုထုတ်လွှင့်မှုများကိုမူ ဖမ်းယူရရှိခြင်းမရှိသေးကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် စမ်းသပ်ထုတ်လွှင့်နေသော မြန်မာ့အသံ FM လိုင်းကို နတ်မောက်မြို့နယ်မှ ဖမ်းယူနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ (၁၂၇)

မိုးလေဝသအခြေအနေ

၂၀-၄-၂၀၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းစေနိုင်သည်။

ပြည်တွင်းသတင်း

✳ *ကျောဖုံးမှ*

ယခုလအတွင်း ကျွန်တော့်အနေဖြင့် နိုင်ငံရေးပါတီ ၆၅ ပါတီအနက် ၆၃ ပါတီမှ ပါတီခေါင်းဆောင်များနဲ့ ရန်ကုန်မြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ပါတီခေါင်းဆောင်များနဲ့ တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပါတယ်။ ပါတီခေါင်းဆောင်များအနေနဲ့ ရရှိတဲ့အချိန်အတွင်း ၎င်းတို့ရဲ့သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်။ တိုင်းပြည်အတွက် တူညီတာတွေကို ပူးပေါင်းလုပ်မယ်၊ မတူတာတွေကို ညှိနှိုင်းဆွေးနွေးရင်းဖြင့် အဖြေရှာသွားကြမယ်ဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုများဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စမှာ ပါတီအသီးသီးအနေနဲ့ စိတ်အားထက်သန်မှုရှိနေတာကို သိရှိခဲ့ရပြီး ပါတီကြီး၊ ပါတီငယ် မခွဲခြားဘဲ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ နိုင်ငံတော်အစိုးရနဲ့အတူ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ထားပါကြောင်း အသိပေးပြောကြားအပ်ပါတယ်။

အရေးကြီးတဲ့ ဆောင်ရွက်ချက်တစ်ခုကတော့ တစ်နိုင်ငံလုံး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ စာတတ်မြောက်မှုသမိုင်းကို ပြန်ကြည့်ရင် ရှေးဘုရင်များလက်ထက်က ဗုဒ္ဓဘာသာမြန်မာဘုန်းတော်ကြီးများရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရဲ့ စာရေးစာဖတ်တတ်မြောက်မှုဟာ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ မြင့်မားခဲ့ပါတယ်။ သို့သော်လည်း သူ့ကျွန်ဘဝမှာ စာတတ်မြောက်မှုနှုန်းဟာ ၃၅ ရာခိုင်နှုန်းအထိ လျော့ကျသွားတာကို ဝမ်းနည်းဖွယ်ရာတွေ့ရှိခဲ့ရပါတယ်။

လွတ်လပ်ရေးမရမီနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရဟန်းရှင်လူပြည်သူများရဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် စာတတ်မြောက်မှုနှုန်း တဖြည်းဖြည်း ပြန်လည်မြင့်မားလာခဲ့ပါတယ်။ အခြေခံစာတတ်မြောက်ရေးဖြစ်တဲ့ စာရေးစာဖတ်အတွက် လူတိုင်းစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်မှာ ရန်ကုန်ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသားလေးဦးက မိတ္ထီလာမြို့နယ်မှာ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။

၁၉၆၅ခုနှစ်နဲ့ ၁၉၆၆ခုနှစ်များမှာ တက္ကသိုလ်ကောလိပ်အသီးသီးတို့မှ လုပ်အားပေးဆရာ ဆရာမများနဲ့ ဖွဲ့စည်းပြီး မြန်မာတစ်နိုင်ငံလုံးရဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြတဲ့အတွက် ၁၉၇၁ ခုနှစ်မှာ ယူနက်စကိုအဖွဲ့က ချီးမြှင့်ခဲ့တဲ့ "မိုဟာမက်ရီဇာပါလာဗီ" ဆု နဲ့ ၁၉၈၃ခုနှစ်မှာ "နိုမာ" ဆုများကို မြန်မာနိုင်ငံမှ ထိုက်ထိုက်တန်တန်ရရှိခဲ့ပါတယ်။

ယခုအခါ ၂၀၁၃ ခုနှစ်က တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေးဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးတို့ဟာ မြို့နယ် ကိုးမြို့နယ်မှာ စာမတတ်သူဦးရေ ၂၂၄၀၇ ဦးကို အခြေခံစာတတ်မြောက်ရေးဆောင်ရွက်ပေးခဲ့ပါတယ်။ ယခု ၂၀၁၄ခုနှစ် ဧပြီလအတွင်းမှာလည်း မြန်မာနိုင်ငံရှိတက္ကသိုလ်အသီးသီးတို့မှ လုပ်အားပေးဆရာ ဆရာမ ၄၀၃ ဦး၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၆၆၄ ဦးတို့ဟာ မြို့နယ် ၂၉ မြို့နယ်မှာ အခြေခံစာမတတ်သူပေါင်း ၄၆၄၇၉ ဦးတို့ကို စာသင်ဝိုင်းများဖွဲ့စည်းပြီး ပညာဒါနအဖြစ် သင်ကြားပေးလျက်ရှိပါတယ်။ အလိမ္မာစာမှာရှိဆိုသလို စာတတ်မြောက်ရေးဟာ အရေးကြီးပါတယ်။ စာတတ်မှသာအမှားအမှန်၊ အကောင်းအဆိုးတို့ကို ဝေဖန်ခွဲခြားပြီး သိနိုင်ကြမှာဖြစ်ပါတယ်။ ကောလာဟလသတင်းများကိုလည်း ချေဖျက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပူပြင်းလှတဲ့နွေရာသီမှာ ကျောင်းပိတ်ရက်အနားမယူကြဘဲ မြန်မာတစ်နိုင်ငံလုံးအခြေခံစာတတ်မြောက်ရေးအတွက် ပညာဒါနပေးလှူနေကြတဲ့ တက္ကသိုလ်အသီးသီးက လုပ်အားပေး ဆရာ ဆရာမများနဲ့ လုပ်အားပေး ကျောင်းသား ကျောင်းသူများကို အထူးပင် ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၄ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကြောင့် အခက်အခဲအနည်းဆုံးနဲ့ အောင်မြင်စွာ ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ စာရင်းများပြုစုခြင်း၊ ထုတ်ပြန်ကြေညာခြင်း စတာတွေကို စီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကြိုးပမ်းတည်ဆောက်နေတဲ့ "ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန်" ဆိုတဲ့ အမျိုးသားရေးဖြစ်စဉ်အတွက် အခြေခံကျတဲ့လုပ်ငန်းစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိလာတဲ့ ကိန်းဂဏန်းအားလုံးကို အပြုသဘောဆောင်တဲ့ အသုံးပြုမှုမျိုးမှာသာ ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအနေနဲ့ ဧပြီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့် တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ အကျေအလည်ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူညီသည့်တစ်ခုတည်းသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းတစ်စောင်ရရှိရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ယခင် ဆွေးနွေးပွဲများက အတည်ပြုခဲ့တဲ့ခေါင်းစဉ်များကို အသေးစိတ်အချိန်ယူ ဆွေးနွေးခဲ့ကြပြီး တစ်ခုတည်းသောသဘောတူညီချက် ပထမမူကြမ်းကို ပြုစုနိုင်သည့်တိုးတက်မှုများ ရရှိခဲ့ပါတယ်။ ဤအဆင့်သို့ တက်လှမ်းနိုင်ခြင်းသည် နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အသေးစိတ်လုပ်ငန်းများမှပေါ်ထွက်လာသည့် ရလဒ်ကောင်းတစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဆင့်တစ်ဆင့်တက်ခြင်းဟု ရှုမြင်ကြရမှာဖြစ်ပါတယ်။ ဒီရလဒ်များကို အခြေခံပြီး မများမကြာမီကာလမှာ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုရမှာဖြစ်ပြီး တိုင်းရင်းသားများကို ကျွန်တော် ကတိပြုပြောကြားထားသည့်အတိုင်း လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာနိုင်တော့မှာဖြစ်ပါတယ်။ လိုအပ်မယ့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ဖို့ လိုအပ်တဲ့ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ငြိမ်းချမ်းရေးကိစ္စဟာ အလွန်ခက်ခဲနက်ရှိုင်းပြီး နှစ်ပရိစ္ဆေဒ အလွန်ရှည်ကြာခဲ့ပြီဖြစ်တဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေရတာဖြစ်တဲ့အတွက် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရပါတယ်။

> **ငြိမ်းချမ်းရေးကိစ္စဟာ အလွန်ခက်ခဲနက်ရှိုင်းပြီး နှစ်ပရိစ္ဆေဒ အလွန်ရှည်ကြာခဲ့ပြီဖြစ်တဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေရတာဖြစ်တဲ့အတွက် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့၊**
>
> **ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ပြုပြင်ပြောင်းလဲရေးများအောင်မြင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးအနေနဲ့ တရားဥပဒေကို လေးစားလိုက်နာပြီး အစိုးရနဲ့အတူ လက်တွဲဆောင်ရွက်သွားကြဖို့လိုအပ်**

သို့သော်လည်း ပြည်သူများဆန္ဒပြင်းပြနေတဲ့ ငြိမ်းချမ်းရေးရရှိရေးကို ကျွန်တော့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ပြုပြင်ပြောင်းလဲရေးများအောင်မြင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးအနေနဲ့ တရားဥပဒေကို လေးစားလိုက်နာပြီး အစိုးရနဲ့အတူ လက်တွဲဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်မှာပြီးခဲ့တဲ့လက ဖြစ်ပွားခဲ့တဲ့အဖြစ်အပျက်များဟာ နိုင်ငံကြီးသားတိုင်းအတွက် လက်ခံလို့မရနိုင်တဲ့မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့လုပ်ဆောင်မှုတွေဖြစ်ပြီး လူတချို့အနေနဲ့ ဥပဒေချိုးဖောက်မှုများ ပြုလုပ်ခဲ့တာကိုတွေ့ရပါတယ်။ ဒီလိုအပြုအမူတွေကိုကျွန်တော်တို့အနေနဲ့ လက်သင့်မခံဘဲဥပဒေနဲ့အညီအရေးယူမှုများပြုလုပ်နေပါတယ်။ အခုလို ဖြစ်ပွားနိုင်ခြေရှိတဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်သွားနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာတစ်ခုကိုအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများနှင့် တိုင်ပင်ပြီး ပိုမို၍အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေနဲ့လည်း အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာနဲ့ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့မျိုးဆက်သစ် လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းနည်းပညာတက္ကသိုလ် ပင်မစာသင်ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်အားပေး

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ်ပင်မ (သုံးထပ်) ကျောင်းဆောင်သစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား၌ ပန္နက်တိုင်ကို စိုက်ထူပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၃၀

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ကျင်းပသော ပင်မ(သုံးထပ်)ကျောင်းဆောင်သစ် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ပန္နက်တိုင်ကို စိုက်ထူပေးခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရမည်းသင်း(GTC)ကို ၁၉၉၉ ခုနှစ်၌ စတင်ဖွင့်လှစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် နည်းပညာတက္ကသိုလ် အဆင့်သို့ တိုးမြှင့်ပေးခဲ့ခြင်းများကို တပ်မတော်အစိုးရလက်ထက်တွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကာလက နိုင်ငံတစ်ဝန်းလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုဖွဲ့စည်းပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အထူးမြှင့်တင်ပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍတွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ဆရာအတတ်သင်တက္ကသိုလ်တစ်ခုစီ ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင် ဆေးရုံများ အဆင့်မြှင့်တင်ကာ အထူးကုဘာသာရပ်ဆိုင်ရာ ဆရာဝန်များနှင့် စက်ပစ္စည်းများဖြည့်တင်းပေးခဲ့ကြောင်း။

တက္ကသိုလ်များ များပြားလာသဖြင့် မေးထုတ်လိုက်သော ဘွဲ့ရများ၏ အရည်အသွေးနှင့်ပတ်သက်၍ မည့်ဟုပြောနိုင်ကြောင်း၊ စာသင်သားများ ထူးချွန်ရန်အတွက် ဆရာကဏ္ဍ၊ သင်ကြားရေး ဝန်းကျင်ကဏ္ဍနှင့် ကျောင်းသားတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေးအပေါ် မူတည်ကြောင်း၊ ထို တက္ကသိုလ်ကျောင်းဆင်းများပင် နိုင်ငံတကာ ပညာရပ်နယ်ပယ်၌ တွင်ကျယ်စွာ တာဝန်ထမ်းဆောင်နေသူများရှိနေကြောင်း၊ တက္ကသိုလ်တစ်ခု စတင်ဖွင့်လှစ်စဉ် အခက်အခဲရှိနိုင်သော်လည်း စပြီးမဖွင့်လျှင် ဘာမှဖြစ်လာမှာ မဟုတ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ရမည်ဖြစ်ကြောင်း။

တက္ကသိုလ်တစ်ခု၏ ဂုဏ်ရည်သည် သုတေသနရလဒ်ပင်ဖြစ်ကြောင်း၊ သုတေသနရလဒ်ဆိုသည်မှာ သဘာဝတရားတွင် တိမ်မြုပ်နေသော စွမ်းရည်တစ်ခုခုကို လူသားအကျိုးပြုဖြစ်လာအောင် စွမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ သုတေသနရလဒ်တစ်ခုသည် နှစ်ပေါင်းများစွာအကျိုးပြုနိုင်သည့်အပြင် ၎င်းအပေါ် ဆင့်ကာဆင့်ကာ သုတေသနပြုခြင်းအားဖြင့် လူ့လောကကို အံ့သြလောက်အောင် ပြောင်းလဲသွားစေနိုင်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများသည် သုတေသနသမားများ၊ သုတေသနဆိုင်ရာ လမ်းညွှန်ပုဂ္ဂိုလ်များဖြစ်ကြရမည်ဖြစ်ကြောင်း။

ယနေ့အိုင်တီခေတ်တွင် နောက်ဆုံးပေါ် နည်းပညာများကိုလည်း အချိန်နှင့်အမျှ မီအောင် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ဘဝတစ်သက်တာ လေ့လာသင်ယူမှုကို ပြုနေကြရမည်ဖြစ်ကြောင်း၊ ရမည်းသင်းခရိုင်သည် စိုက်ပျိုးရေးကိုအခြေခံသောဒေသဖြစ်ကြောင်း၊ မိုးခေါင်သည့်ကာလများတွင် စိုက်ပျိုးရေးတစ်ခုတည်းကို မှီခို၍ မရသဖြင့် စက်မှုလက်မှုထုတ်ကုန်အတွက် နည်းပညာများကို ဦးစွာတီထွင်ပေးရန်လိုကြောင်း၊ ထို့အတူ ခရိုင်အတွက် သုတေသနသာမက မန္တလေးတိုင်းဒေသကြီးအတွက်၊ နိုင်ငံတော်အတွက် စသဖြင့်ဆင့်ကဲ မြင့်မားသော သုတေသနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အဆောက်အအုံသည် ဒီဇိုင်းလှရန်ထက် လက်တွေ့အသုံးဝင်ရန်လိုကြောင်း။

တက္ကသိုလ်တွင် သင်ကြားနေသော မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ် အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာဆိုင်ရာ သုတေသနအလုပ်ရုံများနေရာ ပါဝင်ဖို့လိုကြောင်း၊ လုပ်ငန်းအဆင့်တိုင်းမှာ အရည်အသွေးစစ်ဆေးရေးကို ထောင့်စေ့စေ့လုပ်ရန်လိုကြောင်း၊ ထောင့်မစေ့ပါက တာရှည်မခံဘဲ ဖျက်လိုက်ပြင်လိုက်ဖြင့် နှစ်စဉ် ငွေလည်းကုန်၊ အလုပ်လည်းရှုပ်ပြီး ဆောက်လုပ်သည့်ကုမ္ပဏီမှာ ရာသက်ပန်နာမည်ပျက်သွားမည်ဖြစ်၍ အထူးဂရုစိုက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာငွေမှ ပညာရေးနှင့်ကျန်းမာရေးကို အဆပေါင်းများစွာ တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆင်းရဲမှုလျှော့ချရေးအတွက် ဦးစွာပထမစတင်ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားတွေ ပညာတတ်မှ၊ ကျန်းမာမှ ဆင်းရဲမှုလျော့ကျမည်ကို သိရှိ၍ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရကခွင့်ပြုပေးသည့် ပြည်သူ့ဘဏ္ဍာများ အလေအလွင့်မရှိစေရေး၊ ဆောက်လုပ်ခွင့်ရသည့် ကုမ္ပဏီက သတ်မှတ်စံအတိုင်း ဆောက်လုပ်စေရေးအတွက် ရမည်းသင်း နည်းပညာတက္ကသိုလ်မှ ပညာရှင်များက ဥစ္စာရှင်လို ဥစ္စာရင်ခဲ စဉ်ဆက်မပြတ် ကြီးကြပ်ပေးရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နည်းပညာတက္ကသိုလ် (ရမည်းသင်း) ခေတ္တကျောင်းအုပ်ကြီး၊ ကြယ်စင်နိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တာဝန်ခံအင်ဂျင်နီယာတို့က တက္ကသိုလ်သမိုင်းနှင့် အဆောက်အအုံ ဆောင်ရွက်မည့်လုပ်ငန်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်က သင်ကြားမှုအဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးများ၊ ကြယ်စင်နိုင်းဆောက်လုပ်ရေးဒါရိုက်တာနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ပန္နက်တော်တင် အခမ်းအနားကို ဆောင်ရွက်ပေးခဲ့ကြသည်။

(သတင်းစဉ်)

❊ *ကျောဖုံးမှ*

ထိုသို့ရဟတ်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးရာတွင် ပုဂံဒေသတွင်ရဟတ်ယာဉ်နှစ်စင်းနှင့် ရန်ကုန်တွင်ရဟတ်ယာဉ်နှစ်စင်းတို့ဖြင့် ပျံသန်းဝန်ဆောင်မှုပေးရန်စီစဉ်ထားသည်။ ရန်ကုန်မှ ကျိုက်ထီးရိုး၊ ချောင်းသာစသည့် နေရာများသို့ ခရီးသွားဧည့်သည်များကို ပို့ဆောင်ပေးမည်ဖြစ်သည်။

ပုဂံဒေသတွင်ခရီးသွားဧည့်သည် ရှစ်ဦး လိုက်ပါစီးနင်းနိုင်သည့် ရဟတ်ယာဉ်နှစ်စင်းဖြင့် ဝန်ဆောင်မှုပေးသွားနိုင်ရေးစီစဉ်ထားပြီး ရန်ကုန်တွင် ခရီးသွားဧည့်သည် ၁၂ ဦးမှ ၁၄ ဦးအထိစီးနိုင်သည့် ရဟတ်ယာဉ်နှစ်စင်းစီစဉ်ထားသည်။

ထိုသို့ ရဟတ်ယာဉ်များဖြင့် ဝန်ဆောင်မှုပေးရာတွင် ပျံသန်းရာလမ်းကြောင်း၊ ဆင်းသက်ရပ်နားရာ လေယာဉ်ကွင်းတို့ကို ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေယာဉ်ပျံသန်းခွင့်လက်မှတ် (AOC)ကို သုံးလအတွင်း စိစစ်ကာ ခွင့်ပြုနိုင်ရေးကြိုးစားသွားမည်ဖြစ်သည်။

ရဟတ်ယာဉ်အစင်းရေ နောက်ထပ် တိုးမြှင့်လာရေးအတွက်လည်း စီစဉ်ထားရာ မြန်မာနိုင်ငံအတွင်း ပထမဆုံးရဟတ်ယာဉ်ဖြင့် ခရီးသွားဧည့်သည်များ ဝန်ဆောင်မှုပေးတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဧပြီ ၃၀

ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၁၄)ကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** အစည်းအဝေးသို့ ပြည်ထောင်စုအဆင့်အရေးပေါ် ပေါင်းစပ်ညှိနှိုင်း ရေးစင်တာ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများအလိုက် စခန်းတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ရခိုင်ပြည်နယ် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်နယ်အစိုးရအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့က အထောက်အကူပြုကူညီပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ပြည်နယ် ECC အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များကို အတူတကွပေါင်းစပ်ညှိနှိုင်းလျက် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပြီးခဲ့သည့် မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်အပေါ် သင်ခန်းစာရယူပြီး အလားတူဖြစ်စဉ်မျိုး နောင်လုံးဝမဖြစ်ပေါ်ရေးအတွက် ပြည်နယ်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိပါကြောင်း၊ တစ်ဖက်တွင် အမျိုးသားရေးဖြစ်သော်လည်း နိုင်ငံတော်နှင့် တစ်မျိုးသားလုံး ကောင်းကျိုးအတွက် လုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းများက ထဲထဲဝင်ဝင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အရေးပေါ်ကာလစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ဖော်ထုတ်စစ်ဆေးအရေးယူ ဆောင်ရွက်နေမှု အခြေအနေ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေး၊ ပစ္စည်းထောက်ပံ့ရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆပ်ကော်မတီ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆပ်ကော်မတီ၊ ဘဏ္ဍာငွေထိန်းသိမ်းရေးနှင့် အလှူငွေလက်ခံရေး လုပ်ငန်းဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးလုပ်ငန်း ဆပ်ကော်မတီတို့မှ မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီးနောက် လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ဒုတိယဝန်ကြီးတို့သည် မွန်းတည့် ၁၂ နာရီတွင် အဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ် ECC အဖွဲ့ဝင်များ၊ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်း တာဝန်ခံများ၊ UN/INGO အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး UN/INGO အဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အနာဂတ်တွင်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်ဆိုင်ရာများကို အကြံညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက UN/INGO အဖွဲ့အစည်းများ၏ နေထိုင်ရေး၊ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ နေထိုင်ရေး၊ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာလိုအပ်သည့်တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်းတာဝန်ခံများက စခန်းအလိုက်လုပ်ငန်းဆိုင်ရာလိုအပ်ချက် တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးများက တက်ရောက်လာကြသည့် UN/INGO အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဒုတိယဝန်ကြီးများသည် မွန်းလွဲပိုင်းတွင် အဆိုပါအစည်းအဝေးခန်းမ၌ စစ်တွေမြို့ပေါ်ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး မြို့မိ မြို့ဖများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်းဌာနများမှသတင်းထောက်များအတွက် ပြည်ဝင်ခွင့် (Visa)ထုတ်ထားမှု ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲတိုးမြှင့် ထောက်ခံဆောင်ရွက်ပေးမည်

နေပြည်တော် ဧပြီ ၃၀

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာသတင်းထောက်များအား ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမှုကို ထောက်ခံခွင့်ပြုပေးလျက်ရှိရာ လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံတွင် သတင်းဌာန အခြေစိုက်ဖွင့်လှစ်ခွင့်ရရှိထားသော နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များအတွက် ခြောက်လ အကြိမ်ကြိမ်ပြည်ဝင်ခွင့်(Visa) ထောက်ခံပေးလျက်ရှိပြီး ပြည်တွင်း၌ သက်တမ်းတိုးခွင့်ကိုလည်း ခြောက်လတစ်ကြိမ် ခွင့်ပြုပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်းအခြေစိုက် သတင်းဌာနဖွင့်လှစ်ထားခြင်းမရှိသော နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များကို သာမန်ပြည်ဝင်ခွင့် (Visa) တစ်လနှင့် နိုင်ငံတကာအစည်းအဝေးများအတွက် သတင်းလာရောက်ရယူပါက အစည်းအဝေးကျင်းပသည့်ကာလအတွက် လုံလောက်သော အချိန်သတ်မှတ်၍ ပြည်ဝင်ခွင့် (Visa) ထောက်ခံပေးလျက်ရှိသည်။

ယခုအခါ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ဆက်လက်ကျင်းပရန်ရှိသည့် ဝန်ကြီးအဆင့် အစည်းအဝေးများတွင် နိုင်ငံတကာသတင်းထောက်များအနေဖြင့် သတင်းရယူကြရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် သတင်းဌာနအခြေစိုက်ဖွင့်လှစ်ခွင့်ရရှိထားသော နိုင်ငံတကာသတင်းထောက်များအား မူလသတ်မှတ်ချက်အတိုင်း ပြည်ဝင်ခွင့် (Visa) ထောက်ခံပေးသွားမည်ဖြစ်သည်။ သတင်းဌာန အခြေစိုက်ဖွင့်လှစ်မထားသော နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များအတွက်မူ ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမှုအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါအတိုင်း ပြောင်းလဲတိုးမြှင့်ထောက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်-

(က)တစ်လသက်တမ်းရှိ အကြိမ်ကြိမ် ပြည်ဝင်ခွင့် (Visa) ထုတ်ပေးမည်။

(ခ) ပြည်တွင်း၌ တစ်လသက်တမ်း နှစ်ကြိမ် သက်တမ်းတိုးခွင့်ရရှိမည်။

(ဂ) ပြည်တွင်း၌ နေထိုင်သတင်းရယူမှုသုံးလပြည့်ပါက မူလပြည်ဝင်ခွင့် (Visa) လျှောက်ထားသည့်သံရုံးတွင် ပြည်ဝင်ခွင့်(Visa) ပြန်လည်ရယူလျှောက်ထားရမည်။

ဆက်သွယ်မေးမြန်းနိုင်

ပြည်ဝင်ခွင့် (Visa) လျှောက်ထားရာတွင်ပါရှိရမည့် အချက်အလက်များမှာ ပြည်ဝင်ခွင့် (Visa) လျှောက်ထားစာ၊ နိုင်ငံကူးလက်မှတ် (Passport) မိတ္တူ၊ သက်ဆိုင်ရာသတင်းဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာ၊ မြန်မာနိုင်ငံတွင် နေထိုင်လိုသည့်ကာလ၊ မည်သည့်နိုင်ငံရှိ မြန်မာသံရုံးတွင် ပြည်ဝင်ခွင့် (Visa) ထုတ်ယူမည် စသည့်အချက်အလက်များဖြင့် လျှောက်ထားကြရမည်ဖြစ်ပြီး နိုင်ငံတကာသတင်းထောက်များအနေဖြင့် ပြည်ဝင်ခွင့် (Visa) လျှောက်ထားမှုနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၀၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘက်စုံထူးချွန်မောင်မယ်များ ငွေဆောင်မြို့နယ်ခွဲအလယ်ချောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာ

သတင်း-မောင်စိန်လွင်
ဓာတ်ပုံ-မင်းထက်

ငွေဆောင် ဧပြီ ၃၀

ငွေဆောင်ကမ်းခြေ၌ အပန်းဖြေလေ့လာရေးစခန်းရှိ ၂၀၁၄ ဘက်စုံပညာထူးချွန် မောင်မယ်များသည် ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲရှိ အလယ်ချောင်ဒေသ ယုဇနပုစွန်မွေးမြူရေးစခန်းသို့ ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက ပုစွန်မွေးမြူရေးပိုင်းဆိုင်ရာနှင့် ပို့ကုန်သွင်းကုန်ထုတ်လုပ်မှုအပိုင်းတို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ပုစွန်မွေးမြူရေးစခန်းသည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလက စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၁ ခုနှစ် မတ်လတွင် မွေးမြူရေးလုပ်ငန်းများကိုစတင်ခဲ့ပြီး ယခုအခါ မွေးမြူထုတ်လုပ်ပြီးအကြိမ်ပေါင်း ၂၇ ကြိမ်ရှိပြီဖြစ်သည်။ ယင်းအလယ်ချောင်ဒေသ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းတွင် UNIT-A ၁၁ ကန်၊ UNIT-B ကိုးကန်၊ UNIT-C ၂၁ ကန်၊ UNIT-D ၁၁ ကန် စုစုပေါင်း ၇၉ ကန်ရှိပြီး ယုဇနပုစွန်မွေးမြူရေးဇုန်လေးခု၌ ကန်အများဆုံးဖြစ်ပြီး ပုစွန်သားဖောက်လုပ်ငန်းများနှင့် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ အဓိကမွေးမြူသည့် ပုစွန်မျိုးများမှာ ကမ္ဘာ့နိုင်ငံအများစုက ကြိုက်နှစ်သက်၍ ထုတ်လုပ်တင်ပို့ရောင်းချပေးလျက်ရှိသည့် ပုစွန်ကျား၊ (Panaeus Monodon) မျိုးများနှင့် ပုစွန်ဖြူ (Panaeus Vanaamei) မျိုးတို့ကို သားဖောက်တစ်ကြိမ် မွေးမြူလျှင် သုံးလခွဲမှ လေးလအထိကြာမြင့်၍ တစ်နှစ်လျှင် လေးကြိမ်အထိ သားပေါက်မွေးမြူထုတ်လုပ်ရောင်းချလျက်ရှိသည်။ တစ်ကြိမ်သားဖောက်ထုတ်လုပ်နိုင်မှုမှာ ပုစွန်ကျားဆိုလျှင် ငါးသန်းမှခုနစ်သန်း၊ ပုစွန်ဖြူဆိုလျှင် ခုနစ်သန်းမှဆယ်သန်းအထိ မွေးမြူထုတ်လုပ်ပေးလျက်ရှိသည်။

"အခုလိုပုစွန်မွေးမြူထုတ်လုပ်ရေးစခန်းကို လာရောက်လေ့လာရတာ အလွန်ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဘက်မှာ ပုစွန်မွေးမြူရေးလုပ်ငန်းကို လေ့လာသိရှိဖို့မပြောနဲ့၊ ဝယ်စားချင်ရင်တောင် ဝယ်စားရဖို့မလွယ်ကူပါဘူး။ ကျွန်တော်တို့ အထက်ဒေသတွေမှာ ဒီလိုပုစွန်မွေးမြူရေးစခန်းတွေ လုံးဝကိုမတွေ့ရှိရတာပါ။ အခုလို ကိုယ်တိုင်လာရောက်လေ့လာ မေးမြန်းရတော့ အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ်မသိရှိရသေးတဲ့အရာတွေ တော်တော်များများလည်းသိရှိရပါတယ်။ ဒီလိုလေ့လာရေးခရီးထွက်ရတာ အလွန်ပင်ပန်းပေမယ့် ကိုယ်မတွေ့ဖူး၊ မကြုံဖူးတဲ့ ဒီလိုမွေးမြူရေးလုပ်ငန်းတွေကို လေ့လာရတော့ ပင်ပန်းရကျိုး နပ်ပါတယ်။ ဒီလို လေ့လာရေးခရီးစဉ်ကိုလည်း တစ်သက်နှင့်တစ်ကိုယ် ဘယ်တော့မှ မေ့ပျောက်သွားမှာ မဟုတ်ပါဘူး။ အထူးဂရုစိုက် ကြီးကြပ်လိုက်ပို့ပေးတဲ့ဆရာကြီးတွေ ဆရာမတွေကိုလည်း အလွန်ကျေးဇူးတင်မဆုံးဖြစ်မိပါတယ်" ဟု ရွှေဘိုအထက(၂) မှ မောင်ဉက္ကာဆွေတင့်က အဆိုပါလေ့လာရေးခရီးနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ငွေဆောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းသည် သားဖောက်ထုတ်လုပ်မှုလုပ်ငန်းများနှင့် မွေးမြူထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး စုစုပေါင်းမွေးမြူထုတ်လုပ်သည့် ကန် ၂၂၆ ကန် လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ တစ်ရာသီထုတ်လုပ်နိုင်မှုသည်လည်း တစ်ကန်လျှင် ပုစွန်ကျားဆိုလျှင် သုံးတန်မှငါးတန်အထိရရှိပြီး ပုစွန်ဖြူဆိုလျှင် ငါးတန်မှရှစ်တန်အထိထွက်ရှိကြောင်း သိရသည်။ အဆိုပါ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်လျက်ရှိသော ပုစွန်များကို ပြည်တွင်းပြည်ပရှိ ဒေသအနှံ့အပြားနှင့် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများမှလည်း လာရောက်ဝယ်ယူကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့ မြေဈေး၊ တိုက်ခန်းဈေးများ ကောင်းလာသဖြင့် ဆင်ခြေဖုံးမြို့နယ်များ၌ ကန်ထရိုက်တိုက်များဆောက်လုပ်မှုများပြားလာ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တွင် လူဦးရေ ထူထပ်များပြားလာပြီး မြေဈေး၊ တိုက်ခန်းအငှားနှင့် အရောင်းဈေးမြင့်လာမှုကြောင့် ယခင်က ရန်ကုန်မြို့ အချက်အချာကျရာနေရာများ၌သာ ကန်ထရိုက်တိုက်များ ဆောက်လုပ်နေရာမှ ယခုအခါ ဆင်ခြေဖုံးမြို့နယ်များ၌လည်း ဆောက်လုပ်မှုများပြားလာကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

“ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်တွေမှာ ယခင်ကထက် ကန်ထရိုက်တိုက် အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်နေတာ ဒီနှစ်ထဲမှာ သိသိသာသာ တိုးလာပါတယ်။ အဓိကအကြောင်းရင်းက မြေဈေး၊ အိမ်ဈေးကောင်းတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ လူဦးရေ ထူထပ်လာပြီး တိုက်ခန်း ငှားခတွေလည်း ဈေးကောင်း ရလာတဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေက ဆင်ခြေဖုံးမြို့နယ်တွေမှာ ကန်ထရိုက်တိုက်ဆောက်လုပ်မှုတွေ များပြားလာပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပြုလုပ်လာကြပါတယ်” ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်း-ကြီးတိုင်းအောင်
ဓာတ်ပုံ-သက္က

ယခုအခါ ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့များဖြစ်သည့် ဒေါပုံ၊ သာကေတ၊ သယ်န်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သုဝဏ္ဏ အစရှိသော မြို့နယ်များ၌ ကန်ထရိုက်တိုက် ဆောက်လုပ်မှု များပြားလာသည်ကို တွေ့ရသည်။

အဆိုပါ မြို့နယ်များအတွင်း ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာတွင် အဓိကလမ်းမတန်းတွင် ရှစ်ထပ်အထိ ဆောက်လုပ်ခွင့်ရှိပြီး လမ်းသွယ်လမ်းများတွင် ငါးထပ်ခွဲအထိ ဆောက်လုပ်ခွင့်ရှိကြောင်း သိရသည်။ ဆင်ခြေဖုံးရပ်ကွက်အချို့၌ ဆောက်လုပ်ဆဲ အဆောက်အအုံများ၊ ဆောက်လုပ်ရန် ပြင်ဆင်ထားသော နေရာများကိုတွေ့ရသည်။ လာမည့် ဆယ်စုနှစ်အတွင်း ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များ၊ မြို့များ၌ အထပ်မြင့် အဆောက်အအုံများဖြင့် တိုးတက်ပြောင်းလဲလာမည်ဟု မျှော်လင့်ရသည်။ တိုက်တာများ ဆောက်လုပ်မှု ခွင့်ပြုပေးခြင်းသည် ရန်ကုန်မြို့ကို တိုးတက်လှပအောင် ဆောင်ရွက်ခြင်း၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အတွင်း၌ ပျောက်ဆုံးလေယာဉ်၏အပိုင်းအစတွေ့ရှိသည်ဟူသောသတင်း တာဝန်ရှိသူများကငြင်းဆို

ဘာသာပြန်-ထန်နီး

ဩစတြေးလျ ဘူမိရူပဗေဒဆိုင်ရာစူးစမ်းလေ့လာရေးကုမ္ပဏီ GeoResonance က လေယာဉ်ပျက်ဟု ၄င်းယုံကြည်ရသည့်အပိုင်းအစတစ်ခုကို ဘင်္ဂလားပင်လယ်အော်အတွင်း၌ ထောက်လှမ်းတွေ့ရှိခဲ့ကြောင်းနှင့် ယင်းကို မလေးရှား ပျောက်ဆုံးလေယာဉ်၏အပိုင်းအစ ဟုတ်မဟုတ် စုံစမ်းစစ်ဆေးသင့်ကြောင်း ပြောကြားသည်။သို့ရာတွင် လေယာဉ်ပျောက်ရှာဖွေရေးညှိနှိုင်းရေးမှူးများက ယင်းအပိုင်းအစမှာ ပျောက်ဆုံးလေယာဉ်၏ အပိုင်းအစဖြစ်နိုင်ခြေမရှိကြောင်း ငြင်းဆိုခဲ့သည်။

ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ နိုင်ငံတကာရှာဖွေရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲသည့် ပူးတွဲအေဂျင်စီညှိနှိုင်းရေးစင်တာ JACC က မလေးရှားလေယာဉ်သည် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း ဩစတြေးလျကမ်းလွန်ပင်လယ်ပြင်၌ ပျက်ကျသည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ဘင်္ဂလားပင်လယ်အော်သည် လက်ရှိလေယာဉ်ပျောက်ရှာဖွေရေးဧရိယာမှ မိုင်ပေါင်းထောင်ချီကွာဝေးသော အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား တည်ရှိသည်ဟုဆိုသည်။ ကုမ္ပဏီသည် အဆိုပါအပိုင်းအစကို ပျောက်ဆုံးမလေးရှားလေယာဉ်၏ အပိုင်းအစဖြစ်သည်ဟု ကြေညာခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် ယင်းအပိုင်းအစကို စုံစမ်းစစ်ဆေးသင့်ကြောင်း GeoResonance က ကြေညာချက်ထုတ်ပြန်ရာတွင်ပြောကြားသည်။

ကုမ္ပဏီသည်လေယာဉ်ပျက်အပိုင်းအစနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို မတ်လ ၃၁ ရက်တွင် မလေးရှားလေကြောင်းလိုင်းနှင့် ဩစတြေးလျနိုင်ငံအခြေစိုက် မလေးရှားသံရုံးနှင့် တရုတ်သံရုံးသို့လည်းကောင်း၊ ဧပြီ ၄ ရက်တွင် JACC ထံသို့လည်းကောင်း ပေးပို့ခဲ့ကြောင်း၊ ကုမ္ပဏီနှင့် ၄င်း၏ ဒါရိုက်တာများသည် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးထံမှ တုံ့ပြန်ချက်မရရှိမှုအပေါ် အံ့ဩခဲ့ကြကြောင်း GeoResonance ကပြောကြားသည်။

ယင်းကဲ့သို့ တုံ့ပြန်မှုမရှိခြင်းမှာ ကုမ္ပဏီ၏ နည်းပညာဆိုင်ရာစွမ်းဆောင်မှုများကို မသိရှိခြင်း၊ JACCအနေဖြင့် အလွန်အလုပ်များနေခြင်း၊ အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းရှိ လက်ရှိရှာဖွေရေးဧရိယာသည် တစ်ခုတည်းသော လေယာဉ်ပျက်ကျနိုင်ခြေရှိသည့် နေရာဟုယုံကြည်ခြင်း စသည့်အချက်များကြောင့် ဖြစ်ဖွယ်ရှိသည်ဟု GeoResonance ကပြောကြားသည်။

မတ်လ ၈ရက်က ပျောက်ဆုံးသွားခဲ့သော မလေးရှားလေယာဉ်ကို Boeing 777ကို နိုင်ငံတကာရှာဖွေရေးအဖွဲ့က အင်တိုက်အားတိုက် ရှာဖွေမှုပြုလုပ်ကြသည့်တိုင် ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်၍ အပျက်အစီးအပိုင်းအစများကို ယနေ့ထိ ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။ **(ရိုက်တာ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society
ထူးချွန်ကြက်ခြေနီ လူငယ်တွေ့ဆုံပွဲ
၂၄-၄-၂၀၁၄ မှ ၄-၅-၂၀၁၄ အထိ

❒ **ကျောဖုံးမှ**

အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ဗန်လားဟရွယ်၊ တင်ဇော်မိုး၊ ခိုင်ထူးတို့ဖြင့် ပွဲထွက်လာခဲ့သည်။

သွင်းယူပေး

စင်ကာပူနာမည်ကြီးလက်ရွေးစင်ကစားသမားဟောင်း ဖန်ဒီအာမက်ကိုင်တွယ်လာသည့် Singapore Lion XII အသင်းမှာ ယခုပွဲတွင်ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ၇၇မိနစ်တွင် ရရှိသောပယ်နယ်တီကိုလည်း ဝင်အောင်မသွင်းနိုင်ခဲ့ပေ။ နေပြည်တော်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၈ မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူပေးခဲ့သည်။

မေ ၂ရက် ညနေ ၅နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် Singapore Lion XII အသင်းတို့ ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ်တစ်ထောင်၊ ရိုးရိုးတန်းငွေကျပ် ငါးရာ သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များအတွက် Samsung S4 ဟန်းဆက်နှစ်လုံး မဲဖောက်ပေးသွားမည် ဖြစ်သည်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
WORLD FINANCE BANKING AWARDS 2013
THE GLOBAL COMPACT WE SUPPORT

(၆၇) ခုဘဏ်မြောက်ဖြစ်သော
ရန်ကုန်ဘဏ်ခွဲ(၁၉)လှိုင်သာယာ
(၃၀. ၄ .၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း...

ရန်ကုန်ဘဏ်ခွဲ(၁၉)လှိုင်သာယာ
အမှတ်(၁၉၄၈)၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၆၈၇၉၇၈ ~ ၈၅
ဖက်(စ်) - ၀၁ ၆၈၇၉၇၆ ~ ၇၇
www.ayabank.com
ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၀၀၀၁၂၃၊ ၅၃၁၀၆၇ - ၉၊ ၅၃၁၀၇၈ - ၉၊ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၇၉၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သင်္ကြန်ပြီး နွားထိုးကြီးတွင် ရေဈေးတက်

နွားထိုးကြီး ဧပြီ ၃၀

နွေရာသီ သောက်ရေဈေးကွက် နွားထိုးကြီးတွင် သင်္ကြန်ပြီး ဈေးတက်နေသည်။ နွားထိုးကြီးတွင် ယမန်နှစ်နွေက သောက်ရေတစ်စည် ၅၀၀၊ ပုံးဝါတစ်ထမ်းငွေကျပ် ၂၀၀ ဈေးရှိခဲ့ပြီး ယခုနှစ်သင်္ကြန်ကာလအပြီးမှာ ရေဈေးတက်ခြင်းဖြစ်သည်ဟုဆိုသည်။

"တစ်နွေနဲ့တစ်နွေ ရေဈေးက အတက်ပဲရှိနေတာပါ။ မနှစ်ကနွေက ရေတစ်ထမ်း ၂၀၀၊ ရေတစ်စည် ၅၀၀ ရသေးတယ်၊ အခုနှစ်နွေမှာ ရေတစ်ထမ်း ၃၀၀၊ ရေတစ်စည် ၇၀၀မှ၈၀၀အထိဈေးတက်လာတာပါ။ သောက်ရေတစ်စည် နှစ်ရက်ပဲခံပါတယ်။ ရာသီဥတုကပူတော့လည်း ရေသောက်များလာတာပေါ့"ဟုသောက်ရေဝယ်သုံးသူတစ်ဦးက ဆိုသည်။

"ရေသန့်စက်ရုံတွေက ပေါလာပေမယ့် ဝယ်ရတဲ့ရေဈေးက မလျော့ပါဘူး။ ရေတစ်ဘူးကို ၄၅၀၊ ၅၀၀နဲ့ ဝယ်ယူလဲလှယ်နေရပါတယ်"ဟုလည်း သောက်ရေသန့်သုံးစွဲသူများက ဆိုသည်။ နွားထိုးကြီးနယ်မှာ ပူပြင်းခြောက်သွေ့သော အညာဒေသဖြစ်သည်နှင့်အညီ နွေရာသီရောက်ပြီဆိုရင်ပဲ သောက်သုံးရေအတွက် တောရောမြို့ပါ ပူပင်နေရသည်။

ချောင်းရေ၊ မြောင်းရေများ ခန်းခြောက်လာပြီး ကျေးလက်ဒေသသုံးရေကန်များမှာလည်း လုံလောက်အောင် ရေမရရှိတော့ကြောင်း သိရသည်။

ယခုနှစ်နွေမှာ အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထိရှိနေ၍ အညာသားများ အပူဒဏ်ခံနေကြရသည်။

ခင်ဇာမွန်မြင့် (ဥပဒေ)

တောစုကျေးရွာအဝင်တံတားကို ကိုယ့်အားကိုယ်ကိုးပြုပြင်

ပုသိမ်ကြီး ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၏ အရှေ့မြောက်ဘက် ရှမ်းရိုးမတောင်ခြေရှိ တောစုကျေးရွာအဝင် တောင်ကျရေဖြတ်စီးရာ ရေချောင်းဖြတ်တံတားမှာ ပျက်စီးယိုယွင်းနေသည်။ အဆိုပါ တံတားကို တောစုကျေးရွာနေ ဦးညွန့်ရှိန် (မော်ကွန်းဝင် ဒုတိယအဆင့်)- ဒေါ်လှကြည်မိသားစုက ငွေကျပ်သိန်း ၂၀ ကျော်အကုန်အကျခံ၍ အသစ်ဆောက်လုပ် လှူဒါန်းခဲ့သည်။

တောစုကျေးရွာ အဝင်တံတားအသစ်ကို အလှူရှင်မိသားစုနှင့်အတူ ကျေးရွာသားများစုပေါင်း၍ ဧပြီ ၂၈ ရက် နံနက်ပိုင်းကစ၍ တံတားကြီးကို ကျောက်သွေးလောင်းခြင်း၊ မြေသယ်ယူခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများစုပေါင်းဆောင်ရွက်ကြသည်။ တံတားအသစ်၏အကျယ်မှာ ပေ၂၀၊ အမြင့် ၁၇ ပေ ကွန်ကရစ်တံတားဖြစ်သည်။ တံတားအသစ်ပြီးဆုံးသွားပါက ကျေးရွာသူကျေးရွာသားများ အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင်ထွက်မပြေးပါနှင့်၊ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင်မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၁၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၂၁၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ်	၃၅၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ်	၂၈၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ်	၇၀၀၀-၈၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ်	၈၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ်	၁၃၀၀၀-၃၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ်	၇၀၀၀-၂၈၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ်	၆၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ်	၇၀၀၀-၈၅၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ်	၇၀၀၀-၁၀၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ်	၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၃-၉၇၄
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၅၉-၇၆၈
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၆-၂၉.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆.၁-၁၆.၄
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၃
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၀-၂၉၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၆၈၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၁၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၈၅-၄၆၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၄၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၇၅
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၃၀-၅၃၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၅၀-၂၅၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၃၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် စဉ့်ကူးမြို့သစ်(၆)လမ်း မြေသားလမ်းအား ကျောက်ချောခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

စဉ့်ကူး ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ်သိန်း ၁၀၀ ဖြင့် စဉ့်ကူးမြို့ မြို့သစ်(၆)လမ်း ယခင်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်

အဆိုပါ မြို့သစ်(၆)လမ်းမြေသားလမ်းသည် အရှည်ပေ ၁၇၀၀ ရှိပြီး မိုးတွင်းကာလရေစီးရေလာကောင်းမွန်လာစေရေးအတွက် အရှည်ပေ ၁၁၀၀ ရှိ ရေနုတ်မြောင်းပါ တစ်ဆက်တည်းတူးဖော်လျက်ရှိရာ ရပ်ကွက်(၁) အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းဇော်၏ ကြီးကြပ်မှုဖြင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူတို့က ကြီးကြပ်လျက် အဆိုပါ ကျောက်ချောလမ်းအား အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့သစ်(၆)လမ်း မြေသားလမ်းသည် ယခင်က မိုးတွင်းကာလရောက်လျှင် ရွှံ့ညွန်ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်ပြီး မြို့သစ်နေပြည်သူများ မြို့တွင်းသို့ သွားလာရာတွင် သွားလာ၍မရဘဲ အခက်အခဲများရှိခဲ့ရာ ယခုအခါ အဆိုပါလမ်းကြီးပြီးစီးတော့မည်ဖြစ်၍ ရပ်ကွက်နေပြည်သူများက ဝမ်းမြောက်လျက်ရှိနေကြကြောင်း သိရသည်။

(၄၃၃)

စကားပြန်များခေါ်ယူခြင်း

အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ခုနှစ် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်သော နည်းပြဆရာများငှားရမ်းကာ သက်ဆိုင်ရာအားကစားနည်းအလိုက် လေ့ကျင့်လျက်ရှိရာ အဆိုပါပြည်ပနည်းပြများ၏ နည်းစနစ်ပိုင်းဆိုင်ရာသင်ကြားပြသမှုများအပေါ် မြန်မာအားကစားသမားများ မှန်ကန်စွာသိရှိလိုက်နာလေ့ကျင့်နိုင်ရေးအတွက် တရုတ်ဘာသာစကားနှင့် ထိုင်းဘာသာစကားများကို မြန်မာလို ကျွမ်းကျင်မှန်ကန်စွာ ပြန်ကြားပေးနိုင်သော စကားပြန်များ အလိုရှိပါသည်။

လျှောက်ထားလိုသူများအနေဖြင့် အောက်ဖော်ပြပါထောက်ခံချက်များနှင့်တကွ ဘွဲ့လက်မှတ်(ရှိလျှင်) မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်၊ ရောင်စုံဓာတ်ပုံ ပတ်စ်ပို့ဆိုက်သုံးပုံ၊ မျှော်မှန်းလစာပါဝင်သော ကိုယ်ရေးလျှောက်လွှာ၊ CV ဖောင်တို့ကို ပြည့်စုံစွာဖြည့်စွက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)၊ နေပြည်တော်သို့ အမြန်ဆုံးဆက်သွယ်ပေးပို့လျှောက်ထားကြရမည်-

(က) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ထောက်ခံချက်
(ဂ) ဘာသာစကားကျွမ်းကျင်ကြောင်း သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၇၈နှင့် ၀၆၇-၄၀၆၁၇၉တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပျောက်ဆုံး

မသက်သက်မြိုင် ၁၂/ဥကတ(နိုင်)၁၈၁၄၁၇သည် နိုင်ငံကူးလက်မှတ်နှင့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၁၂၁၈၈**

ပျောက်ဆုံးကြောင်း

ကျွန်တော်စောကိုကိုကြီး ၁၄/ဝခမ (နိုင်)၁၃၉၉၄၁ သည် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၆၄၀၆၅၈**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်းထွန်း ၇/ညလပ(နိုင်)၁၅၉၃၈၉၏ Passport N0-(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၂၅၀၃၀၂၀၀၈**

ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ ....(၅)ရက်။
▲ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ (၄)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ ...(၅)ရက်။ အပတ်စဉ်သွားကြာ
▲ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် (၆)ရက်။ MAY 9,12
▲ကျိုက္ကမီကဆုန်ညောင်ရေပွဲ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပွိုတောင် (၃)ရက်။
ပန်းဆိုးတန်း☎240860/372290 ဒေါ်ပုံ09-49282825 ကမာကြည်အိမ်ရာ0973494339

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ/စိမ်းကိန်း ရပ်ကွက်လုံးဆိုင်ရာ
သုတ ဗုဒ္ဓ တိပိဋက ဓမ္မသဘင်
(မြင်းခြံဆရာတော်)
ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
၁.၅.၂၀၁၄ (ကြာသပတေးနေ့)
(ဘုတလင် ဆရာတော်) ဘဒ္ဒန္တ ဣန္ဒာစရိယ တိပိဋကဓရ တိပိဋက ကောဝိဒ ၂.၅.၂၀၁၄ (သောကြာနေ့)
(စစ်ကိုင်း ဆရာတော်) ဘဒ္ဒန္တ အဘိဓဇတာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ၃.၅.၂၀၁၄ (စနေနေ့)
(ရေစကြို ဆရာတော်) ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ၄.၅.၂၀၁၄ (တနင်္ဂနွေနေ့)
(ယောဆရာတော်) ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ၅.၅.၂၀၁၄ (တနင်္လာနေ့)
အနိုင်းမဲ့ဖြစ်သော တရားအလှူတော် ပေးလှူလိုပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဖုန်း-၀၉၇၃၀၈၂၇၀၅၊ ၀၉၄၅၀၀၁၅၅၀၅
တရားပွဲ ကျင်းပမည့်နေရာ- ရန်မျိုးအောင် အားကစားကွင်း၊ ညစဉ်(၇း၀၀)နာရီ

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills) သင်တန်းအမှတ်စဉ်(၃၃)အတွက် သင်တန်းသားခေါ်ယူခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားသံအမတ်ကြီးများနှင့် ဝါရင့်သံတမန်ကြီးများ၊ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင်ပို့ချမည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၃၃)ကို ၂၀၁၄ ခုနှစ် ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ နိုင်ငံတကာရေးရာကိစ္စများတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာနှင့် ဆက်ဆံမှုရှိသည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းများ စာရင်းသွင်းတက်ရောက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ သင်တန်းတွင် သံတမန်ရေးရာ (Protocol)၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးကျင်းပခြင်း (International Conferencing)၊ သံတမန်စာပေးစာယူ ဆက်သွယ်မှု (Diplomatic Correspondence)၊ စေ့စပ်ပြောဆိုမှုနည်းလမ်းများ(Negotiating Techniques)စသည့် ဘာသာရပ်များကို အထူးပြုသင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **တက်ရောက်နိုင်သူများ** - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူများ (စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာအရည်အချင်း ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်။)
၂။ **သင်တန်းကာလ** - ရက်သတ္တ ၁၂ ပတ်
၃။ **သင်တန်းနေရာ** - မဟာသဓာ ခန်းမဆောင်၊ ပြည်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

သင်တန်းလျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနတွင် စတင်လက်ခံနေပြီဖြစ်ပြီး လျှောက်လွှာများကို ၂၀၁၄ ခုနှစ် မေ ၁၅ ရက် နောက်ဆုံးထားလက်ခံပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၁၅၃၁၊ ၂၂၁၅၃၇၊ ၂၂၂၀၂၈
သင်တန်းကြီးကြပ်မှုကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့

ယခုလ ချင်းတွင်းမြစ်ရေပိုမိုကျဆင်း၊ ရေယာဉ်ငယ်များ သောင်တင်

ရေစကြို ဧပြီ ၃၀

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေသည် ယခင်နှစ်များကထက် ပိုမိုကျဆင်းနေမှုကြောင့် စက်လှေငယ်လေးများပင် သောင်တင်လျက်ရှိကြောင်း သိရသည်။ "ချင်းတွင်းမြစ်ရေအကျကြမ်းချက်ကတော့ လွန်ရောပဲ။ ဒီနှစ် ပိုဆိုးတယ်ဗျ၊ အဲဒီအထဲကမှ ဒီတစ်ပတ်အတွင်း ရှစ်လက်မလောက် ရုတ်တရက်ကျသွားတော့ ကျွန်တော်တို့လိုရွာတွေကလာတဲ့ ကုန်ပို့ဈေးဝယ်စက်လှေငယ်လေးတွေတောင် ရေစကြိုဆိပ်ကမ်းအကပ်မှာ သောင်နဲ့ငြိ၊ ကျောက်ပုံတွေနဲ့ငြိပြီး သောင်တင်နေတာ ဆရာမြင်တဲ့အတိုင်းပါပဲ"ဟု သာဂေါင်ရွာမှ ဈေးဝယ်လာသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေပိုမိုကျဆင်းနေသဖြင့် သဲသောင်များထွန်း၍ ရေကြောင်းများ ကျဉ်းမြောင်းလာသည်နှင့်အမျှ ဟိုဘက်ကမ်း သည်ဘက်ကမ်းအကွာအဝေးသည် လက်ပစ်ကူး၍ပင်ရနေပြီဖြစ်ကြောင်း ရေချိုးသူ လူငယ်တစ်စုက ပြောပြသည်။

ဖေထွဏ်းဇော်(ရေစကြို)

စဉ့်ကိုင်မြို့နယ်၌ မိုးသက်လေပြင်းများကျရောက်

စဉ့်ကိုင် ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ဧပြီ ၂၈ ရက် ည ၁၀ နာရီ ၅ မိနစ်မှ ည ၁၁ နာရီ ၃၅ မိနစ်ခန့်အထိ မိုးသက်လေပြင်းများ ကျရောက်ခဲ့ကြောင်း သိရသည်။ လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးမုန်တိုင်းများ ကျရောက်ခြင်းတို့ကြောင့် စဉ့်ကိုင်မြို့နယ် လက်ဝဲကျေးရွာအုပ်စု ကုန်းနီကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရွှေစကားမြတ်စွာဘုရားဟု ဘွဲ့တော်ရသော စေတီတော် ထီးတော်မြေခခဲ့ကြောင်း၊ ဓမ္မာရုံဇရပ်ကြီးမှ ခေါင်မိုးများ လွင့်ထွက်ခဲ့ကြောင်း၊ ကျောင်းဝင်းအတွင်းမှ သစ်ပင်ကြီးများ ကျိုးကျမှုကြောင့် ကျောင်းဝင်းအတွင်း သွယ်တန်းထားသော လျှပ်စစ်ဆားပစ်ကြိုးနှင့် မီတာဘောက်များ ပြုတ်ထွက်ပြတ်ကျခဲ့ကြောင်း၊ ကုန်းနီကျေးရွာ၏ အနောက်ဘက် ကျေးလက်ဖွံ့ဖြိုးရေး လမ်းမကြီးတစ်လျှောက် သွယ်တန်းထားသော ဓာတ်အားလိုင်းမှ ကွန်ကရစ်ဓာတ်တိုင်ကြီး ခုနစ်တိုင် ဆက်တိုက်ကျိုးကျလဲပြိုသွားကြောင်း၊ ဓာတ်တိုင်နှစ်တိုင်မှာ ကျိုးပြတ်ကျခြင်းမရှိသော်လည်း နာသွားကြောင်း၊ အလားတူ ကုန်းနီကျေးရွာအနီးရှိ ပုဂ္ဂလိကငါးကန်များမှ ပုဂ္ဂလိကပိုင် လျှပ်စစ် ထရန်စဖော်မာအိုးတစ်လုံး လဲပြိုမှုဖြစ်ခဲ့ကြောင်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေး ဘယ်လင်းကျေးရွာအနီးတွင်လည်း သစ်ပင်များ လဲပြိုခြင်း၊ သစ်ကိုင်းကြီးများ ပြတ်ကျခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ စဉ့်ကိုင်မြို့ပေါ်တွင် သစ်ကိုင်းများ ပြတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း လူနှင့် အိမ်မွေးတိရစ္ဆာန်များ သေပျောက်မှုမရှိကြောင်း၊ ကျေးငှက်အချို့ကို မြေပြင်ပေါ်တွင် သေဆုံးလျက်တွေ့ရကြောင်း၊ သက်ဆိုင်ရာမှ အပျက်အစီးများ ရှင်းလင်းရေးနှင့် လျှပ်စစ်မီးများ အမြန်ပြန်ပေးနိုင်ရေးတို့အတွက် အပူတပြင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မင်း(စဉ့်ကိုင်)

ရွာသစ်ကြီး၌ လေပြင်းတိုက်၊ နေအိမ်များအမိုးလန်

စစ်ကိုင်း ဧပြီ ၃၀

စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ခြင်း၊ လျှပ်စစ်ဓာတ်တိုင်လဲပြီး ဝိုင်ယာကြိုးများ ပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက်ည ၉နာရီခွဲက စနေထောင့်မှ လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးရွာသွန်းမှုကြောင့် ရွာသစ်ကြီးကျေးရွာတွင် နေအိမ်များသစ်ကိုင်းပိပြီး အမိုးများလန်သွားသည်။ ရွာသစ်ကြီးဇာတ်ရုံမှာလည်း သွပ်ပြားလန်သွားသည်။ လျှပ်စစ်သစ်သားဓာတ်တိုင်တစ်တိုင်လဲပြိုပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။

လေပြင်းတိုက်ခတ်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့်

လူနှင့် တိရစ္ဆာန်များ သေဆုံးထိခိုက်မှုမရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

သာစည်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်နှင့် လူနေအိမ်ခေါင်မိုးများပျက်စီး

သာစည် ဧပြီ ၃၀

မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းကျေးရွာနှင့် မန်ကျီးရိုးကျေးရွာတို့တွင် ဧပြီ ၂၉ ရက် ညနေ ၃ နာရီ ၅၅ မိနစ်မှ ၄ နာရီခွဲအထိ လေပြင်းများတိုက်ခတ်ခဲ့ရာ စာသင်ကျောင်းဆောင်တချို့နှင့် လူနေအိမ်များ၏ အိမ်ခေါင်မိုးများ ပျက်စီးမှုဖြစ်ပွားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ရမ်းကျေးရွာ အထကမှ ပုလဲသီရိနှစ်ထပ်စာသင်ဆောင်နှစ်ခန်း သွပ်မိုးလန်၊ မြတ်သီရိနှစ်ထပ်စာသင်ဆောင်နှစ်ခန်း သွပ်မိုးလန် ဒိုင်းကျိုး၊ ညောင်ရမ်းမြို့မရပ်တွင် လူနေအိမ် ၁၀ လုံး၊ ညောင်ရမ်းဈေးရွာတွင် လူနေအိမ် ၁၀ လုံးနှင့် မန်ကျီးရိုးကျေးရွာတွင် လူနေအိမ် ၃၀ တို့မှာ အိမ်ခေါင်မိုးများ လန်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။

(၄၃၅)

(၃၇)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးသန်းညိန်း ဉက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်-
မေမေ ဒေါ်ခင်သွယ်သွယ်မြင့် ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ချစ်စွာသော ဖေဖေနှင့်မေမေတို့၏ ၁-၅-၂၀၁၄ရက်တွင် ကျရောက်သော (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောမိသားစုများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးစောင့်ရှောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး - ဒေါက်တာနိုင်ညိန်း M.B.,B.S (DSMA), M.Med. Sc (Ophthalmology)
ဒေါက်တာခိုင်သူဇာဝင်း M.B.,B.S (Ygn), M.Med. Sc (Ophthalmology)
သားငယ် - ဒေါက်တာချမ်းညိန်း M.B.,B.S (DSMA), M.PHM (Mehidol)
နန်းဇာနည်ကျော် B.E (Electronics), KBZ Bank Ltd.
ချစ်မြေးများ- ခန့်ကိုကိုနိုင်(တုန်တုန်)၊ လုံးတုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

စဉ်	လုပ်ငန်းတည်နေရာ		လုပ်ငန်းအမည်
၁။	ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့	၁။	ဧရာဝတီတိုင်းဗဟိုသင်တန်းကျောင်းအုတ်ခြံစည်းရိုး(RC)တိုင် အမြင့် (၆ပေ) အရှည် (၂၇၃၂ပေ)
		၂။	ဧရာဝတီတိုင်းဒေသကြီးဗဟိုသင်တန်းကျောင်း ခြောက်ခန်းတွဲ အရာထမ်းအိမ်ရာ (ပေ၁၅၀× ပေ၄၀×၁၂ပေ) RCC တစ်ထပ် သွပ်မိုးကွန်ကရစ်ကြမ်းခင်းရေမီးအပါအဝင် ဆောက်လုပ်ခြင်း
		၃။	ဧရာဝတီတိုင်းဒေသကြီးဗဟိုသင်တန်းကျောင်း ငါးခန်းတွဲ အမှုထမ်းအိမ်ရာ (၁၂၅ပေ ×ပေ၄၀× ၁၂ပေ)RCC တစ်ထပ်၊ သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင် တစ်လုံးဆောက်လုပ်ခြင်း
		၄။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်း စာသင်ဆောင်လေးခန်း၊ နားနေခန်း၊ ကျား/မအိမ်သာ၊ စတိုခန်း(ပေ၂၄၀×၃၆ပေ×၂၄ပေ) RCC နှစ်ထပ်သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်ဆောက်လုပ်ခြင်း
		၅။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်းအမျိုးသမီးအိပ်ဆောင် ၅၀ဆံ့ (ပေ၁၈၀×၃၆ပေ× ၂၄ပေ) RCC နှစ်ထပ် သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်တစ်လုံး ဆောက်လုပ်ခြင်း
		၆။	ဧရာဝတီတိုင်းဒေသကြီး ဗဟိုသင်တန်းကျောင်း အမျိုးသားအိပ်ဆောင် ၅၀ဆံ့ (ပေ၁၈၀×၃၆ပေ× ၂၄ပေ) RCC နှစ်ထပ် သွပ်မိုးကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင်တစ်လုံး ဆောက်လုပ်ခြင်း

လူမှုဝန်ထမ်းဦးစီးဌာန

စဉ်	လုပ်ငန်းတည်နေရာ		လုပ်ငန်းအမည်
၁။	နေပြည်တော် ဇမ္ဗူသီရိမြို့	၁။	နေပြည်တော် လူမှုဝန်ထမ်းရုံး (ပေ၆၀×ပေ၄၀×၁၁ပေ) တစ်ထပ် RC ရုံးအဆောက်အအုံတစ်လုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၅-၅-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၅-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၃၁၆၊ ၀၆၇-၄၀၄၁၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၆၅၅၃ Toyota Corolla AE-9 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဘသွင် ၁၂/မရက(နိုင်)၀၃၄၂၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

(၁၇)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ချစ်ပါပါ ဦးသန်းနိုင် (ခ) အဗ္ဗဒူလ်ဘာဆစ်နှင့် ချစ်မာမာ ဒေါ်မြသန္တာဝင်း(ခ)ရှဟ်နားဇ်တို့၏ ၁-၅-၂၀၁၄ရက်တွင် ကျရောက်သော (၁၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတုတိုင် သားသား၊ မီးမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားကြီး - မိုဟာမက်ဒါးနစ်(ရှ်) (ခ) မောင်ပိုင်ဇင်မင်းဦး
ချစ်သားငယ် - မိုဟာမက်(ခ)မောင်ပိုင်ဇင်မင်းလတ်
ချစ်သမီးငယ် - အိုက်ရှာ(ခ)မဝင်းသီရိထိုက်

သွေးသည်အသက်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၆၅၀၈၊ 3E/6508 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲလာပြီ

မိုးမြင့်လင်းလက်

ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို မေ ၄ ရက်မှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပါတော့မယ်။ အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေဖြစ်တဲ့ ဖီအိုရင်တီးနားနဲ့ နာပိုလီတို့ရဲ့ ဖလားလုပွဲဟာ နှစ်သင်းစလုံးအတွက် ဒီနှစ်ဘောလုံးရာသီမှာ တစ်ခုတည်းသော ဖလားတစ်လုံးဆွတ်ခူးနိုင်ရေးကို လက်တွေ့အကောင်အထည်ဖော်ရမှာဖြစ်တာမို့ ဒီပွဲဟာ ရင်ခုန်စရာကောင်းနေတာတော့အမှန်ပါပဲ။

ဖီအိုရင်တီးနား အသင်းဟာ လက်ရှိ အချိန်မှာတော့ ခြေစွမ်းအကောင်းဆုံး အနေအထားရှိနေပါတယ်။ တိုက်စစ်ပိုင်းမှာ အားကိုးရတဲ့ ကစားသမားတွေရှိနေတာက အဆုံးသတ်ဂိုးသွင်းမှုတွေကိုဖော်ဆောင်နိုင်နေပါတယ်။ ဖီအိုရင်တီးနားဟာ ဒီနှစ်စီးရီးအေမှာ စတုတ္ထနေရာရှိနေတာမို့ ယူရိုပါလိဂ် ဝင်ခွင့်လည်းရရှိထားပြီးဖြစ်တဲ့အသင်းဖြစ်ပါတယ်။ လောလောဆယ်စီးရီးအေမှာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ပိုင်းကိုကြည့်ရင် ရိုးမားအသင်းကိုသာ ရှုံးပွဲကြုံခဲ့ပြီး ကျန်ပွဲစဉ်တွေမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်တွေ ဖော်ထုတ်ထားနိုင်ပါတယ်။ တိုက်စစ်ခံစစ် မျှတအောင်ကစားနိုင်တဲ့ ဖီအိုရင်တီးနားရဲ့ကစားပုံဟာ ပြိုင်ဘက်ရဲ့ ခြေစွမ်းကိုလိုက်ပြီး အသာစီးရအောင် အားထုတ်တတ်မှုရှိနေတာမို့ နာပိုလီတို့ခက်ခဲမှာတော့ အမှန်ပါပဲ။

နာပိုလီတို့ကတော့ ဒီနှစ်ကိုပါအီတာလီယာဖလားကို သေချာပေါက် ဆွတ်ခူးနိုင်ဖို့ အကောင်းဆုံးအခွင့်အရေး တစ်ရပ်အဖြစ်ပိုင်ပိုင်နိုင်နိုင်အသုံးချဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဒီနှစ် စီးရီးအေမှာ တန်းစီဇယားတတိယ နေရာရပ်တည်နေပြီ ၃၅ ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၆၄ ဂိုးနဲ့ ပေးဂိုး ၃၆ ဂိုးအနေအထား စွမ်းဆောင်ထားပါတယ်။ စီးရီးအေမှာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲသရေ၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးမှတ်တမ်း ရှိနေပေမယ့် ဂျူဗင်တပ်စ်ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတဲ့ ခြေစွမ်းက ဒီနှစ်ကိုပါအီတာလီယာဖလားကို ရယူနိုင်တဲ့ အနေအထားကို ဖော်ပြနေပါတယ်။ နည်းပြ ဘင်နီတက်ဇ်ရဲ့ နာပိုလီဟာ ကိုပါအီတာလီယာဖလားကို အရယူရေးအိပ်မက်ကို အကောင်အထည်ဖော်မှာမို့ အကောင်းဆုံးကစားသမားစာရင်းနဲ့ ပွဲထွက်လာပါလိမ့်မယ်။ နာပိုလီနဲ့ ဖီအိုရင်တီးနားတို့ ထိပ်တိုက်တွေ့ဆုံမှု ၂၆ ပွဲမှာ ဖီအိုရင်တီးနားက ၁၁ ပွဲနိုင်ပြီး နာပိုလီတို့က ရှစ်ပွဲနိုင်ထားကာ သရေပွဲ ခုနစ်ပွဲဖြစ်ထားပါတယ်။ ဒါကြောင့် နောက်ဆုံး တွေ့ဆုံမှုသုံးပွဲမှာလည်း တစ်ပွဲစီအနိုင်ယူထားကြပြီး သရေတစ်ပွဲဖြစ်ထားတာမို့ ခြေစွမ်းတူညီနေတဲ့ ဒီနှစ်သင်းရဲ့ ဖလားလုပွဲကတော့ ရင်ခုန်စရာ ကောင်းတဲ့ပွဲအဖြစ် အားပေးရမှာဖြစ်ပါတယ်။

ရီးရဲမက်ဒရစ် ဂိုးပြတ်နိုင်ပြီး ဗိုလ်လုပွဲတက်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ရီးရဲမက်ဒရစ်က ဘိုင်ယန်မြူးနစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်း ရီးရဲမက်ဒရစ်တို့ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။

ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ဆာဂျီယိုရာမို့စ်က ခေါင်းတိုက်ဂိုးဖြင့် နှစ်ဂိုး၊ စီရိုနယ်ဒိုက တန်ပြန်တိုက်စစ်မှ နှစ်ဂိုး သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်သည် ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရထား၍ နှစ်ကျော့ပေါင်း ငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ စီရိုနယ်ဒိုက ယင်းပွဲတွင် အလွတ်တည်ကန်ဘောမှ ချန်ပီယံလိဂ်၏ စံချိန်တင်ဂိုးဖြစ်သည့် ၁၆ဂိုးမြောက်အဖြစ် သွင်းယူခဲ့သည်။

ယင်းပွဲ ရီးရဲမက်ဒရစ်တို့ အနိုင်ရလိုက်သဖြင့် ဗိုလ်လုပွဲတွင် ချယ်လ်ဆီး သို့မဟုတ် အက်သလက်တီကိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ် ဂိုးအများဆုံး စံချိန်တင် စီရိုနယ်ဒိုသွင်းယူ

တိုက်စစ်မှူး စီရိုနယ်ဒိုက ချန်ပီယံလိဂ်တစ်ရာသီအတွင်း ဂိုးအများဆုံး စံချိန်ကို သွင်းယူလိုက်ပြီဖြစ်သည်။ ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ ကစားသည့်ပွဲတွင် ယခုနှစ်ရာသီအတွင်း ချန်ပီယံလိဂ်ဂိုးအများဆုံးအဖြစ် ၁၅ ဂိုးနှင့် ၁၆ ဂိုးမြောက် သွင်းယူပေးခဲ့သည်။ စီရိုနယ်ဒိုသည် ချန်ပီယံလိဂ် ၁၀ ပွဲတွင် ၁၆ ဂိုး သွင်းခဲ့ခြင်းဖြစ်သည်။ ယခင်က မက်ဆီသည် ၂၀၁၁-၂၀၁၂ ရာသီအတွင်း ၁၄ ဂိုးဖြင့် အများဆုံး သွင်းယူနိုင်ခဲ့သည်။ မန်ယူကစားသမားဟောင်း စီရိုနယ်ဒိုသည် ၎င်း၏ ဘောလုံးသမား သက်တမ်းတစ်လျှောက် ချန်ပီယံလိဂ်ဂိုးပေါင်း ၆၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီဖြစ်သည်။

▼ ကောင်းမြတ်သူ-စုစည်းသည်

ယူရိုပါလိဂ်ပွဲစဉ်နှင့် စီးရီးအေရပ်တည်မှု

သီဟ

ယူရိုပါလိဂ် ဆီမီးဖိုင်နယ် (ဒုကျော့) **မေ ၃**

ဗလင်စီယာ	-	ဆီဗီလာ	(ပကျော့ ၀-၂)	နံနက် ၁း၃၅
ဂျူဗင်တပ်စ်	-	ဘင်ဖီကာ	(ပကျော့ ၁-၂)	နံနက် ၁း၃၅

အီတလီစီးရီးအေ ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဂျူဗင်တပ်စ်	၃၅	၃၀	၃	၂	၉၃
၂	ရိုးမား	၃၅	၂၆	၇	၂	၈၅
၃	နာပိုလီ	၃၅	၂၀	၉	၆	၆၉
၄	ဖီအိုရင်တီးနား	၃၅	၁၈	၇	၁၀	၆၁
၅	အင်တာ	၃၅	၁၄	၁၅	၆	၅၇
၆	တိုရီနို	၃၅	၁၄	၁၀	၁၁	၅၂
၇	လာဇီယို	၃၅	၁၄	၁၀	၁၁	၅၂
၈	ဗီရိုနာ	၃၅	၁၆	၄	၁၅	၅၂
၉	ပါးမား	၃၅	၁၃	၁၂	၁၀	၅၁
၁၀	အေစီမီလန်	၃၅	၁၄	၉	၁၂	၅၁
၁၁	အတ္တလန္တာ	၃၅	၁၄	၅	၁၆	၄၇
၁၂	ဆမ်ဒိုးရီးယား	၃၅	၁၂	၈	၁၅	၄၄
၁၃	ဂျီနိုအာ	၃၅	၁၀	၁၀	၁၅	၄၀
၁၄	ကက်ဂလီယာရီ	၃၅	၉	၁၂	၁၄	၃၉
၁၅	အူဒီးနိစ်	၃၅	၁၁	၆	၁၈	၃၉
၁၆	ချီယေဗို	၃၅	၈	၆	၂၁	၃၀
၁၇	ဆက်ဆူအိုလို	၃၅	၇	၇	၂၁	၂၈
၁၈	ဘိုလော့ဂ်နာ	၃၅	၅	၁၃	၁၇	၂၈
၁၉	လီဗော်နို	၃၅	၆	၇	၂၂	၂၅
၂၀	ကာတာနီးယား	၃၅	၅	၈	၂၂	၂၃

အီတလီစီးရီးအေ ဂိုးအများဆုံး ခုနစ်ဦး

၁။	အင်မ်မိုဘိုင်း	(တိုရီနို)	၂၁ဂိုး
၂။	တိုနီ	(ဗီရိုနာ)	၁၉ဂိုး
၃။	တီဗက်ဇ်	(ဂျူဗင်တပ်စ်)	၁၈ဂိုး
၄။	ဟီဂူအင်	(နာပိုလီ)	၁၇ဂိုး
၅။	ပလာစီယို	(အင်တာ)	၁၅ဂိုး
၆။	လော်ရန်တီ	(ဂျူဗင်တပ်စ်)	၁၅ဂိုး
၇။	ဘာလော့တယ်လီ	(အေစီ)	၁၄ဂိုး

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့လာသည့် အကြံပြုစာများ ကိစ္စတင်ပြခြင်း

ယမန်နေ့မှအဆက်

သို့ဖြစ်သောကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၂၉ မြို့နယ်ရှိသည့်အနက် လက်ရှိ မြို့နယ်အဆင့်ဖွဲ့စည်းထားသော အဖွဲ့အစည်း လေးဖွဲ့ဖြင့်သာ တိုင်းအဆင့်ကို ကိုယ်စားပြုမည်ဆိုပါကပြည့်စုံမှုမရှိနိုင်သကဲ့သို့မြို့နယ်အဆင့် လေးဖွဲ့သာမက တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအခြေခံအလုပ်သမားအဖွဲ့အစည်းရှိသော မြို့နယ် ၁၂ မြို့နယ်မှ မြို့နယ်အဆင့်ဖွဲ့စည်း၍ ယင်းမြို့နယ်များအားလုံး တိုင်းဒေသကြီးအဆင့်တွင် ပါဝင်ခြင်းဖြင့် တိုင်းဒေသကြီးအဆင့်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် အခြေခံအလုပ်သမားအဖွဲ့အစည်းရှိသော မြို့နယ် ၁၁ မြို့နယ်မှ ပါဝင်ဖွဲ့စည်းနိုင်ရေး စီစစ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - ထို့အပြင် မြို့နယ်ဦးစီးမှူးမှ အလုပ်သမားအဖွဲ့အစည်းမှတ်ပုံတင်ရာတွင် လိုအပ်သည့် အချက်များထက်ကျော်လွန်၍ အဖွဲ့ဝင်များ၏ ထောက်ခံချက်များတောင်းခံခြင်း၊ မြို့နယ်အဖွဲ့အစည်း တံဆိပ်တုံးများရိုက်နှိပ်ခိုင်းခြင်းနှင့် တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးအရပြောဆိုမှုများအား နားယောင်၍ ဥပဒေကို ကျော်လွန်ကာ လိုက်ပါဆောင်ရွက်ခြင်းများရှိနေပါကြောင်း၊ ထိုကဲ့သို့ တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုမှ မိမိကိုယ်တိုင် ကြိုတင်သဘောတူဆောင်ရွက်ခဲ့ပြီး လွတ်လပ်စွာရွေးကောက်ပွဲပြုလုပ်၍ ဖွဲ့စည်းခဲ့ပြီးနောက် ကျိုးကြောင်း ညီညွတ်မှုမရှိစွာဖြင့် ကန့်ကွက်ခြင်းအား လက်ခံကာ ဥပဒေပါအတိုင်း အများစု၏သဘောဖြင့် ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းအဆင့်ဆင့်၏ မှတ်ပုံတင်ခြင်းကို လက်မခံခြင်း၊ ကြန့်ကြာစေရန်ဆောင်ရွက်ခြင်းနှင့် ကန့်သတ်ပိတ်ပင်ရန် ကြိုးပမ်းနေခြင်းသည် ထုတ်ပြန်ထားသည့် အလုပ်သမားအဖွဲ့အစည်းဥပဒေကို ချိုးဖောက်ခြင်းသာမက နိုင်ငံတော်မှ လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် အမှတ်(၈၇)ပါ လွတ်လပ်စွာ အသင်းဖွဲ့စည်းပိုင်ခွင့်ကို ချိုးဖောက်ရာ ရောက်နေပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများ ရာနှုန်းပြည့်ထောက်ခံခြင်းမရှိပါက တစ်နည်းအားဖြင့် တစ်ဦးတစ်ယောက်က ကန့်ကွက်ပါလျှင် မှတ်ပုံတင်၍ မရသည့်အခက်အခဲအား ဖြေရှင်းပေးမှုမရှိပါက အလုပ်သမားအဖွဲ့အစည်းများသည် မည်သည့်အခါမျှမှတ်ပုံတင်ခွင့်ရရှိမည် မဟုတ်ပါကြောင်း၊

ဖြေ - အလုပ်သမားအဖွဲ့အစည်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် မှတ်ပုံတင်အရာရှိချုပ်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအပေါ်တွင် လိုအပ်ချက်များရှိပါက မြို့နယ်မှတ်ပုံတင်အရာရှိများက ပြန်လည်တောင်းခံခြင်းများကို ပြုလုပ်ရခြင်းဖြစ်ပြီး မြို့နယ်မှတ်ပုံတင်အရာရှိများက ဥပဒေအားကျော်လွန်၍ ဆောင်ရွက်ချက်များရှိပါက အထောက်အထားနှင့်တကွ တင်ပြတိုင်ကြားနိုင်ပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းများကိုဖွဲ့စည်းရာတွင် အလုပ်သမားအဖွဲ့အစည်းဥပဒေ၏ ရည်ရွယ်ချက်အတိုင်း အလုပ်သမားများ၏ အရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ရန်ထက် အဖွဲ့အစည်း၏အမည်အား ရှေ့တန်းတင်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရပါသည်။

မေး - အခြားကြုံတွေ့ရသည့် အခက်အခဲတစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် မှတ်ပုံတင်ခွင့်ရရှိပြီးသော အခြေခံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားအဖွဲ့အစည်း ရှစ်ဖွဲ့မှ စုပေါင်း၍ သန်လျင်မြို့နယ် တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားအဖွဲ့အား ဖွဲ့စည်းခဲ့ရာ လိုအပ်သည့် အချက်အလက်များနှင့်အတူ မြို့နယ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားခဲ့ရာ အဖွဲ့အစည်းမှတ်ပုံတင်ခွင့် မပြုသေးသည့် သုံးဖွဲ့အား ခွင့်ပြုချက်ရရှိသည့်အချိန်အထိ စောင့်ဆိုင်းရန် ပြောကြားခဲ့ပြီး လျှောက်ထားချက်ကို လက်ခံရန်ငြင်းပယ်ခဲ့သည်မှာ ဥပဒေနှင့် မညီညွတ်ပါကြောင်း၊

ဖြေ - သန်လျင်မြို့နယ် တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမား အဖွဲ့အစည်း လျှောက်ထားရာ၌ အဖွဲ့အစည်းမှတ်ပုံတင်လျှောက်ထားဆဲဖြစ်သည့် အဖွဲ့အစည်း သုံးဖွဲ့အား ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် ယင်းအဖွဲ့အစည်းများ အသိအမှတ်ပြုလက်မှတ်များရရှိသည့်အချိန်မှသာ မြို့နယ်အဆင့်အဖွဲ့အစည်းအား ဖွဲ့စည်းသင့်သည်ဟုအကြံပြုထားခြင်းသာဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ သန်လျင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၁ ဖွဲ့ပါဝင်လျက် မြို့နယ်အဆင့်ဖွဲ့စည်းရန် လျှောက်လွှာအား ၄-၂-၂၀၁၄ ရက်နေ့တွင်လက်ခံရရှိပါသောကြောင့် ဥပဒေနှင့်အညီစိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အဆင့် တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားအဖွဲ့အစည်းအား ဖွဲ့စည်း၍ မှတ်ပုံတင်လျှောက်ထားခဲ့ရာ ၁၇-၅-၂၀၁၃ ရက်နေ့တွင် မှတ်ပုံတင်လျှောက်လွှာရရှိကြောင်း အသိအမှတ်ပြုလက်မှတ် ပုံစံ(၆)အား ရရှိခဲ့သော်လည်း အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ် ပုံစံ(၇) မရရှိသေးသည်မှာ ခုနစ်လကျော်ကြာမြင့်နေပါသဖြင့် ဥပဒေအရညီညွတ်မှုမရှိပါကြောင်း၊

ဖြေ - ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အဆင့် တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အလုပ်သမားအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းပေးရန် လျှောက်ထားရာတွင် ပုံစံ(၃)၌ လက်မှတ်များကို မဟုတ်မမှတ်လုပ်ကြံဖန်တီးရေးထိုး၍ လိမ်လည်လျှောက်ထားသည်ဟု အခြေခံအဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်စွပ်စွဲတိုင်ကြားချက်များ ပြုလုပ်ခဲ့ကြပြီး မြို့နယ်အဆင့်ဖွဲ့စည်းရာတွင်လည်း အချို့အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ ၎င်းတို့အဖွဲ့အစည်း မပါဝင်ဟုယူဆသဖြင့် အဖွဲ့အစည်းအချင်းချင်း တိုင်ကြားမှုများကို ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ဒေးဒရဲမြို့နယ်တောင်သူလယ်သမားနှင့်စိုက်ပျိုးရေးအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်ရေးအတွက် ဒေးဒရဲမြို့နယ်အတွင်းရှိ တောင်သူလယ်သမားနှင့်စိုက်ပျိုးရေး အခြေခံအဖွဲ့အစည်းများ အချင်းချင်း ပြန်လည်တွေ့ဆုံညှိနှိုင်း၍ အစည်းအဝေးပြုလုပ်ပြီး အမှုဆောင်များပြန်လည် ရွေးချယ်ကာ ထပ်မံလျှောက်ထားရန် အကြံပြုထားပါကြောင်း ဖြေကြားအပ်ပါသည်။

မေး - ဥပဒေတွင် လုပ်ငန်းအမျိုးအစားတူ အလုပ်သမားအဖွဲ့အစည်းသည် မြို့နယ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုတို့တွင် တစ်ဖွဲ့သာဖွဲ့စည်းရမည်၊ အလုပ်သမားအဖွဲ့ချုပ်ကိုလည်း တစ်ဖွဲ့တည်းသာ ဖွဲ့စည်းရမည်ဟု ကန့်သတ်ထားခြင်းမရှိသော်လည်း ကန့်သတ်မှုများပြုလုပ်နေပါကြောင်း၊ သို့သော် အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရာတွင် လုပ်ငန်းအမျိုးအစားတူ စက်ရုံတစ်ခုတည်း၌ အခြေခံအလုပ်သမား သမဂ္ဂ ၂ ဖွဲ့ သို့မဟုတ် ၃ ဖွဲ့အထိ မှတ်ပုံတင်ခွင့်ပြုပေးထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ အလုပ်သမားဥပဒေပါအတိုင်း အလုပ်သမားအဖွဲ့အစည်းများအား အဆင့်ဆင့် လွတ်လပ်စွာဖွဲ့စည်း မှတ်ပုံတင်ခွင့်ရရှိရေးအတွက် အတားအဆီးဖြစ်နေသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးပါရန်။ *(ဆက်လက်ဖော်ပြပါမည်)*

ထားဝယ်မြို့နယ်ရှိစာပေရေချမ်းစင် ၂၄ ခုကို စာစဉ်အသစ်များ ထပ်မံဖြည့်ဆည်းပေး

ထားဝယ် မေ ၃၀

စာပေရေချမ်းစင်များအား လူစည်ကားသည့် နေရာများနှင့် အများနှင့် ထိတွေ့ဆက်ဆံရသည့် နေရာများ၊ ဌာနများတွင် ဖွင့်လှစ်ပေးထားခြင်းသည် ဒေသအတွင်းမှ ပြည်သူများ မိမိတို့၏လုပ်ငန်းကိစ္စအဝဝများကို သွားလာဆောင်ရွက်ကြရင်း တစ်ဖက်တစ်လမ်းမှ စာပေရေချမ်းစင်များနှင့် ထိတွေ့မှုရှိကာမိမိတို့အလိုရှိရာစာပေဗဟုသုတများကို အချိန်တိုအတွင်း ထိတွေ့လေ့လာဖတ်ရှုစေလိုသော ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။

ထားဝယ်ခရိုင်ရုံးသည် မေ ၂၅ ရက် မေလအတွက် အသစ် ထုတ်ဝေထားသော အတွဲ(၂) အမှတ်(၄) စာစဉ်များဖြစ်သည့် နိုင်ငံရေးရာ၊ လူမှုရေးရာ၊စီးပွားရေးရာ၊ ပညာရေးရာ၊ ဘာသာရေးရာ၊ ကျန်းမာရေးရာ၊ စိုက်ပျိုးမွေးမြူရေးရာ၊ အားကစားရေးရာ အစရှိသည့် စာစဉ် ၁၃ မျိုးကို ထားဝယ်အတွင်းရှိ နံရံကပ်စာပေရေချမ်းစင်များရှိသည့် နေရာ ၂၄ နေရာသို့ ခရိုင်ရုံးမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဖြည့်ဆည်းပေးခဲ့ရာ စာစဉ်အသစ်များကို မျှော်လင့်နေကြသော ပြည်သူများအနေဖြင့် စာစဉ်များ လဲလှယ်ပေးမှုအပေါ် ကျေးဇူးတင်ဝမ်းသာနေကြသည်။ ထားဝယ်ခရိုင်အတွင်း၌ နံရံကပ်စာပေရေချမ်းစင်များကို ခရိုင်ရုံးအစီအစဉ်ဖြင့် ထားဝယ်မြို့နယ်အတွင်းရှိ နေရာ ၂၀၌လည်းကောင်း၊ အလှူရှင်များ၏ လှူဒါန်းသည့် အစီအစဉ်ဖြင့် နေရာလေးနေရာတွင် လည်းကောင်း ထားရှိထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဘဝရှေ့ဆောင်စာကြည့်တိုက်ဖွင့်ပွဲ သောင်ကြီးကျေးရွာ၌ကျင်းပ

ညောင်လေးပင် မေ ၃၀

ညောင်လေးပင်မြို့ သောင်ကြီးကျေးရွာနေပြည်သူများ အသိပညာ ဗဟုသုတများရရှိ၍ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းသော ဘဝရှေ့ဆောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယခုဖွင့်လှစ်လိုက်သော ဘဝရှေ့ဆောင် စာကြည့်တိုက်သည် အလျား ပေ ၂၀၊ အနံပေ ၂၀၊ အမြင့် ခြောက်ပေ ခြေတံရှည်ရေဘေးကင်းလွတ် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အအုံဖြစ်ပြီး မြေ အဆောက်အအုံ၊ ပရိဘောဂစာအုပ်များအပါအဝင်ငွေကျပ်သိန်း ၇၀ ခန့် ကုန်ကျခံကာ အလှူရှင် ဗိုလ်ကြီး ခင်ဝင်း(ငြိမ်း) ဒေါ်မူမူမိသားစုက ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

နေလင်း

ပထမအကြိမ် အားကစားနည်းအလိုက် အခြေခံနည်းပြသင်တန်းအတွက်

လျှောက်လွှာခေါ်ယူခြင်း

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အားကစားနည်းပြနှင့် ဒိုင်လူကြီးများ မွေးထုတ်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် အားကစားနည်းအလိုက် အခြေခံနည်းပြသင်တန်းနှင့် ဒိုင်သင်တန်းများကို နေပြည်တော်တွင် ဖွင့်လှစ်ပို့ချသွားရန်စီစဉ်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာအားကစားနည်းအလိုက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းအရည်အချင်းသတ်မှတ်ချက်အရ အားကစားဝန်ကြီးဌာနလက်အောက်ရှိ အားကစားနှင့်ကာယပညာသိပ္ပံများ၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် အားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် နည်းပြအကူဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်-

(က) အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)တို့တွင် ဖွင့်လှစ်ခဲ့သည့် အားပညာ/အားကစားလေ့ကျင့်ရေးသင်တန်းများတွင် အနည်းဆုံး သုံးနှစ်နှင့်အထက် ပညာသင်ကြားလေ့ကျင့်ခဲ့ဖူးသူများ။

(ခ) ပြည်နယ်နှင့်တိုင်း အလွတ်တန်းအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူများ။

(ဂ) ကျောင်းသားအားကစားပွဲတော်များတွင် နည်းပြတာဝန်ထမ်းဆောင်ခဲ့ဖူးသူများ။

(ဃ) အမျိုးသားအားကစားပွဲတော်များတွင် တပ်မတော်(ကြည်း၊ရေ၊လေ)အဆင့်၊ ဝန်ကြီးဌာနအဆင့် ပြည်နယ်နှင့်တိုင်းအဆင့် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူများ။

လျှောက်ထားလိုသူများအနေဖြင့် ပူးတွဲဖော်ပြပါ လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ လုံလောက်သောထောက်ခံချက်များ၊ အထောက်အထားများနှင့်တကွ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ဖုန်း-၀၆၇-၄၀၆၁၇၈၊ ဖက်စ်-၀၆၇-၄၀၆၂၃၇တို့သို့ ဆက်သွယ်မေးမြန်းပေးပို့နိုင်ပါသည်။

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
( ) အားကစားနည်းပြ/ဒိုင်လူကြီးသင်တန်း
(သင်တန်းဝင်ပုံစံ)

ဓာတ်ပုံ

(က) ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည် ------------------------------
၂။ ရာထူး/ ဌာန ------------------------------
၃။ အမျိုးသားမှတ်ပုံတင်အမှတ် (နိုင်ငံသားမှတ်ပုံတင်) --------------------
၄။ အဖအမည် --------------------
၅။ မွေးသက္ကရာဇ်နှင့်အသက် --------------------
၆။ ပညာအရည်အချင်း --------------------
၇။ လူမျိုး/ဘာသာ/အိမ်ထောင်ရှိ/မရှိ --------------------
၈။ အလုပ်စတင်ဝင်ရောက်သည့်ရက်စွဲ --------------------
၉။ တက်ရောက်ခဲ့ဖူးသောအားကစားသင်တန်းများ(ပြည်တွင်း/ပြည်ပ) --------------------
၁၀။ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သောဌာန --------------------
၁၁။ အဓိကအားကစားနှင့်အရည်အချင်း --------------------
၁၂။ အခြားစိတ်ဝင်စားသောအားကစားနည်းများ --------------------
၁၃။ ဆက်သွယ်ရန်နေရပ်လိပ်စာ (တာဝန်ထမ်းဆောင်ရာ၊မြို့နယ်/ပြည်နယ်/တိုင်း) --------------------

(လျှောက်ထားသူ)

လက်မှတ် ------------
အမည် ------------
ဖုန်း ------------

ကိုယ်တိုင်ဝန်ခံချက်

ဤသင်တန်းကို တက်ရောက်ခွင့်ရရှိပါက သင်တန်းဆိုင်ရာအုပ်ချုပ်မှု၊ အထွေထွေစည်းကမ်းများနှင့် ရံဖန်ရံခါထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တစ်သဝေမတိမ်းလိုက်နာပြီး သင်တန်းမှ ပို့ချမှုများကို ကြိုးစားသင်ယူမည်ဖြစ်ပါကြောင်း ကိုယ်တိုင်ဝန်ခံလက်မှတ်ရေးထိုးပါသည်။

အသိသက်သေ
ပြန်တမ်းဝင်အရာရှိတစ်ဦး

လျှောက်ထားသူ

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဦးဘအေး၏သမီး မပြည့်မွန်ဟန် ၁၀/မလမ(နိုင်)၁၃၁၃၃၂ အား မပြည့်မွန်ဟန်ကျော်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

မပြည့်မွန်ဟန်ကျော်

အမည်ပြောင်း

ဖားကန့်မြို့၊ မရိုကထောင်ရပ်ကွက်နေ ဦးဝင်းသူ ၅/ရဥန(နိုင်)၀၆၀၅၇၈ ၏သမီး မရိုကထောင် အလက စတုတ္ထတန်း(A)မှ မလင်းလင်းသန့်အား မခိုင်ဇာလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခိုင်ဇာလွင်**

ဖခင်အမည်မှန်

မြိတ်မြို့၊ ရွှေပေးရွာ အလက(ခွဲ)၊ အဋ္ဌမတန်း(A)မှ မဆောင်းနှင်းထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းညွန့် ဖြစ်ပါကြောင်း။

ဦးသန်းညွန့် ၆/မအရ(နိုင်)၀၁၉၇၇၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(၁)	ဘိလပ်မြေ	၉၅၃၀ အိတ်
(၂)	သံချောင်းလုံးရှယ်စုံ	၆၁.၁ တန်
(၃)	ခွဲကျောက်ရှယ်စုံ	၁၅၉၆၆ ကျင်း
(၄)	ကျောက်စရစ်	၅၀ ကျင်း
(၅)	သဲ	၁၆၂ ကျင်း
(၆)	သဲရောကျောက်	၆၀၄၀ ကျင်း
(၇)	မိုင်းချေး	၃၅၀ ကျင်း

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၉-၄-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်ရက် - ၁၄-၅-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်ချိန် - မွန်းတည့် ၁၂:၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက် - ၁၅-၅-၂၀၁၄ ရက်
တင်ဒါဖွင့်လှစ်မည့်အချိန် - မွန်းလွဲ ၂:၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မြိတ်ခရိုင်

အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မြိတ်ခရိုင်၊ မြိတ်မြို့၊
ဖုန်း-၀၅၉-၄၁၀၀၇၊ ၀၅၉-၄၁၁၁၇

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နိုင်ငံတော်သြဝါဒါစရိယဆရာတော် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ဇဝန်းမြောက်ကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာဇောတ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ခမည်းတော် ဦးဘိုးရှိန်-မယ်တော်ဒေါ်လှငြိမ်းတို့မှ ၁၂၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် ကြာသတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၉ ခုနှစ်၊ ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဇဝန်းမြောက်ကျောင်း ခဏ္ဍသိမ်တော်၌ ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ဇဝန်းရွာ ဒါယကာ၊ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဇဝန်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ဇဝန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသတို့ထံတွင် ပဋ္ဌိကတ်စာပေများ ဆက်လက်၍ သင်ယူဆည်းပူးခဲ့ပါသည်။

သာသနာရေးအားပေး ဆောင်ရွက်ပေးတော်မူခြင်း

ဆရာတော်သည်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော် သြဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ရှင်သာမဏေ၊ ကျောင်းသား၊ ကျောင်းသူများအား လောကီ၊ လောကုတ္တရာစာပေများ သင်ကြားပေးခြင်း၊ သာသနာရေးကိစ္စမှန်သမျှ စွမ်းစွမ်းတမံဆောင်ရွက်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ ရဟန်း၊ သာမဏေ၊ ကျောင်းသားများကို တရားဓမ္မများ ဟောပြောဆုံးမသြဝါဒပေးခြင်းစသော သာသနာပြုတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၈)နှစ်၊ သိက္ခာတော် ၇၈ ဝါအရ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ဧပြီ ၂၅ ရက် သောကြာနေ့ ညနေ ၄ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မွန်ပြည်နယ်အထိမ်းအမှတ် ဟင်္သာမောင်နှံအက ရုပ်တုထုလုပ်

မွန်ပြည်နယ်ရေးမြို့ကျက်သရေဆောင်အဖြစ်ပန်းပုထုလုပ်ထားသည့် မွန်ပြည်နယ် အထိမ်းအမှတ် ဟင်္သာမောင်နှံအကရုပ်တုကိုမြို့၏လှပတင့်တယ် ခံ့ညားအချက်အချာကျသော ဗိုလ်ချုပ်လမ်းမကြီးနှင့် တနင်္သာရီလမ်းမကြီးရှိ လမ်းဆုံနေရာတွင် ထုလုပ်ခဲ့ရာရုပ်တုကို ရေးမြို့မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်၍ စေတနာရှင်များ၏ လှူဒါန်းငွေကျပ်သိန်း၃၀ခန့်အကုန်အကျခံပြီးမြို့နယ်ရှိ သံဃနာယကအဖွဲ့ဝင်ဆရာတော်များနှင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက တပို့တွဲလဆုတ်၇ရက် နံနက်၇နာရီ ၄၅မိနစ်တွင် အုတ်မြစ်ချလျက် ပန်းချီပန်းပုပညာရှင်ဦးကြည်ဝင်းအဖွဲ့ကတာဝန်ယူ ထုလုပ်ပြီးစီးသွားပြီဖြစ်သည်။ ဟင်္သာမောင်နှံအကရုပ်တုဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ကျင်းပမည်ဖြစ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ရှိဌာနဆိုင်ရာများ၊ အထောက်အကူပြု ကော်မတီဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊

ဒေသခံပြည်သူများနှင့် ပင့်ဖိတ်ထားသောဆရာတော်ကြီးများ၊ ကရင်စာပေယဉ်ကျေးမှု ကော်မတီနှင့် ပအိုဝ်းစာပေယဉ်ကျေးမှု ကော်မတီ၊ တိုင်းရင်းသား တိုင်းရင်းသူညီအစ်ကိုမောင်နှမများ၊ မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်များ၊ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက မွန်ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့်ဖျော်ဖြေတင်ဆက်တက်ရောက်ချီးမြှင့်ပေးမည်ဖြစ်သည်။ အဆိုပါရုပ်တုကိုထုလုပ်ရခြင်းအဓိကရည်ရွယ်ချက်များမှာ မွန်ပြည်နယ်အထိမ်းအမှတ်မွန်တိုင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်အစဉ်အလာများကိုရိုးရာမပျက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များအား ဆက်လက်ထိန်းသိမ်းရန်ဖြစ်ကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများ သမဝါယမချေးငွေရရှိ၍ လုပ်ငန်းအဆင်ပြေ

ဂန့်ဂေါ ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာအုပ်စု အုတ်လှကျေးရွာတွင် ရိုးရာရက်ကန်းလုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုနေသူများ သမဝါယမချေးငွေရရှိ၍ငွေကြေးအရင်းအနှီးအတွက် မပူပင်ရတော့ဘဲလုပ်ငန်းများအဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အုတ်လှကျေးရွာသည် အိမ်ခြေ ၁၂၀ခန့်ရှိပြီး ချင်းလူမျိုးများအများစုနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ကာ အမျိုးသားအများစုက ကျပန်းလုပ်ငန်းများလုပ်ကိုင်လျက် အမျိုးသမီးအများစုက ရိုးရာရက်ကန်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း၊ ရိုးရာရက်ကန်းလုပ်ငန်းအတွက် ငွေကြေးအရင်းအနှီးရရှိရန် အခက်အခဲရှိခဲ့ကြကြောင်း၊ မကြာသေးမီကာလက သမဝါယမဝန်ကြီးဌာနက ကျေးရွာတစ်ရွာ သမဝါယမအသင်းတစ်သင်းဖွဲ့စည်းရေးစီမံချက်ဖြင့် နိုင်ငံအနှံ့အပြားရှိ ကျေးရွာများ၌ သမဝါယမအသင်းများဖွဲ့စည်းပေးရာတွင် အုတ်လှကျေးရွာတွင်လည်း အင်အားသစ်အမည်ရှိ အသေးစားငွေစုငွေချေးလုပ်ငန်း သမဝါယမအသင်းကိုအသင်းသားထားခဲ့ပြီးနောက် သမဝါယမဝန်ကြီးဌာန၏ အစီအမံဖြင့် ပံ့ပိုးချေးငွေရရှိခဲ့၍ အသင်းသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ စီကို အတိုးနှုန်းနည်းပါးစွာဖြင့် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ထိုချေးငွေပမာဏသည် တစ်ပိုင်တစ်နိုင် ရိုးရာရက်ကန်းလုပ်ငန်းအတွက် ဝန်နှင့်အားမျှတမှုရှိ၍ အဆင်ပြေကြောင်း ယင်းသမဝါယမအသင်းထံမှသိရသည်။

"အမှန်တကယ်လုပ်ငန်းလုပ်ကိုင်နေပြီး အမှန်တကယ်လည်း ငွေကြေးအရင်းအနှီး လိုအပ်နေသူအတွက် အသေးစားချေးငွေဆိုတာဟာ သဲကန္တာရထဲကရေကြည်တစ်စက်လိုပဲ တန်ဖိုးမဖြတ်နိုင်ပါဘူး" ဟုအသင်းဥက္ကဋ္ဌ ဦးမောင်မောင်လေးကပြောကြားသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

မသန်စွမ်းကျောင်းသားများ ပညာသင်ထောက်ပံ့ရေး အကူအညီပေးမည်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများမှ မသန်စွမ်းကလေးများ ပညာသင်ကြားနိုင်ရေးအတွက် ဂျပန်နိုင်ငံအခြေစိုက် နီပွန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံမှ အေဒင်အုပ်စုအပါအဝင် မြန်မာ့ရွှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့ ပူးပေါင်း၍ မသန်စွမ်းကလေးများအတွက် တက္ကသိုလ်ပညာရပ် ပြီးဆုံးသည်အထိ အထောက်အပံ့ပေးသွားမည်ဖြစ်သည့်အပြင် အလုပ်အကိုင်ရရှိရေးအတွက်လည်း ကူညီပေးသွားမည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

"အခုအချိန်မှာတော့ ကျောင်းသား ၃၀ ဝန်းကျင်လောက်နဲ့ စတင်မယ်။ နောက်နှစ်တွေမှာတော့ ပိုပြီး များလာလိမ့်မယ်"ဟု နီပွန်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် ဒါရိုက်တာ မစ္စတာ ရှုအီချီအိုနိုက ပြောကြားသည်။

အဆိုပါ ကူညီထောက်ပံ့မှုအစီအစဉ်ကို လာမည့်ဇွန်လ၌ စတင်အကောင်ထည်ဖော် လုပ်ဆောင်သွားမည်ဟု သိရသည်။

မြတ်စန္ဒီသင်းဇော်

စပါးရောင်းချရန်အတွက် တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မျိုးစပါးများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများသည် လာရောက်ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

	ပုလဲသွယ်	ဆင်းသွယ်လတ်	ဧရာမင်း	ဆင်းသုခ	မနောသုခ
(၁) လုပဒါးစိုက်ကွင်း	၁၆၀၀ တင်း	၂၄၅၀ တင်း	၃၀၅၀ တင်း	-	-
(၂) ကျွန်းကလေးစိုက်ကွင်း	၅၀၀ တင်း	၇၀၀ တင်း	-	-	-
(၃) လေးထောင့်ကန်ခြံ	၄၅၀ တင်း	-	-	၃၅၀ တင်း	၃၅၀ တင်း
	၂၅၅၀ တင်း	**၃၁၅၀ တင်း**	**၃၀၅၀ တင်း**	**၃၅၀ တင်း**	**၃၅၀ တင်း**

(၄) **တင်ဒါဖွင့်လှစ်ရောင်းချမည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

(၅) **တင်ဒါဖွင့်လှစ်ရောင်းချမည့်ရက်** - ၇-၅-၂၀၁၄ ရက်

(၆) **တင်ဒါဖွင့်လှစ်ရောင်းချမည့်အချိန်** - နံနက် ၁၁:၀၀ နာရီ

(၇) **စုံစမ်းနိုင်သည့်ဖုန်းနံပါတ်** - ၀၁-၆၆၅၁၃၈

တင်ဒါရောင်းချရေးအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရေဦးမြို့နယ် တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၁၃

မဇာလီနိုင် **နှင့်** ဦးမျိုးတင့်
တရားလို **တရားပြိုင်**

ရေဦးမြို့နယ်၊ မူးသာကုန်ကျေးရွာရပ်နေ ဦးမျိုးတင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မဇာလီနိုင်က ကလေးစရိတ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၂၉ရက် (၁၃၇၆ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်ဆွေလင်း
မြို့နယ်တရားသူကြီး
ရေဦးမြို့နယ်တရားရုံး

ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၇၊ အခန်း ၃၁ ဦးသန်းထိုက်ဦး၏အမည်မှန်မှာ ဦးကျော်ငြိမ်း ၁၄/ကပန(နိုင်)၂၃၂၃၄၃ ဖြစ်၍ ဖခင်အမည်မှန်မှာ ဦးစိုးကြီး ဖြစ်ပါကြောင်း။

ဦးကျော်ငြိမ်း(ဘ)ဦးစိုးကြီး

အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၇၊ အခန်း ၃၁ နေ ၁၂/မဘန(နိုင်)၀၇၄၃၇၀ ကိုင်ဆောင်သူ၏အမည်မှန်မှာ မဉမ္မာအေး ဖြစ်ပါကြောင်း။ **မဉမ္မာအေး**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၉၅၁၊ မြေကွက်တည်နေရာအမှတ် ၉၅၁၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးအုန်းငွေ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအုန်းငွေ(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းရင် ၁၂/သကတ(နိုင်)၀၈၇၈၆၀မှ သေစာရင်း၊ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ နောက်လယ် ၄ လမ်း၊ အိမ်အမှတ် ၁၆၂ နေ ဦးကြည်စိန်၏သမီး မတင်မာဝင်း၏အမည်မှန်မှာ မလင်းလဲ့လဲ့လှိုင်၊ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၁-၁၉၈၈ ဖြစ်ပါကြောင်း။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်စောသန့် ၁၄/သပန(နိုင်)၀၇၉၇၅၁ နှင့် ကျွန်မ မဆုဝေရည်သန့် ၆/ဘပန(နိုင်)၀၂၅၆၉၄ တို့နှစ်ဦးသည် စိတ်သဘောထားချင်းမတိုက်ဆိုင်၍ ၅-၃-၂၀၁၃ရက်တွင် တရားရုံး၌ တရားဝင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်စောသန့်
မဆုဝေရည်သန့်

ဘုရင့်နောင်ပွဲရုံဝင်းရှိ ကုန်မျိုးစုံကုန်ခြောက် (လက်လီ) ပွဲရုံများ၏ ကုန်တင်ကုန်ချခများ ပြင်ဆင်သတ်မှတ်ပေး

ရန်ကုန် ဧပြီ ၃၀

ဧပြီ ၂၈ ရက်နေ့စွဲဖြင့် ဘုရင့်နောင်ပွဲရုံနယ်မြေရှိ ကုန်မျိုးစုံ ကုန်ခြောက် (လက်လီ) ပွဲရုံများ၏ကုန်တင်ကုန်ချခများ ပြင်ဆင်သတ်မှတ်ကြေညာချက် ထုတ်ပြန်ထားသည်ဟု ကုန်စည်ဒိုင်သို့သွားရောက်သည့်ကုန်သည်များက ဆိုသည်။

အဆိုပါ ကြေညာချက်တွင် ဧပြီ ၂၅ ရက်တွင် ကျင်းပသော ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပုံမှန် အလုပ်အမှုဆောင် အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၄)တွင်ကုန်စည်အလိုက် အမှုဆောင် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးချက်အရ ပွဲရုံများ၏ ကုန်တင်ကုန်ချအလုပ်သမားခများကို ၂၀၁၄ မေ ၂ ရက် (သောကြာနေ့)မှ အစပြု၍ အောက်ပါနှုန်းထားများအတိုင်း ပေးချေကြရန် ဆုံးဖြတ်ပါသည်ဟု ဖော်ပြထားကြောင်း သိရသည်။

ယင်းကြေညာချက်တွင် ကြက်သွန်နီတစ်အိတ်ကားချခ ငွေကျပ် ၆၀၊ ချိန်တင်ခ ၇၅ ကျပ် နှုန်း၊ ကြက်သွန်ဖြူ တစ်အိတ်ကားချခ ငွေကျပ် ၆၀၊ ချိန်တင်ခ ၇၅ ကျပ် နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူတစ်အိတ် ကားချခ ငွေကျပ် ၃၀၊ ချိန်တင်ခ ငွေကျပ် ၄၀ နှုန်း၊ အာလူးတစ်အိတ် ကားချခ ၇၅ ကျပ်၊ ချိန်တင်ခ ငွေကျပ် ၁၀၀ နှုန်း၊ မန်ကျည်းသီး (ပုံး)တစ်ပုံး ကားချခ ၂၅ ကျပ်၊ ချိန်တင်ခ ၂၅ ကျပ်၊ မန်ကျည်းသီး (အိတ်) တစ်အိတ်ကားချခ ငွေကျပ် ၅၀၊ ချိန်တင်ခ ငွေကျပ် ၅၀ နှုန်း၊ ငရုတ်တစ်အိတ်ကားချခ ငွေကျပ် ၅၀၊ ချိန်တင်ခ ငွေကျပ် ၅၀၊ သကြား တစ်အိတ် ကားချခ ငွေကျပ် ၅၀၊ ချိန်တင်ခ ငွေကျပ် ၅၀ နှုန်း၊ ထန်းလျက် တစ်ဘူး ကားချခ ၂၅ ကျပ်၊ ချိန်တင်ခ ၂၅ ကျပ် နှုန်းဖြစ် ကြောင်း ဖော်ပြထားသည်ဟု သိရသည်။

ယခုအလုပ်သမားခ ပြင်ဆင်မသတ်မှတ်မီ ကာလများတွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပွဲရုံများတွင် အလုပ်သမားခများ နှုန်းအမျိုးမျိုးဖြင့် တောင်းခံနေမှုများရှိရာ ကုန်ဝယ်သူများနှင့်အလုပ်သမားခတောင်းခံမှုအပေါ် မကြာခဏ အချေအတင်ပြောဆိုရမှုများရှိခဲ့ရာ မေ ၂ ရက်မှစတင်၍ အလုပ်သမားခနှုန်းထားကို ကုန်စည်အလိုက် တစ်ပြေးညီသတ်မှတ်လိုက်ရာ ယင်းအလုပ်သမားခနှုန်းသတ်မှတ်ချက်ကို ပွဲရုံဝင်းအတွင်းရှိ ပွဲရုံများတွင် အလုပ်သမားခပေးချေရသည့်ဝယ်ယူသူများပါ သိသာစေရန် ကပ်ထားသင့်ကြောင်း လက်လီဝယ်ယူသူများက ဆိုသည်။

ဧပြီလကုန်မှစ၍ တိုးမြှင့် သတ်မှတ်လိုက်သော လစာနှုန်းထားအသစ်ကို နိုင်ငံ့ဝန်ထမ်းများစတင်ခံစားလာရသည့်နည်းတူ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်စည်အလိုက် အလုပ်သမားခနှုန်းထားများ မတူညီဘဲ ပေးချေနေရမှုအပေါ် တာဝန်ရှိသူများမှတစ်ပြေးညီ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ကြေညာပေးခြင်းသည် ဝယ်ယူသူများအတွက် ပိုမိုအဆင်ပြေလာသည်ဟု နေ့စဉ်ကုန်ဝယ်နေရသူများက ဆိုသည်။

ခင်ဆိုင်

နယ်လှည့်စာကြည့်တိုက်နှင့်စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲဆောင်ရွက်

ဝက်လက် ဧပြီ ၃၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ စာပေဖတ်ရှုနိုင်ရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန်အတွက် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ဘိုတဲကျေးရွာ၌ ကျင်းပသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်နှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများ စာပေဖတ်ရှုနိုင်ရန်အတွက် သုတရသ စာအုပ်များကို ကျေးရွာအရောက် သွားရောက်ငှားရမ်းပေးပြီး မြို့နယ်ဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေ၏ အကျိုးကျေးဇူး၊ စာပေဖတ်ရှုခြင်းအားဖြင့် မိမိတို့ဘဝ၊ မိမိတို့ကျေးရွာ တိုးတက်လာနိုင်သည်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

နန်းမြင့်

စွန့်လွှတ်သည့် လယ်ယာမြေများ ပြန်လည်လွှဲပြောင်းပေးအပ်

မိုးကောင်း ဧပြီ ၃၀

မိုးကောင်းမြို့နယ်တွင် တပ်ရင်းတပ်ဖွဲ့များမှ စွန့်လွှတ်သည့် လယ်ယာမြေများ မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက မိုးကောင်းခန်းမ၌ကျင်းပရာ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီနှင့်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က စွန့်လွှတ်သည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးစိုးနွယ်၊ ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက စွန့်လွှတ်သည့်လယ်ယာမြေများကို မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ကြသည်။ မိုးကောင်းမြို့နယ်တွင် တပ်ရင်းတပ်ဖွဲ့ ၁၂ ခုမှ စွန့်လွှတ်သည့် မြေဧရိယာ ၇၆၆၇ ဒသမ ၆၁ ဧကရှိပြီး တောင်သူ ၆၈ ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက ၆၃၀ဒသမ ၂၇ ဧက ပါဝင်ကြောင်း သိရသည်။

ဝင်းအောင်

ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

ကျိုင်းတုံ ဧပြီ ၃၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံတွင် ကျိုင်းတုံ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်း ဦးဆောင်၍ ဧပြီ၂၇ရက် နံနက်ပိုင်းက ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ကြသည်။ ရှေးဦးစွာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပရာ ဆေးရုံအုပ်ကြီးဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာမို့မို့အောင်၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးသူဇာဆွေ၊ အထွေထွေရောဂါကု လက်ထောက်ဆရာဝန် ဒေါက်တာကျော်သူလွင်တို့က အသိပညာပေးဟောပြောကြသည်။ ဆက်လက်၍ ဆရာဝန်ကြီးများက လူနာ ၆၆၁ ဦးကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(iprd)

လှိုင်လင်မြို့ ဆုတောင်းပြည့်စေတီတော် ရေသပ္ပာယ်

လှိုင်လင် ဧပြီ ၃၀

၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုးနှင့်တပ်ဖွဲ့ဝင်များသည် လှိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက်၌ တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့်စေတီတော်အား ဧပြီ ၂၈ ရက် ညနေ ၄ နာရီက စေတီတော်ကြီးအတွင်း လိုဏ်၊ စေတီတော်ကြီးနှင့် ရင်ပြင်များကို ရေသပ္ပာယ်လှူဒါန်းပြီး မြို့ပေါ်မှ ရေခက်ခဲသည့် ရပ်ကွက်များရှိ အများသုံးရေကန်များကို ရေဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ပေါက် ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး ပေါက်မြို့ရွှေပေါက်ပင်ရပ် ကံစွယ်ကျောင်းတိုက်၌ ဆရာတော်ဦးကေသရကဦးစီး၍ ကျောင်းသား ကျောင်းသူများလိမ္မာယဉ်ကျေးပြီး အသိပညာဗဟုသုတဉာဏ်ပညာတိုးတက်စေရန်ရည်ရွယ်၍ ဒုတိယအကြိမ်မြောက်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၅၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းကာလမှာ ဧပြီ ၂၈ ရက်မှ မေ ၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်တိုး(iprd)

ရေကြောင်းအတတ်ပညာရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း နှစ်ပတ်လည်နှင့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၇ ရက် ညနေ ၅ နာရီခွဲက ဗဟန်းမြို့နယ် ကန်တော်ကြီးဝင်းအတွင်း Western Park Royal ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရေကြောင်းအတတ် ပညာရှင်များအသင်းဥက္ကဋ္ဌ ကပ္ပတိန် ဦးတင်လှိုင်နှင့် ကပ္ပတိန်စိုးလွင် (MNA Academic Council) တို့က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း အတွင်းရေးမှူး ကပ္ပတိန်မင်းနိုင်က Rest Hour & Fatcgue နှင့် Malaria ခေါင်းစဉ်နှစ်ခုဖြင့် မိတ်ဆက်ဆွေးနွေးခြင်းအပေါ် တက်ရောက်လာသော အသင်းဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဝိုင်းဝန်းဆွေးနွေးမှုများအပေါ် ကပ္ပတိန်ပိုင်စိုးအောင်နှင့် ဒေါက်တာလူဇော်တို့က အနှစ်ချုပ်သုံးသပ်ဆွေးနွေးပေးခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်မှူးကြီးမျိုးမြင့်(တဗ-၈)၊ မေမေ ဒေါ်မာမာဦး(မန်နေဂျင်းဒါရိုက်တာ ပဉ္စညီနောင်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)တို့၏ ၂၀၁၄ခုနှစ် မေ ၁ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သားသမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံအကျိုး၊ ပြည်သူအကျိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား - မောင်ရန်အောင်မျိုး B.C.Sc
ဒါရိုက်တာ ပဉ္စညီနောင်မိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ မိတ္ထီလာမြို့

ချစ်သမီး - မမျိုးမြတ်ရတနာ B.Agr.Sc
ဒုလက်ထောက်ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

အဘနှင့် အစ်မတို့၏ နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေ-

ပဉ္စညီနောင်ရောင်းဝယ်ရေး မိတ္ထီလာမြို့မှ ဝန်ထမ်းများ

(၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ကိုစည်သူထက်နိုင်(ဆည်မြောင်းဦးစီးဌာန၊ ကျိုင်းတုံမြို့)နှင့် မေမေ မခိုင်ဆုမွန်စိုးတို့၏ မေဒေး (၁-၅-၂၀၁၄)ရက်တွင် ကျရောက်သည့် (၉)နှစ်ပြည့် ဥဿဖရားရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလျက်-

ချစ်သား-မောင်အောင်ဘုန်းဦး

အာစရိယပူဇော်ပွဲ ကွန်ပျူတာတက္ကသိုလ်(မွန်ပြည်နယ်)

နေ့ရက် - ၃-၅-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၀း၀၀ နာရီ
နေရာ - ကွန်ပျူတာတက္ကသိုလ်(သထုံ)

ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်မှ ညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ခင်စွာဖြင့် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

ကိုပေါ်လာ(MLM)	ဖုန်း-၀၉-၅၃၂၂၆၃၁	နေလင်းချို(သထုံ)	ဖုန်း-၀၉-၄၄၉၂၅၀၀၄၈
အောင်ကျော်စိုး	ဖုန်း-၀၉-၄၂၅၂၇၇၃၆	သူရကျော်	ဖုန်း-၀၉-၄၉၈၁၅၀၆၆
ကိုကြည်စိုး	ဖုန်း-၀၉-၂၅၆၂၃၁၆၈၁	မင်းသူခိုင်	ဖုန်း-၀၉-၂၅၅၇၇၉၀၃၄
ကိုယုလွင်(ရန်ကုန်)	ဖုန်း-၀၉-၄၅၀၀၄၉၉၅၁	မရည်မွန်စု	ဖုန်း-၀၉-၅၃၂၁၈၂၅
ဖြိုးသူခိုင်	ဖုန်း-၀၉-၅၁၉၅၅၅၁		

မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

သထုံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ယခင်မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွင် ပညာသင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့လိုပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်း အပူဇော်ခံကြွရောက်ပေးပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၃ ရက်၊ ၁၁-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၀၀ နာရီ
နေရာ - အထက(၃)၊ ကုမုဒြာခန်းမ၊ သထုံမြို့၊ မွန်ပြည်နယ်

ဆက်သွယ်ရန်

(၁) ဦးကျော်မင်း(ခ)ကိုမျိုး ဖုန်း-၀၉-၄၂၅၂၆၀၇၀၉
(၂) ဦးကျော်ဌေးလှ ဖုန်း-၀၉-၄၂၅၃၆၆၇၂၉
(၃) ဦးသူရအောင် ဖုန်း-၀၉-၄၉၈၁၆၉၆၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဝေးကုန်းကားဂိတ်နေ ဦးအေးချို-ဒေါ်ခင်ပြုံးတို့၏သားကြီး မောင်အောင်မျိုးခိုင်သည် မိဘများ၏ ဆုံးမစကားကို မနာခံဘဲ မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးအေးချို-ဒေါ်ခင်ပြုံး

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကျိုင်းလိတ်မြို့သစ်နေ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးအားခွေ ၁၃/ကတန(နိုင်)၀၂၇၉၅၂ ဖြစ်ပါကြောင်း။

ဦးအားခွေ ၁၃/ကတန(နိုင်)၀၂၇၉၅၂

အမည်ပြောင်း

ဦးစိုင်းရှဲန်(ခ)ဦးစိုင်းမြင့်ဦး၏ သားအထက (တာချီလိတ်)မှ စိုင်းဖုန်းမြင့်သူ ၁၃/တခလ(နိုင်)၁၀၀၅၉၁ အား စိုင်းဘုန်းမြင့်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

စိုင်းဘုန်းမြင့်သူ

ပျောက်ဆုံးခြင်း

ကျွန်မ ဒေဝီလွမ်း(ခ)နန်းဆေး၏ နိုင်ငံကူးလက်မှတ်အမှတ် M-၃၈၃၆၂၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၄၂၇၈၆

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးထွန်းအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် MA-၁၂၃၅၄၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၅၀၅၂၅

တစ်ဦးတည်းဖြစ်ပါကြောင်း

ပွင့်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်တွင် နေထိုင်သော (ဘ)ဦးခင်၏သားဖြစ်သော ဦးထွန်းထွန်း(ခ)ဦးဇော်လွင်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းထွန်း(ခ)ဦးဇော်လွင်ထွန်း
၈/မဘန(နိုင်)၀၀၆၄၇၈

ဟန်လင်းကျောက်စာရုံ

မောင်သာ(ရှေးဟောင်းသုတေသန)

ဟန်လင်းကျောက်စာရုံတွင်ပြသထားသော ဗောဓိသတ္တကျောက်ရုပ်ကြွ။

နိုင်ငံ တစ်နိုင်ငံ ၊ လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းကို လေ့လာကြရာဝယ် သမိုင်းပညာရပ်က စာရွက်စာတမ်းများ၊ ကျောက်စာများ၊ ပုံနှိပ်မှတ်တမ်းများ၊ ပေစာများကို အခြေပြုကာ လေ့လာကြရသကဲ့သို့ ရှေးဟောင်းသုတေသနပညာရပ်ကလည်း တူးဖော်မှုများပြုလုပ်ကာ တွေ့ရှိရသောအဆောက်အအုံဟောင်းများ၊ မြို့ရိုးများ၊ သမိုင်းစဉ်တစ်လျှောက် လူသားတို့သုံးစွဲခဲ့ကြသည့် အသုံးဆောင်ပစ္စည်းများ၊ မြေအောက်တွင်ရှိနေသော လူအရိုးစုများ၊ မီးသွေးစများ၊ ဒင်္ဂါးများ အစရှိသည်တို့ကို အခြေပြုကာသမိုင်းကိုဖော်ထုတ်ကြရပါသည်။ ထို့ကြောင့်လည်း သမိုင်းကိုအခြေပြုသည့် လေ့လာမှုမှန်သမျှတွင် ကျောက်စာချပ်များသည် အလွန်အရေးကြီးသည့် ခိုင်မာသော အထောက်အထားများပင်ဖြစ်ကြပေသည်။

ကျောက်စာချပ်များကို ရှေးခေတ်လူသားများက တစ်ဦးတစ်ယောက်သော အလှူစာရင်းမှသည် စိုးမိုးအုပ်ချုပ်သူတို့၏ မှတ်တမ်းများသို့တိုင်အောင် ရည်ရွယ်ချက်မျိုးစုံဖြင့် ထိုးထွင်းခဲ့ကြသည်ဖြစ်လေရာ သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်တို့အတွက် လူ့ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ရာတွင် အခိုင်မာဆုံးသော မျက်မြင်သက်သေများပင်ဖြစ်ကြပေသည်။ ထို့ကြောင့်လည်း ကမ္ဘာတစ်ဝန်းတွင် ကျောက်စာချပ်များကို မည်သည့်နေရာမှ တူးဖော်ရရှိသည်ဖြစ်စေ ပညာရှင်တို့ အထူးဂရုပြုလေ့လာမှု ပြုကြရမြဲပင်ဖြစ်သည်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း မြန်မာလူမျိုးတို့၏ သမိုင်းစဉ်တွင် အထင်အရှားရှိခဲ့ကြသည့် ပျူလူမျိုးများ၏ သမိုင်းနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ရန်အတွက် ရှေးဟောင်းမြန်မာ့မြို့တော်များဖြစ်ခဲ့သော ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့ကို ၁၉၀၄ ခုနှစ်မှစတင်ကာ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများကို နိုင်ငံတော်အစိုးရအဆက်ဆက်တို့က ဆောင်ရွက်ခဲ့ကြပါသည်။ တွေ့ရှိရသမျှ ကျောက်စာချပ်များကိုလည်း အစိုးရအစဉ်အဆက် စနစ်တကျထိန်းသိမ်းလာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ထိုကျောက်စာချပ်များကို ပညာရှင်တို့ ဖတ်ရှုသုံးသပ်ကာ ပျူလူမျိုးများ၏သမိုင်းပုံရိပ်ကို အတော်အသင့် ထုတ်ဖော်နိုင်ခဲ့ကြပြီးဖြစ်ပေသည်။ သို့တိုင်အောင်ပင် ယခုအချိန်အထိ ဖတ်ရှုအဖြေရှာ၍မရသေးသော ကျောက်စာချပ်များလည်း ရှိနေသေးပေသည်။

ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမစမ်းသပ်တူးဖော်မှုများ စတင်ဆောင်ရွက်ခဲ့ရာ အိန္ဒိယနိုင်ငံတောင်ပိုင်းမှ အရေးအသားများပေါ်တွင်မူတည်သော ပြဟ္မီအက္ခရာများဖြင့် ရေးထိုးထားသော ပျူကျောက်စာတစ်ချပ်ကို ဦးစွာတူးဖော်ရရှိခဲ့သည်။ ထိုကျောက်စာကို ပညာရှင်များက ဆန်းစစ်ကြရာတွင် အေဒီ ၄ ရာစုက အရေးအသားများဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဆက်လက်၍ ဟန်လင်းမြို့ဟောင်းတူးဖော်မှုများကို ယခုတိုင် ဆက်လက်ဆောင်ရွက်လျက်ရှိရာတွင် ကျောက်စာချပ်များကို ထပ်မံတူးဖော်တွေ့ရှိခဲ့ရပေသည်။ ထိုသို့ ဟန်လင်းဒေသမှ တူးဖော်ရရှိခဲ့သော ကျောက်စာများကို ပညာရှင်တို့သာမက စိတ်ပါဝင်စားသည့် အများပြည်သူများပါ လေ့လာမှုပြုနိုင်ရန်အတွက် ရှေးဟောင်းမြို့တော် ဟန်လင်းဒေသ ဟန်လင်းကျေးရွာမှာပင် ၁၉၅၇ ခုနှစ်ကတည်းက ဟန်လင်းကျောက်စာရုံကို တည်ဆောက်ဖွင့်လှစ်ပြသထားခဲ့ပြီး ၁၉၆၃-၁၉၆၄ တွင် ထပ်မံတိုးချဲ့ခဲ့ပါသည်။

လက်ရှိ ဟန်လင်းကျောက်စာရုံတွင် ပျူကျောက်စာချပ် သုံးချပ်အပါအဝင် ကျောက်စာချပ် ၂၁ ချပ်ကို ပြသထားပြီး ပျူကျောက်စာများကို လေ့လာ ဘာသာပြန်ဆိုဆဲဖြစ်ရာ ပျူမင်း 'ဗႏ ဝိႏ ဝ္ဒေါ်သြိကၡ'၊ 'သြိတြိဝိကြမ' နှင့် မိဖုရားများဖြစ်ကြသော 'မဟာဒေဝိသြိဇတြဇိ'နှင့် 'သြိရဏံဂိ'အမည်တို့ကို ဖတ်ရှုနိုင်ကြပါသည်။ ၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ် (၂)မှ တူးဖော်ရရှိခဲ့သော ကျောက်စာ(အမှတ် ၀၁)သည် အေဒီ ၈ ရာစုမှ ပျူကျောက်စာချပ်ဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်းသာပါရှိသော်လည်း စာကြောင်း ၂ နှင့် ၄ တွင် ရေးထိုးထားသော ပျူဘုရင်တြိဝိဂရမဟူသည့် အမည်မှလွဲ၍ ကျန်စာကြောင်းများ၏ အဓိပ္ပါယ်ကို ယနေ့တိုင် အပြည့်အစုံ မည်သူမျှမဖတ်ရှုနိုင်သေးပါချေ။ ဟန်လင်းနဂါးရုံကန်ပေါင်အနောက်ဘက်မှ တွေ့ရှိခဲ့ရသည့် စာကြောင်း နှစ်ကြောင်းမျှသာပါရှိသော ကျောက်စာသည်လည်း အေဒီ ၄ ရာစုက ပျူအက္ခရာများဖြစ်ပြီး ရေးထွင်းထားသော အစောဆုံးသော ကျောက်စာချပ်ဟု ပညာရှင်တို့ သတ်မှတ်ထားကြပြီး ယင်းကျောက်စာချပ်ကို ပုဂံမြို့ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားပါသည်။

၁၉၂၉ - ၁၉၃၀ ခုနှစ်ခန့်က ကျောက်ဘီလူးထန်းတောမှ တူးဖော်တွေ့ရှိခဲ့ရသည့် ကျောက်စာအမှတ်(၀၉)တွင် ဗောဓိသတ္တဘုရားလောင်းပုံကို အပေါ်ပိုင်းတွင် ထွင်းထုထားပြီး အောက်ဘက်တွင် လက်အုပ်ချီမိုးကာ ကြည်ညိုနေကြသူ ပျူလူမျိုးပရိသတ် ၅၃ ယောက်ပုံကို ထွင်းထားလေရာ သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ကျောက်ရုပ်ကြွတစ်ချပ်အဖြစ် ထင်ရှားလှပေသည်။

ဟန်လင်းကျောက်စာရုံတွင် ပြသထားသော ကျောက်စာများအနက် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ခန့်ရှိရာ အများစုမှာ ကျောင်း၊ စေတီ၊ ဂူဘုရားများတည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ၊ ပိဋကအလှူတော်တို့ကို မှတ်တမ်းတင်ရေးထိုးထားသော အလှူကမ္ပည်းကျောက်စာများသာဖြစ်သော်လည်း ယင်းတို့အနက် မြေပိုင်ဆိုင်မှု ဆုံးဖြတ်ပေးသည့် စီရင်ချက်ချမှတ်သောအမိန့်ကို ကျောက်စာချပ်(အမှတ် ၀၄)တွင် မြန်မာအက္ခရာစာလုံးများဖြင့် ထူးထူးခြားခြားဖတ်ရှုနိုင်ပေသည်။ အခြားထူးခြားသော ကျောက်စာချပ်တစ်ချပ်ဖြစ်သည့် နွားနှင့် ကျွန်လဲလှယ်သည့်မှတ်တမ်း ကျောက်စာချပ်(အမှတ် ၁၈)ကိုလည်း ဖတ်ရှုနိုင်ပါသေးသည်။

ကျောက်စာချပ်တို့ကို အကောင်းပကတိအတိုင်း တူးဖော်ရရှိမှုများရှိသကဲ့သို့ အကျိုးအပိုင်းအစများသာ တူးဖော်ရရှိခြင်းလည်းရှိသည်။ အပိုင်းအစများသာရရှိခဲ့သော ကျောက်စာများကို ပညာရှင်များက စနစ်တကျ ဆက်စပ်ကာ ထိန်းသိမ်းကြရပေသည်။ အချို့ကျောက်စာများမှာလည်း ထယ်ထိုး၊ ထွန်ယက်ကြရာမှ ထိခိုက်ပျက်စီးရသည်များလည်းရှိသည်။ သမိုင်းတန်ဖိုးမသိရှိမှုများကြောင့် ကျောက်စာတိုင်များပေါ်တွင် အဝတ်လျှော်ကြ၊ ဓားသွေးကြဖြင့် စာများပျက်စီးခဲ့သော အချို့သောကျောက်စာတိုင်တို့ကိုလည်း ပြတိုက်တွင်လေ့လာကြည့်ရှုနိုင်ကြပါသည်။

ပျူစာကို စတင်ဖတ်ရှုနိုင်ခဲ့သူမှာ အင်္ဂလိပ်လူမျိုး (C.O. Blagden) ဖြစ်ပြီး ပျူကျောက်စာများပေါ်တွင် ရေးသားထားသော ပျူစာလုံးများအားလုံးကိုမူ ယနေ့တိုင် အဓိပ္ပာယ်အပြည့်အဝ မဖတ်ရှုနိုင်ကြသေးပါချေ။ အေဒီ ၁၁၁၃ ခုနှစ်က ရေးထိုးခဲ့သောရာဇကုမာရ်ကျောက်စာသည် အကြောင်းအရာတစ်ခုတည်းကို ပျူ ပါဠိ၊ မြန်မာ၊ မွန်ဘာသာလေးမျိုးဖြင့် ရေးထိုးထားသောကြောင့် ဘာသာလေးခုကို ပညာရှင်များ ညှိနှိုင်းတွက်ဆခြင်းဖြင့် ပျူဝေါဟာရ အလုံးရေခြောက်ဆယ်ကျော်ခန့် သိရှိနိုင်ခဲ့ရသည်ဟု သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းက ပြောခဲ့ဖူးပါသည်။ ထို့ကြောင့်လည်း ပျူတို့၏ စာပေနှင့်ယဉ်ကျေးမှုကို ယခုထက် ပိုမိုကျယ်ဝန်းစွာ သိရှိနိုင်ရန်အတွက် ဆက်လက်ဖော်ထုတ်ကြရဦးမည်ဖြစ်ပေသည်။

ယခုအခါတွင် ဟန်လင်းဒေသအပါအဝင် ရှေးဟောင်း ပျူမြို့သုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ကာ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပေရာ ဒေသခံများအနေဖြင့် အောက်ပါအကျိုးကျေးဇူးများကို ခံစားရရှိနိုင်ကြတော့မည်ဖြစ်ပေသည်။

၁။ မြန်မာနိုင်ငံရှိ ရှေးပျူမြို့ဟောင်းများကို မြန်မာတို့သာမက နိုင်ငံတကာမှ စိတ်ဝင်စားသော ဧည့်သည်များ လာရောက်လေ့လာမှု များပြားလာမည်။

၂။ မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။

၃။ ဒေသခံများအနေဖြင့်ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် စားသောက်ရေးဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးတိုးတက်လာမည်။

၄။ ဒေသထွက် လက်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည်။

၅။ တည်းခိုနေထိုင်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့်အတူ ဒေသတွင်းသွားလာရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခံစားကြရမည်။

၆။ ဒေသခံများသည် နိုင်ငံတကာနှင့်ယှဉ်၍အသိဉာဏ်ပွင့်လင်းလာမှုနှင့်အတူ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာမည်။

၇။ မိမိတို့ယဉ်ကျေးမှု အမွေအနှစ်များကိုလေးစား မြတ်နိုး တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ရာရောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပျူလူမျိုးတို့၏ ရှေးဟောင်းမြို့တော် ဟန်လင်းဒေသသို့ အပန်းဖြေခရီးသွားရောက်ကာ သဘာဝရေပူစမ်းများတွင် ရေပူစိမ်နိုင်ကြရုံသာမက ပျူဒေသမှ တူးဖော်ရရှိထားသည့် သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်စာချပ်များကိုလည်း လေ့လာသင့်ကြပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

World Summit Award-mobile 2014
ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

ICT နှင့် Mobile နည်းပညာကို လူမှုပတ်ဝန်းကျင်တွင် အကောင်းဆုံးအသုံးချနိုင်ရန်ရည်ရွယ်၍ World Summit Award အဖွဲ့အစည်းမှ ဦးဆောင်ကျင်းပမည့် WSA-mobile 2014 ပြိုင်ပွဲအား မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Mobile နည်းပညာကို စိတ်ပါဝင်စားသော Software Developer များ၊ Entrepreneur များ၊ ကျောင်းသားကျောင်းသူများ၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ Company အနေနှင့်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က) ပြိုင်ပွဲခေါင်းစဉ် - World Summit Award-mobile 2014

(ခ) ပြိုင်ပွဲအမျိုးအစားများ - Government and Participation, m-Environment & Health, m-Learning & Education, m-Entertainment & Lifestyle, m-Tourism & Culture, m-Media & News, m-Business & Commerce, m-Inclusion & Empowerment

(ဂ) Project တင်သွင်းရမည့်ရက် - ၂၀၁၄ ခုနှစ် မေ ၁ ရက်မှ ဇွန် ၅ ရက်အထိ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ဆုရရှိသူများသည် Abu Dhabi တွင် ကျင်းပပြုလုပ်မည့် WSA-mobile Global Congress 2014 သို့ တက်ရောက်၍ ဆုလက်ခံရယူရမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို www.wsa-mobile.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ရုံးခန်း ဖုန်း-၆၅၂၃၀၇၊ ၀၉-၇၃၂၅၇၃၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မနိုင်မော်စန်း ၁၂/သဃက(နိုင်)၁၆၂၆၆၄ နှင့် ကိုမျိုးမြင့်သိန်း ၉/ကဆန(နိုင်) ၁၀၄၁၄၂တို့သည် ၃-၆-၂၀၁၁ ရက်မှစ၍ ဦးစံရွှေသိန်း (ဒုတိယမြို့နယ်တရားသူကြီး)ရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါကြောင်း။

မနိုင်မော်စန်း
၁၂/သဃက(နိုင်)၁၆၂၆၆၄

ASEAN ICT Awards 2014
ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

ASEAN အဖွဲ့အစည်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ASEAN ICT Awards 2014 ပြိုင်ပွဲအား မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော Software Developer များ၊ Entrepreneur များ၊ ကျောင်းသားကျောင်းသူများ၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ Company အနေနှင့်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က) ပြိုင်ပွဲခေါင်းစဉ် - ASEAN ICT Awards 2014

(ခ) ပြိုင်ပွဲအမျိုးအစားများ - Public Sevices, Private Sector, Corporate Social Responsibility, Digital Content, Start up Company, Research and Development

(ဂ) ပြိုင်ပွဲဝင် Project တင်သွင်းရမည့်ရက် - ၂၀၁၄ ခုနှစ် မေ ၁ရက်မှ ဇွန် ၅ရက်အထိ

ပထမအဆင့်တွင် online စစ်ဆေးပြီး ရွေးချယ်ခံရသောပြိုင်ပွဲဝင်များသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို Malaysia နိုင်ငံ Kuala Lumpur မြို့သို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် Thai နိုင်ငံ Chiang Mai မြို့၌ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်ခွင့်ရရှိသူနှင့် ဆုရရှိသူများအား ခရီးစရိတ်ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ပြိုင်ပွဲအမျိုးအစားတစ်ခုစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆု ရွေးချယ်ပြီး Trophy နှင့် Certificate ချီးမြှင့်မည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို www.aseanictaward.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ရုံးခန်း၊ အဆောင်(၁)၊ မြန်မာအင်ဖိုတက်ခ်၊ ဖုန်း-၆၅၂၃၀၇၊ ၀၉-၇၃၂၅၇၃၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အများသိစေရန် ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်ကရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်- ၅၆၊ မြေညီထပ်၊ ခြေရင်းခန်းအား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး၊ ရောင်းချခွင့်ရှိကြောင်း တာဝန်ယူရောင်းချသူ ဦးကျော်သိန်း (၁၂/တမန(နိုင်) ၀၉၅၃၀၆) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့် စပ်လျဉ်း၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ခိုင်လုံသည့် စာချုပ်စာတမ်းဖြင့် ဤကြော်ငြာပါသည့် နေ့မှ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူညွန့်
B.A, H.G.P, D.B.L, D.M.L
အထက်တန်းရှေ့နေ

အမှတ်-၅၈/ဘီ၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၆၆ လမ်း၊ တိုက်အမှတ် ၃၂၊ ပဉ္စမထပ် (ခေါင်းရင်းခြမ်း)၊ (အလျား ၁၈ ပေ×အနံပေ ၆၀)အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်တင်ရီ ၁၂/ရကန(နိုင်) ၀၁၂၉၁၉ က မိသားစုစီမံမှုစာချုပ်အရ ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်	**ဒေါ်ခင်မာနွယ်**	**ဒေါ်ဌေးဌေးဝင်း**
LL.B	LL.B, D.B.L	LL.B, D.I.L, LCCI(UK)
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၉-၂၅၀၆၄၉၇၉၉၊ ၀၁-၅၄၀၈၁၄

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများနှင့် ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့မှ ခေတ်အဆက်ဆက်အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့ကြသည်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး (အမျိုးသား/အမျိုးသမီး)အားကစားသမားဆု ရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်တွင် ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ကျင်းပသွားမည်ဟု သိရသည်။

စိစစ်ရွေးချယ်ထားသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများမှာ(ဘောလုံး) အားကစားနည်းမှ ဦးမျိုးဝင်းညွန့်၊ ဦးရဲညွန့်၊ ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)၊ ဗိုလ်ကြီးတင်အောင်(ငြိမ်း) (ကိုး)၊ ဦးအေးမောင်ကြီး၊ ဦးစိုးပိုင်၊ ဦးဘပု၊ ဦးဘရီ၊ ဗိုလ်ကြီးတင်အေး(ငြိမ်း)၊ ဦးဝင်းမောင်(ရဲအုပ်)(ငြိမ်း)၊ ဦးအေးမောင်လေး၊ ဆပ်သီး(ခ)ဦးသန်းစိုး(ပြေးခုန်ပစ်)အားကစားနည်းမှ ဒေါ်ခင်ခင်ထွေး(၂)၊ ဒေါ်မာမာမင်း၊ ဒေါ်သန်းသန်း၊ ဗိုလ်ကြီးကိုကို၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်အေးရွှေ၊ ဗိုလ်ကြီးခင်စိုး(ငြိမ်း)၊ ဦးသန့်ဇင်၊ ဦးအောင်သန်း၊ ဦးမောင်လှ၊ ဒေါ်နုနုရီ၊ ဘော်လီဘောအားကစားနည်းမှ ဦးထွန်းလင်း၊ အလေးမအားကစားနည်းမှ ဗိုလ်ကြီးစန်းမြင့်(ငြိမ်း)၊ ဗိုလ်ကြီးထွန်းမောင်(ငြိမ်း)၊ ဦးထိန်ဝင်း၊ ဦးအေးဝင်း၊ ဂျူဒိုအားကစားနည်းမှ ဒေါ်ခင်မူမူ၊ လှေလှော်အားကစားနည်းမှ ဒေါ်ခင်မာဦး၊ ဒေါ်မြချိုဦး၊ တင်းနစ်အားကစားနည်းမှ ဦးမောင်မောင်လေးနှင့် ဝူရှူးအားကစားနည်းမှ ဒေါ်ဆွေဆွေသန့်နှင့် ဒေါ်ခိုင်ခိုင်မော်၊ ကျွမ်းဘားအားကစားနည်းမှ ဦးမြင့်အောင်တို့ဖြစ်ကြောင်းသိရှိရသည်။ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရန် ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ ဖုန်း ၀၉-၂၀၀၂၀၉၆ နှင့် ၀၆၇-၄၀၆၀၂၆ သို့ ဆက်သွယ်နိုင်ပြီး အားကစားသမားဟောင်းကြီးများ ကျန်ရှိနေပါက သက်ဆိုင်ရာအားကစားအဖွဲ့ချုပ် ထောက်ခံချက်နှင့်အတူ မေ ၆ ရက် နောက်ဆုံးထားပေးပို့ရန်လည်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့ကျော် ဖိုးသားကို ဂေါ်မူတိုက ကောလင်းမြို့တွင် စိန်ခေါ်ထိုးသတ်မည်

ကောလင်း ဧပြီ ၃၀

မတွဲစဖူးအတွဲထူးသည့် မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များ၏ စိန်ခေါ်ထိုးသတ်ပွဲ မေလ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ခမ်းနားစွာကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးဖြစ်မြောက်ရန် ချဲလ်အချိုရည်(CHILL) မှ အဓိကကူညီပံ့ပိုးပြီး မင်းသီဟကျော်ဦးက ကြီးမှူး၍ ဆရာဒဿမှ စီစဉ်ကျင်းပမည်ဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်း ၁၀ ဆိုင်းရှိပြီး ငါးချီစိန်ခေါ်ပွဲ၊ လေးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ MMA ရွှေခါးပတ်ချန်ပီယံ ဖိုးသား (မင်းသီဟ-ကျော်ဦးကလပ်)နှင့် စိန်ခေါ်သူဂေါ်မူတို(သတ္တိကလပ်)၊ မိုးမခ (မင်းသီဟ-ကျော်ဦးကလပ်)နှင့် ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်)၊ 5K (မင်းသီဟ-ကျော်ဦးကလပ်)နှင့် မိုးကြိုးထွန်း (ကျော်မိုးဦးကလပ်-မန္တလေး)၊ ၁၂ တောင်ကျား(မင်းသီဟ-ကျော်ဦးကလပ်)နှင့် ထက်လူ၊ မင်းရာပြည့်နှင့် အမေ့သား(မန္တလေး)တို့ တွဲဆိုင်းများအပြင် တွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၅ ရက်တွင် ကောလင်းမြို့၌ စောင့်မျှော်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ဝါသနာရှင်များအကြိုက် ထိုးသတ်သွားမည့် အဆိုပါ စိန်ခေါ်ပွဲကို ကောလင်းမြို့ ဈေးရုံ ဗိုလ်တဲရပ်ကွက်၌ ကျင်းပမည်ဖြစ်သည်။ ပွဲစီစဉ်သူ ဆရာဒဿသည်လည်း ကိုယ်တိုင်လက်ဝှေ့ပွဲများ ထိုးသတ်ခဲ့ပြီး အကောင်းဆုံးပွဲကိုစီစဉ်သူဖြစ်သည့်အပြင် ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးသူတစ်ဦးလည်း ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့သည် ပွဲစီစဉ်သူများ၊ ပံ့ပိုးကူညီသူများ၊ ပွဲကြည့်ပရိသတ်များ၊ လက်ဝှေ့ချစ်မြတ်နိုးသူများကြောင့် ရိုးရာအားကစား ပိုမိုမြင့်မား တိုးတက်လာခြင်းဖြစ်သည်။ ရုံဝင်ကြေး ငွေကျပ် ၃၀၀၀ မျှသာဖြစ်၍ ထိုက်ထိုက်တန်တန် ထိုးသတ်မည့်ပွဲကြီးကို တက်တက်ကြွကြွ အားပေးကြစေလိုကြောင်း စီစဉ်သူက ပြောကြားသည်။

ခင်ခင်ဝင်း(ပညာရေး)

မန္တလေး အထက(၁၆) မြတ်ဆရာပူဇော်ပွဲကျင်းပ

မန္တလေး ဧပြီ ၃၀

မန္တလေးမြို့ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ရပ်ရှိ Lion ခန်းမ၌ ကျင်းပရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူဟောင်း ၁၀၀ ကျော်တို့က သက်ကြီးကန်တော့ခံ ဆရာ ဆရာမ ၂၇ ဦးတို့အား ကန်တော့ခံ တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀၀ စီတို့ဖြင့် ပေးအပ်ကန်တော့ကြပြီး ကန်တော့ခံ ဆရာ ဆရာမများကိုယ်စား ဆရာကြီး ဦးချစ်ခင်၊ ဆရာမကြီး ဒေါ်သန်းရီနှင့် ဒေါ်မြင့်မြင့်တင်တို့က ဆုတောင်းမေတ္တာပို့သပေးကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

ဥက္ကံမြို့ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အထကကျောင်းတွင် ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်သာသနာ့နုဂ္ဂဟအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပကြောင်း သိရသည်။ အဆိုပါ သင်တန်းဆင်းပွဲတွင် တိုက်ကြီးမြို့ မြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်း၊ ဥက္ကံမြို့ အထကကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မှော်ဘီမြို့ ဗုဒ္ဓဘာသာယဉ်ကျေးလူငယ်အဖွဲ့ နာယကစာရေးဆရာအသင်းဥက္ကဋ္ဌ မောင်ချိုဝေ၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဝင်များ၊ ဥက္ကံမြို့ မြို့မိမြို့ဖများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသား သင်တန်းသူ ၂၀၀ ခန့် တက်ရောက်သင်ကြားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကွတ်ခိုင်မြို့နယ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် အမက(၁) မူလတန်းလွန်ကျောင်းတွင် စတုတ္ထအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းမှ ဦးဆောင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းကို တောင်တန်းသာသနာပြုဆရာတော် ဦးသုနန္ဒ၊ ဆရာတော် သစ္စာဝေဒဂူ၊ ဦးဝိစိတ္တသာရတို့က မြို့ပေါ်ရှိ တိုင်းရင်းသား၊ တိုင်းရင်းသူ ရင်သွေးငယ် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိသုံးစွဲတတ်စေရန် ရည်ရွယ်၍ အဘိဓမ္မာယဉ်ကျေးမှု ဗုဒ္ဓဘာသာတရားတော်နှင့်အညီ ယဉ်ကျေးလိမ္မာစေရန်အတွက် သွန်သင်ဆုံးမစာပေများ သင်ကြားပို့ချပေးကြောင်း သိရသည်။ သင်တန်းကာလမှာ ၁၇ ရက်ကြာပြီး သင်တန်းသား သင်တန်းသူ ၄၅၀ ရှိကြောင်း သိရသည်။

အယ်လ်စိုး(iprd)

မျိုးကောင်းမျိုးသန့်ထုတ်ယူရေးသင်တန်း ဆိပ်ဖြူ၌ဖွင့်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့တွင် ရှေ့သို့စီမံကိန်း (CESVI)ဆိပ်ဖြူရုံးမှ ဦးစီး၍ ဖွင့်လှစ်သည့် မျိုးပွားစိုက်ပျိုးရေးစနစ်နှင့် မျိုးကောင်းမျိုးသန့်ထုတ်ယူရေးသင်တန်းကို ဧပြီ ၂၈ရက် နံနက် ၈ နာရီခွဲက ရွာသစ်ရပ်ကွက်တွင် ကျင်းပသည်။ အဆိုပါသင်တန်းကို ကျေးရွာအုပ်စု ၁၇ အုပ်စုမှ သင်တန်းသား ၃၃ ဦးတက်ရောက်ခဲ့ပြီး ရှေ့သို့စီမံကိန်း (CESVI)ဆိပ်ဖြူရုံးမှ ဆရာဦးရဲပြည့်ကျော်နှင့် နည်းပြဝန်ထမ်းများမှ တောင်သူ ကိုယ်စားလှယ်များကို မျိုးပွားစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးတတ်လာစေရေး မျိုးကောင်း မျိုးသန့်များထုတ်ယူ၍ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း တောင်သူများအတွက် စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာသုံးစွဲမှုနည်းစနစ်များကိုပါ ပို့ချပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်ကြာပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရောင်းမည် SUZUKI - SWIFT ရိုးရိုးဂီယာ 2006-5E / မည်း-၇၅သိန်း ဝယ်မည့်သူသာ။ **ဖုန်း-၀၉-၇၃၂၁၁၁၇**

ချင်းပြည်နယ်အစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတာချဲ့ခြင်း (၄၃၂ မိုင် ၃ဖာလုံ)နှင့် ကျောက်လမ်းခင်းခြင်း (၁၅မိုင် ၄ဖာလုံ)လုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက အင်/ယာမှူးကြီးရုံး ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၄-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၉-၅-၂၀၁၄ ရက်၊ ၁၆:၀၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၂၀-၅-၂၀၁၄ ရက်

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖောင်းကြွပျောက်
ပျောက်ထားခြင်း

ယာဉ်အမှတ် BB/4012 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

သားအဖြစ်မှစွန့်လွှတ်ကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ဥမ္မာဒန္တီ ၄လမ်းနေ ကျွန်မ ဒေါ်နီလာခင်(ဘ)ဦးကျော်ခင် ၁၄/ပသန(နိုင်)၁၆၁၇၇၃၏သား မောင်ရဲမင်းထွန်း(ဘ)ဦးညီညီဇော် ၁၄/ပသန(နိုင်)၀၀၀၅၃၀ သည် မိခင်အားစိတ်ဆင်းရဲအောင် အမျိုးမျိုးအကြိမ်ကြိမ် နှိပ်စက်ခြင်းပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း။

ဒေါ်နီလာခင် ၁၄/ပသန(နိုင်)၁၆၁၇၇၃

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မော်ကျွန်း ခုတင် ၁၀၀ ဆေးရုံတွင် မိန်းကလေးသုံးမြွှာပူး အောင်မြင်စွာမွေးဖွား

မော်လမြိုင်ကျွန်း ဧပြီ ၃၀

မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မော်လမြိုင်ကျွန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဘုရားကြီးကုန်းရွာမနေ တောင်သူ ဦးမင်းလွင်ဦး၏ ဇနီးဖြစ်သူ ဒေါ်ခင်မာညို(၂၉ နှစ်)သည် မီးဖွားရန် ရောက်ရှိခဲ့သည်။

ယင်းနောက် မီးဖွားရန် ရောက်ရှိနေသူ ဒေါ်ခင်မာညိုသည် ဧပြီ ၂၆ ရက် နံနက် ၄ နာရီခွဲမှစတင်ပြီး ၅ မိနစ်စီခြား၍ သုံးပေါင်စီရှိသော မိန်းကလေးသုံးဦးကို မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာနီနီဇော်နှင့် ဆရာဝန်၊ ဆရာမများက အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသုံးမြွှာပူးမိခင် ဒေါ်ခင်မာညိုနှင့် သမီးမိန်းကလေးသုံးဦးကို ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာအေးအောင်နှင့် တာဝန်ကျဆရာဝန် ဆရာမများက စောင့်ရှောက်ကြီးကြပ်ပေးမှုတို့ကြောင့် မိခင်ရော ကလေးသုံးဦးစလုံးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ **(အပေါ်ပုံ)**

အောင်မြင့်

ဘောလုံးအကယ်ဒမီသင်တန်းကျောင်းက ဖျာပုံခရိုင်အတွင်း လာရောက်ရွေးချယ်

ဖျာပုံ ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ အသက် ၁၃ နှစ် မှ ၁၅ နှစ်အတွင်းရှိ လူငယ်များကို နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ပေါက်စေရေး လေ့ကျင့်မွေးထုတ်ပေးရေးအတွက် ဧပြီ ၂၆ ရက် ညနေပိုင်းနှင့် ၂၇ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီး၌ AUFC အသင်းမန်နေဂျာ ဦးလင်းအောင်၊ ကျောင်းအုပ်ကြီးဦးတင်ဦး၊ ဒု-ကျောင်းအုပ်ကြီး ဦးကိုကိုကြီးနှင့် ဖျာပုံခရိုင် အား/ကာလက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အား/ကာ ဦးစီးအရာရှိတို့က သတ်မှတ်အရည်အချင်းအလိုက် ပြည့်ဝစွာ သင်တန်းသားများကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံခရိုင်က အားကစားစိတ်ဓာတ်မြင့်မားပြီး နိုင်ငံ့လက်ရွေးစင် လူငယ်အားကစားသမားကောင်းတွေ မွေးထုတ်ပေးတဲ့ အစဉ်အလာရှိတဲ့ ခရိုင်မြို့ပါ။ ယခုလာရောက်ရွေးချယ်တာက ပုသိမ်မြို့ AUFC ဘောလုံးအကယ်ဒမီသင်တန်းကျောင်းက ဧရာဝတီယူနိုက်တက် ဘောလုံးအသင်းအတွက် ကိုယ်စားပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ဖို့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ လေ့ကျင့်မွေးထုတ်ပေးဖို့ လာရောက်ရွေးချယ်ပြီး အားကစားသမားလူငယ်တွေကို သတ်မှတ်အရည်အချင်းအလိုက် မှန်ကန်တိကျစွာ ရွေးချယ်သွားတာပါ"ဟု ခရိုင် အား/ကာ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်သန်းက ပြောသည်။

ဖျာပုံခရိုင်ကိုယ်စားပြု လူငယ်အားကစားသမားများကို ခရိုင်အတွင်းရှိ မြို့နယ်များမှ စုစုပေါင်း လူငယ် ၄၀ ကျော် လာရောက်အရွေးချယ်ခံကြရာတွင် AUFC ဘောလုံးအကယ်ဒမီသင်တန်းကျောင်းအတွက် ၁၅ ဦး ဆန်ခါတင်ရွေးချယ်၍ ပုသိမ်မြို့ သင်တန်းကျောင်း၌ နေ့စဉ်ပုံမှန် အစားအစာ ခြောက်ကြိမ်ကျွေးမွေးခြင်း၊ လစဉ်ကြေးပုံမှန်တစ်လလျှင် ငွေကျပ် ၁၂၀၀၀ ထောက်ပံ့ခြင်း၊ သက်ဆိုင်ရာ စာသင်ကျောင်းများတွင် စာသင်ကြားစေရန် ကျောင်းထားပေးခြင်း၊ ကျန်းမာရေးကဏ္ဍအလိုက် မိသားစုဆရာဝန်ထားရှိခြင်း၊ ဝတ်စုံအခမဲ့ ပြည့်ဝစွာပေးထားခြင်းများကို သင်တန်းသားအားကစားသမားလူငယ်များအတွက် လိုအပ်ချက်မရှိစေရန်ထားရှိ၍ ဘောလုံးအားကစားပညာရပ်များကို လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၇၁)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တာချီလိတ် ဧပြီ ၃၀

ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ တော်ကော့(အတွင်း) ရပ်ကွက် အမှတ်(တကတ-၄၃၃)ရှိ နန်းခမ်းအီး(ခ)အားဟူ၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဒေါ်နန်းခမ်းအီး(ခ)အားဟူနှင့်အတူ မအမ်လျှန်း၊ မအုတ်ဆင်း၊ ညီခွားနှင့် ညီလုံးတို့အား အသင့်တွေ့ရှိရပြီး နေအိမ်အတွင်းရှာဖွေစစ်ဆေးရာ ရှမ်းစက္ကူဖြင့် ပတ်ထားပြီး အပြာရောင် ပလတ်စတစ်အိတ်များဖြင့် ထည့်သွင်းထားသော WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀၊ အလေးချိန် ၁၆ ကီလို၊ ကာလတန်ဖိုးငွေကျပ်သိန်း ၄၀၀၀ ခန့်ကို တွေ့ရှိရသည့်အတွက် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရရှိသော နန်းခမ်း အီး(ခ) အားဟူ(၃၅ နှစ်)၊ အမ်လျှန်း(၁၆ နှစ်)၊ အုတ်ဆင်း(၁၆ နှစ်)၊ ညီခွား(၂၉ နှစ်)၊ ညီလုံး(၁၈ နှစ်) တို့ကို တာချီလိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

မောင်ယဉ်ကျေး

မှုခင်းသတင်းတိုများ

မိမိကိုယ်ကိုသေကြောင်းကြံစည်သူကို အမှုဖွင့်အရေးယူ

သုံးခွမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အမျိုးသမီးတစ်ဦး အဆိပ်သောက်ကာ သုံးခွပြည်သူ့ဆေးရုံသို့ လာရောက်ဆေးကုသနေကြောင်း သတင်းအရ ဧပြီ ၂၇ ရက် နံနက် ၅ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ရာ အဆိပ်သောက်သူမှာ ကတုံးပေါ်ကျေးရွာ သုံးခွမြို့နယ်နေသူ မအေးသန်း (၂၁နှစ်)ဖြစ်ပြီး သုံးခွပြည်သူ့ဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ ၎င်းသည် မိသားစုနှင့် အိမ်ခွဲနေထိုင်ရန် ခင်ပွန်းဖြစ်သူနှင့် ပြောဆိုဆွေးနွေးကြစဉ် စကားများရန်ဖြစ်ခဲ့ပြီး နံနက် ၂ နာရီခန့်တွင် ပဲပင်ဖျန်းသည့် ပိုးသတ်ဆေးရည်ကို သောက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသဖြင့် ယင်းကဲ့သို့ မိမိကိုယ်ကို သေကြောင်းကြံစည်သူ မအေးသန်းကို သုံးခွမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သားအမိကို မိုးကြိုးပစ်၍ မိခင်သေဆုံး

ကယားပြည်နယ် ဖရူဆိုမြို့နယ် မာခရောရှေ့ကျေးရွာအုပ်စု ဒေါတထောကျေးရွာတွင် ဧပြီ၂၇ ရက် ညနေ ၃ နာရီက မိုးသက်လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်ရာ ဒေါတထောကျေးရွာနေ ဒေါ်ပလျားမာ (၃၄ နှစ်)သည် သုံးလအရွယ်ကလေးငယ်ကို ကျောပိုး၍ အိမ်ရှေ့လှေကားထိပ်၌ ရှိနေစဉ် မိုးကြိုးထိမှန်၍ အိမ်အောက် သို့ ကျသွားပြီး ပိုးထားသောကလေးမှာ ထိခိုက်မှုတစ်စုံတစ်ရာမဖြစ်ဘဲ မိခင်တစ်ဦးတည်းသာ ဦးခေါင်းတွင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးရထားသံလမ်း၌ လူတစ်ဦးရထားတိုက်မိ၍ သေဆုံး

ဧပြီ ၂၈ ရက် နံနက် ၈ နာရီခန့်တွင် ကျောက်တံခါးမြို့ မီးရထားလမ်းကြေးနန်းတိုင် မိုင်တိုင်အမှတ် ၁၀၈/၄ နှင့် ၁၀၈/၅ ကြားတွင် ဦးသာညဏ် (၇၃ နှစ်) လျှပ်စစ်(၃)လမ်း ကွင်းနောက်ရပ်ကွက် ကျောက်တံခါးမြို့နေသူသည် ရန်ကုန်-မန္တလေးမီးရထားသံလမ်းပေါ်တွင် ထိုင်နေစဉ် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ရွှေညောင်-သာစည်-ရန်ကုန်အမှတ် (၁၀)အစုန်ရထားက ဥသြသံပေး၍ ဘရိတ်အုပ် ရပ်တန့်ပေးရာ ရထားအရှိန်မသေမီ ရထားဘီးနှင့် ဖိတွန်းမိသဖြင့် ဦးသာညဏ်တွင် ဒဏ်ရာများရရှိခဲ့ပြီး နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ခိုတက်နှိုက်စဉ် ဓာတ်လိုက်၍ပြုတ်ကျသေဆုံး

ဧပြီ ၂၈ ရက်က မောင်းကုန်းသကြားစက်ရုံမှ ကြိုးချိတ်လုပ်သားတစ်ဦး ဓာတ်လိုက်၍မြတောင်ဆေးရုံသို့တင်ထားကြောင်းသတင်းအရ ရဲတပ်ကြပ်ကြီး ဇော်မျိုးသက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ သန်းထိုက်စိုး(၁၈နှစ်) ကရိန်းကြိုးချိတ်လုပ်သား ဂရိတ်ဝေါစက်ရုံ မောင်းကုန်းရွာနေသူဖြစ်ပြီး ၎င်းသည် ဂရိတ်ဝေါစက်ရုံအနီး ဓာတ်တိုင်ပေါ်တက်၍ ခိုများတက်နှိုက်စဉ် ဓာတ်လိုက်၍ပြုတ်ကျခဲ့ကြောင်း သိရပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ သန်းထိုက်စိုးမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် ထီးချိုင့်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကျောင်းသားရှိရင် ကျောင်းသားသုံး အဘိဓာန်ရှိရမယ်။

သာလွန် ကျောင်းသားသုံး အင်္ဂလိပ် - မြန်မာ အိတ်ဆောင် အဘိဓာန်

သာလွန်စာအုပ်တိုက် ဖုန်း - ၀၁ - ၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၂၀၃၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်း၀(၈)လမ်း၊ မြေကွက်အမှတ်(၉၆၆/က)ဟုခေါ်တွင်သော မြေအကျယ်(၂၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအား အမည်ပေါက် ဦးလှတင် (ISN-၀၆၈၈၈၄) နှင့် ဇနီးတို့ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်အမှတ်(၃၅၅/၂၀၁၄) အရ အမွေဆက်ခံပိုင်ဆိုင်သော ကျန်ရစ်သူသားသမီးများဖြစ်သည့် (၁) **ဒေါ်ရီရီဌေး** (၁၂/ဥကတ(နိုင်)၀၅၃၃၃၅၂)၊ (၂)**ဒေါ်မြို့မြို့ဝင်း** (၁၂/ဥကတ(နိုင်)၀၅၇၅၀၇)၊ (၃) **ဒေါ်ဌေးဌေးဝင်း** (၁၂/ဥကတ(နိုင်)၀၅၇၅၁၀)၊ (၄) **ဦးသိန်းထွန်းဦး** (၁၂/ဥကတ(နိုင်)၀၅၁၁၅၃)၊ (၅)**ဒေါ်အုန်းသန်း** (၁၂/ဥကတ(နိုင်)၀၅၇၄၀၅)တို့ထံမှ အထူးကိုယ်စားလှယ်စာရသူ **ဦးအောင်ကျော်စိုး** (၁၀/ပမန(နိုင်)၁၂၇၆၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇင်မင်းထိုက် LL.B, D.B.L. — အထက်တန်းရှေ့နေ (စဉ်-၁၀၀၉၄)
ဒေါ်နှင်းဝတ်ရည် LL.B — အထက်တန်းရှေ့နေ (စဉ်-၁၀၁၅၁)
အမှတ်(၈၇၅/က)၊ မြဟေဝန်ရိုလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၉၄၅၂၂၈၂ ၊ ၀၉၄၂၁၇၁၇၄၃၅

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၆၀၈၊ Toyota Townace CMSS PU(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဦး ၉/မနတ(နိုင်)၀၉၇၇၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ခင်ပွန်းဖြစ်သူ၏ စေ့စပ်ကြောင်းလမ်းခြင်းအပေါ် ကန့်ကွက်ကြော်ငြာခြင်း။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အမေရိကန်နိုင်ငံသို့ ခေတ္တရောက်ရှိနေသူ မြန်မာနိုင်ငံသားအိမ်ထောင်သည် ကလေးတစ်ဦး၏ မိခင်ဖြစ်သူ - ဒေါ်မဥ္ဇူအောင်၏ E-mail နှင့် တယ်လီဖုန်း ညွှန်ကြားချက်အရ အောက်ပါအတိုင်းကန့်ကွက်ကြော်ငြာချက်ပြုလုပ်ပါသည်။

ကျွန်ုပ်၏အမှုသည် မဥ္ဇူအောင် နှင့် ကိုဥက္ကာကျော် (CEO of Vape City) သည် (၁၈-၁၂-၂၀၀၂) ရက်နေ့တွင် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင်၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီတရားဝင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ သားတစ်ဦးထွန်းကားခဲ့ပြီး၊ ၁၁-နှစ် အရွယ်ရှိခဲ့ပြီး သားဖြစ်သူ၏ Autism မွေးရာပါချို့တဲ့မှုရောဂါရှင် Handicap ဖြစ်၍ ရောဂါများကုသရန် ယခုအခါ အမေရိကန်နိုင်ငံသို့ရောက်ရှိနေပါသည်။

ဤအခြေအနေတွင် ခင်ပွန်း - ကိုဥက္ကာကျော်သည် ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ နှင့် (၉-၄-၂၀၁၄) တွင် ရန်ကုန်မြို့၌ စေ့စပ်ကြောင်းလမ်းကြောင်းခြင်းကို ဂျာနယ်များ၊ Website စာမျက်နှာများ၊ Facebook များတွင်ဖော်ပြခဲ့ကြောင်း မိတ်ဆွေများ၏ ဆက်သွယ်ပြောကြားချက်အရကြားသိရပါသည်။ အမေရိကန်နိုင်ငံထုတ် Myanmar Gazette Apr - May 2014 Vol.2/ Issue 4 တွင် ကိုဥက္ကာကျော် နှင့် ဆုပန်ထွာ တို့သည် ရန်ကုန်မြို့၌ လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ကြောင်း ကြေညာချက်ကိုထပ်မံတွေ့ရှိခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည်က ကိုဥက္ကာကျော်၏ မိဘများထံဆက်သွယ်ခဲ့ရာ ထိုသို့ ကိုဥက္ကာကျော် စေ့စပ်ကြောင်းလမ်းရာတွင် မိဘများအနေဖြင့် တစ်စုံတစ်ရာပါဝင်ပတ်သက်ခြင်းမရှိကြောင်းနှင့် ထိုသို့ စေ့စပ်ကြောင်းလမ်းခြင်းကို သဘောမတူကြောင်းသိရှိခဲ့ရပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ကိုဥက္ကာကျော်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ လင်မယားဖြစ်ပေါင်းသင်းခြင်း တရားဝင်တည်မြဲလျက်ရှိစဉ်ယခုကဲ့သို့ စေ့စပ်ကြောင်းလမ်းခြင်းအား တရားဝင်ဇနီးတစ်ဦးအနေဖြင့် ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(ဤကြေညာစာအား ဒေါ်မဥ္ဇူအောင်၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးတင်အောင်မှ ကြေညာချက်ထည့်သွင်းခြင်း လက်မှတ်ရေးထိုးသဘောတူချက်ပေးခဲ့သည်။)

ညွှန်ကြားချက်အရ -

ဦးရောဘတ်စန်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၄၆၉)
အမှတ် - ၁၇၃ (ပ) ထပ်၊ သိမ်ဖြူလမ်း၊
ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ph : 09- 430 49313, 394324

လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

ပန်းတနော်မြို့နယ် အစုကြီး၌ (၂၃.၄.၂၀၁၃) ရက်တွင် ဖွင့်လှစ်ပြီးဖြစ်သော သီတဂူသုမေဓာဆေးရုံနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်ရန် ဖောက်လုပ်ပြီးဖြစ်သော မြေသားတာမ်လမ်း (အရှည် -၂-မိုင်)ကို မြတောင်ဆရာတော်နှင့် ရွှေပြည်ဟိန်း ဆရာတော်တို့ဦးဆောင်လျက် ကွန်ကရစ် လမ်းအဖြစ်တိုးမြှင့်ခင်းလျက်ရှိရာ သုမေဓာသွင် ဆုပန်ဆင်လျက် လိုအင်ဆန္ဒ ပြည့်ဝစေရန် ရည်စိတ်သန်၍ ဘိလပ်မြေ(၁)အိပ် ၆၀၀၀ိ/- ကျောက်သေး(၁)ကျင်း (၃၀၀၀၀ိ/-) ပါဝင်လှူဒါန်းကာ လမ်းအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

မေလ (၂၄၊ ၂၅)ရက်တွင် ဦးရေ(၄၂၆၀)ပြည့် ၃၅-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော် ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။
ဌာန-ရွှေပြည်ဟိန်းကျောင်း၊ပြည်သာယာ၊ရန်ကင်း (တာမွေလေး၊ သံလမ်းအနီး)

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း-၀၁ ၅၄၁၄၉၃၊ ၀၉ ၅၁၀၂၁၉၇
မြတောင်ဆရာတော်၊ ပန်းတနော်မြို့၊ ဇရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၄၆ ၃၀၃၄၇၊ ၀၉ ၄၂၅၂၇၉၄၂၆

ရွှေဝံ့တိုင်ကမ္ဘာ့ဘဏ် KBZBank(AccountNo.00730200701690301) နှင့်အခြားဘဏ်များ
အရှင်ဝေမာသီရိလင်္ကာရ (၁၂/ရကန(သ)၀၀၀၀၈၅)၊ ဖုန်း-၀၉ ၅၁၀ ၂၁၉၇၊ ၀၁-၅၄၁၄၉၃

ရွှေရာသီဟ ရေကူးသင်တန်း

ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း

သင်တန်းနေရာ

သင်တန်းချိန် နံနက်(၆း၃၀ မှ ၈း၀၀ နာရီ)မသီးသန့် ညနေ(၃း၃၀ မှ ၅း၀၀နာရီ)ကျား/မ
နံနက်(၇း၃၀ မှ ၉း၀၀ နာရီ)ကျား/မ ညနေ(၄း၃၀ မှ ၆း၀၀နာရီ)မသီးသန့်
နံနက်(၈း၃၀ မှ ၁၀း၀၀နာရီ)ကျား/မ

သင်တန်းဖွင့်ရက် ၅.၅.၁၄ (May) (လူဦးရေ ကန့်သတ်ထားသည်)

မြန်မာ့လက်ရွေးစင်ပေါင်း သင်တန်းမှူးများမှ ဘာကောင်းသုံး သင်ကြားမှုစနစ်ဖြင့် ကြီးကြပ်သင်ကြားပေးပါသည်။
သင်တန်းပြီးဆုံးလျှင် ...ရလက်မှတ်၊ သင်တန်းဆင်းလက်မှတ် နှင့် ထူးချွန်သူများအား ... ချီးမြှင့်ပါမည်။
တဟန်း(၃)လမ်းမှတ်တိုင်အနီး၊ ကန်တော်ကြီးဝင်း၊ မဟာမြိုင်ကျွန်း။ — 554266 , 553931

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့ လသာမြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ် (၈၉/၉၁) တွင်တည်ရှိသော မူတိုင်ဘုရားကျောင်း ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၃စီ အတွင်းရှိ မြေကွက်အမှတ် ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၇၊ ၁၉၈၊ ၁၉၉၊ ၂၀၀၊၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၁၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၁၊ ၂၃၂၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈၊ ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၄၊ ၂၄၅၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၄၉ မြေကွက် စုစုပေါင်း (၄၆) ကွက်နှင့်

မြေတိုင်းရပ်ကွက်အမှတ် -၃စီ² အတွင်းရှိ မြေကွက်အမှတ် -၂၆၆၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၁၊ ၂၈၂၊ ၂၈၄၊ ၂၈၅၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁၊ ၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ ၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉၊ ၃၂၀၊ ၃၂၁၊ ၃၂၂၊ ၃၂၃၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၅၊ ၃၄၀၊ ၃၄၁၊ ၃၄၂၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇၊ ၃၄၈၊ ၃၄၉၊ ၃၅၀၊ ၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၁၊ ၃၆၂၊ ၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊ ၃၇၃၊ ၃၇၄၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၈၅၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ မြေကွက်စုစုပေါင်း (၁၁၀) ကွက်

မြေတိုင်းရပ်ကွက် (၂)ခုပေါင်း မြေကွက် (၁၅၆) ကွက်သည် ယနေ့တိုင် မြို့ပြမြေစာရင်းတွင် မူတိုင်ဘုရားကျောင်းဂေါပကအဖွဲ့ (THE TRUSTEES OF THE MO TAH TEMPLE) အမည်ပေါက်လျက်ရှိပြီး ယင်းမြေကွက်များ၏ တရားဝင်မြေပိုင်ရှင်မှာ မူတိုင်ဘုရားကျောင်း ဂေါပကအဖွဲ့သာ ဖြစ်ပါသည်။

မည်သူမဆို မြေပိုင်ရှင် မူတိုင်ဘုရားကျောင်းဂေါပကအဖွဲ့၏ ခွင့်ပြုချက်မရဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြင်ဆင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြစ်မှုကြောင်း၊ တရားမကြောင်းအရ အရေးယူ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသောင်းမြင့် (စဉ် -၂၇၄၅/၈၄)
တရားလွှတ်တော်ရှေ့နေ
B.A (Law), LL.B, D.M.L, D.B.L, D.I.L
အမှတ်(၁၉၀)၊သိမ်ဖြူလမ်းသွယ်၊ (၁၀)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၄၂၉၄၉၊ ၀၉-၂၅၄၂၆၉၉၁၇၊ ၃၇၉၀၆၆

၂၅-၄-၂၀၁၄ ရက်ထုတ် သတင်းစာကြေညာချက်ပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းဌေးနှင့် အထက်တန်းရှေ့နေ ဒေါ်ဖြိုးဖြိုးအောင်တို့က ဦးအေးသိန်း ၁၂/မဂတ(နိုင်)၀၁၆၁၂၆၊ ကန်ထရိုက်လိုင်စင်အမှတ် Y.C.D.C LC-397 High Top Construction Co., Ltd. သိစေရန်ကြေညာချက်အပေါ်

အမှန်အတိုင်းဖြေရှင်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအေးသိန်းနှင့် High Top Construction Co., Ltd. ၏ညွှန်ကြားချက်အရ အများသိစေရန် ဖြစ်ရပ်မှန်ကို ရှင်းလင်းအပ်ပါသည်။ ၂၅-၈-၂၀၁၀ ရက်စွဲပါ စာချုပ်သည် ဒေါ်စောမြနှင့် ချုပ်ဆိုခဲ့ခြင်းမဟုတ်ဘဲ စာချုပ်၏စာမျက်နှာနှင့် အပိုဒ်(၃)တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ မြေပိုင်ရှင်မှ ဤမြေကွက်သည် မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆိုင် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း အကယ်၍ ပြဿနာတစ်စုံတစ်ရာရှိပါကလည်း မိမိစရိတ်ဖြင့် ပြီးပြတ်ပြေလည်အောင် ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဤစာချုပ်တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်ဟု ဖော်ပြထားပြီး ဒေါ်စောမြအနေနှင့် တောင်းဆိုဖြေရှင်းစရာပေါ်ပေါက်ပါက လက်မှတ်ရေးထိုးသူ ဦးဝင်းကြိုင်နှင့် တိုက်ရိုက်ဖြေရှင်းရမည်ဖြစ်ပါသည်။

ငါးလွှာတိုက်ခန်းကို ကြိုတင်အရောင်းအဝယ်ပြုလုပ်ထားခြင်း၊ ငွေကျပ်သိန်း ၂၀၀ ပေးလျော်ရသည်ဟု အဆိုရှိခြင်းတို့မှာ ဒေါ်စောမြ၏ ဆောင်ရွက်ချက်သာ ဖြစ်ပါသည်။

ဦးအေးသိန်းက ကြိုတင်ရောင်းချရန် မည်သို့မျှ သဘောတူပြောဆိုခဲ့ခြင်းလည်းမရှိပါ။ အဆောက်အအုံဆောက်လုပ်ရာတွင် ဦးအေးသိန်းသည် အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရပြီး မြေညီထပ်(ဘယ်၊ ညာ) ပထမထပ်(ဘယ်၊ ညာ)ငှားရမ်းခြင်းကိစ္စကြောင့် ငွေကျပ်သိန်း ၈၀၀ပေးလျော်ခဲ့ရသည်ဟု ကြေညာနေခြင်းမှာ ဦးအေးသိန်းနှင့်သက်ဆိုင်ခြင်းမရှိဟု စာချုပ်တွင် အတိအလင်းဖော်ပြပါရှိခဲ့ပြီးဖြစ်ပါသည်။ ၂၅-၈-၂၀၁၀ရက် သဘောတူညီချက်သည် သက်တမ်းကုန်သည့်ရက်ဟု မည်သည့်စာပိုဒ်တွင်မျှ မပါရှိဘဲ စာချုပ်၏စာမျက်နှာ(၆)စာပိုဒ်(၁၀)တွင် **အဆောက်အအုံအား ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီး (၂၄)လအတွင်း အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ပြီးပါက လူနေထိုင်ခွင့်နှင့်တကွ မြေပိုင်ရှင်သို့ အပ်နှံရပါမည်ဖြစ်ကြောင်း ကန်ထရိုက်တာမှ ဝန်ခံကတိပြုပါသည်။ အကယ်၍ နောက်ကျပါက အဆိုပါ ဆောက်လုပ်ခွင့်ရရှိပြီးသည့်ရက်မှ (၂၄)လအတွင်း အဆောက်အအုံ လူနေထိုင်ခွင့်မရရှိပါက တစ်လလျှင် မြေရှင်သို့ နစ်နာကြေး လစဉ်(၃)သိန်းကျပ်တိတိပေးချေရန် ကန်ထရိုက်တာမှ သဘောတူပါသည်။ အဆိုပါနစ်နာကြေးကို လစဉ် ၁၅ရက်နေ့တိုင်းတွင် ပေးချေရမည်ဖြစ်ကြောင်းနှင့် နှစ်ဦးနှစ်ဖက်သဘောတူပါသည်** ဟု ရေးသားဖော်ပြထားပါသည်။

၁၄-၈-၂၀၁၂၊ ၂၈-၁၂-၂၀၁၃ရက်စွဲပါ စာရွက်စာတမ်းများလွှဲပြောင်းခြင်း၊ ကတိစာချုပ်အရ ဦးဝင်းကြိုင်သည် လက်ခံသူအဖြစ် လက်မှတ်ရေးထိုးထားပါသည်။ ၂၈-၉-၂၀၁၃ရက်တွင် မြေရှင်ခံစားခွင့်ရှိသည် တို့နှင့်တကွ အပ်နှံထားပြီးဖြစ်ကြောင်း အထောက်အထားနှင့်တကွ ကျွန်ုပ်တို့ထံပြသ၍ ညွှန်ကြားလာပါသည်။

အထက်ဖော်ပြပါကြေညာချက်ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအေးသိန်းနှင့် High Top Construction Co.,Ltd.တို့တွင် ဂုဏ်သိက္ခာများစွာ ထိခိုက်ရသည့်အပြင် အမည်ကောင်း၊ ဂုဏ်သတင်းဖြင့် လုပ်ကိုင်နေမှုမှာလည်း အများပြည်သူအကြား ထင်ယောင်ထင်မှား ဖြစ်စေပါသည်။ ဤကြေညာချက်ပါရှိသည့်ရက်မှ လူကြီးမင်းတို့၏ကြေညာချက်ကို ခုနစ်ရက်အတွင်း ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။ လိုက်နာခြင်းမရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် တည်ဆဲဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဦးမြင့်သောင်း ဒေါ်မိုးမိုးခိုင်
စဉ်-၄၀၄၄ စဉ်-၈၇၂၃
တရားလွှတ်တော်ရှေ့နေများ
ဦးနေလင်းအောင် ဒေါ်နှင်းပွင့်ဖြူ ဒေါ်မေမေလွင်
စဉ်-၃၁၃၂၉ စဉ်-၄၃၄၉၄ စဉ်-၄၃၆၄၃
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဘုရားလက်ထက်၌
တစ်ဂါထာ တစ်ပုဒ်မျှ
ဘုရားကဟောကြား
လူအများသိမြင်ပြန်
နိဗ္ဗာန်နဲ့ သောတာပန်တဲ့...၊
ခုနေခါကျပြန်တော့
နာလိုက်ရတရားလည်း တစ်သက်လုံးပါပဲ
သေသာသေရောကြ
ဘာမှလည်းဖြစ်မသွား ဘာမှားနေလဲ?

ဓမ္မပါလ
ရွှေလက်နဲ့ခေါ်
လာလိုက်ပါ့လေး

ဖြန့်ချိရေး
ရန်ကုန် ဦးစိုးဝင်း 0973196271
နယ်မှန္တလေး စိုးဇင်စာပေ 01228297
095049783/ 09450040767

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၁ယ/၃၄၃၈၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိနိုင် ၅/တမန(နိုင်)၀၃၂၃၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)

၂၅-၄-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ (၄)တွင် ဖော်ပြသည့် တရားလွှတ်တော်ရှေ့နေ ဦးဝင်းဌေး၊ အထက်တန်းရှေ့နေ ဒေါ်ဖြိုးဖြိုးအောင်တို့ ကြေညာသည့် ဦးအေးသိန်း ၁၂/မဂတ(နိုင်)၀၁၆၁၂၆ ကန်ထရိုက်တာလိုင်စင်အမှတ် Y.C.D.C LC-397 High Top Construction Co., Ltd. သိစေရန်ကြေညာချက်ကို

အမှန်အတိုင်းဖြေရှင်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဦးအေးသိန်းနှင့် High Top Construction Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အမှန်အတိုင်းရှင်းလင်းကြေညာအပ်ပါသည်။

၃-၁၀-၂၀၁၃ ရက်စွဲပါ စာချုပ်ဆိုသည်မှာ မည်သူနှင့်မည်သူတို့ ချုပ်ဆိုထားသောစာချုပ်ဖြစ်ကြောင်း တိတိကျကျဖော်ပြရန်လိုပါသည်။ ဦးအေးသိန်းဆောက်လုပ်ခဲ့သော အဆောက်အအုံ၏ ကပ်လျက်မြေကွက်မှာ ဦးဝင်းညွှန့်ဆိုသူ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးဝင်းကြိုင်က မြေကွက်ကို ရယူခြင်းပြုခဲ့ပါသည်။ ၂၅-၈-၂၀၁၀ စာချုပ်ပါ ၆½ထပ် အဆောက်အအုံမြေပိုင်ရှင်ရရှိသည့် သုံးလွှာ ဘယ်-ညာနှစ်ခန်းနှင့် အလိုက်ငွေကျပ်သိန်း ၁၀၀၀ ဖြင့် ပေးအပ်ပါမည်ဟုဆိုကာ ၁၁-၇-၂၀၁၂ရက်တွင် ဦးအေးသိန်းနှင့် ဦးဝင်းကြိုင် ၁၂/သဃက(နိုင်)၀၇၃၈၂၉ တို့ အတိအလင်း ချုပ်ဆိုထားပါသည်။

ဦးဝင်းကြိုင်သည် ဦးဝင်းညွှန့်ပိုင်သောမြေကို လက်ရောက်ရယူ၍ အမည်ဖောက်ခြင်း၊ မြေပေါ်၌ အဆောက်အအုံဆောက်လုပ်ကာ ဆိုင်ခန်းငှားခြင်းများလက်တွေ့ခံစားနေပြီးဖြစ်ပါသည်။ ငွေကျပ်သိန်း ၁၀၀၀ အနက် လေးကြိမ်ခွဲပြီး ကျပ်သိန်း ၆၅၀ကိုသာ ပေးအပ်ကြောင်း စာချုပ် ပြုလုပ်ချုပ်ဆိုထားပါသည်။ စာချုပ်တွင် အပိုဒ် ၂ ဟုလည်း နံပါတ်တပ်ထားခြင်းမရှိပါ။ ကွက်လပ်လည်းမရှိပါ။ စာချုပ်တွင် ဒေါ်စောမြ ပါဝင်ခြင်းမရှိသဖြင့် ချုပ်ဆိုသူ ဦးဝင်းကြိုင်နှင့်သာ ဖြေရှင်းရန်တာဝန်ရှိပြီး သဘောတူစာချုပ်ဖြင့် လက်ခံထားသောတိုက်ခန်းကို သတင်းစာကြေညာတောင်းဆိုသည့်အတိုင်း ဆောင်ရွက်၍မရနိုင်ပါ။ ဒေါ်စောမြ၏ညွှန်ကြားချက်ဟုဆိုကာ ၂၅-၄-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာတစ်စောင်တည်း၌ ကြော်ငြာကဏ္ဍ စာမျက်နှာ(၁)နှင့် စာမျက်နှာ (၄)တို့တွင် အဆောက်အအုံတစ်ခုတည်းကိုခွဲ၍ ကြေညာခြင်းသည်လည်းကောင်း၊ ဦးဝင်းကြိုင်နှင့်ချုပ်ဆိုထားသောစာချုပ်အား ဒေါ်စောမြအနေနှင့် ဦးဝင်းကြိုင်ကို ကျော်လွန်ပြီး တောင်းဆိုနေခြင်းသည်လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအေးသိန်း၏အမည်ကောင်းသတင်းဖြင့် လုပ်ကိုင်နေသော High Top Construction Co.,Ltd. တို့၏ ဂုဏ်သိက္ခာကို တမင်ကျဆင်းအောင် အများထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာခြင်းသာ ဖြစ်ကြောင်း ကျွန်ုပ်တို့ထံ ညွှန်ကြားလာပါသည်။ ကြေညာချက်ကို ခုနစ်ရက်အတွင်း အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးရန်နှင့် လိုက်နာခြင်းမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအေးသိန်းနှင့် ကုမ္ပဏီ၏နစ်နာမှုအဝဝအား ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း ဒေါ်မိုးမိုးခိုင်
စဉ်-၄၀၄၄ စဉ်-၈၇၂၃
တရားလွှတ်တော်ရှေ့နေများ
ဦးနေလင်းအောင် ဒေါ်နှင်းပွင့်ဖြူ ဒေါ်မေမေလွင်
စဉ်-၃၁၃၂၉ စဉ်-၄၃၄၉၄ စဉ်-၄၃၆၄၃
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နှစ်ဦးသဘောတူလက်ထပ်ပြီးကြောင်း ကြေညာချက်အား

အသိအမှတ်မပြုခြင်း

၁၄-၄-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ပါ မောင်ထွန်းအောင်လှိုင်(ခ)ကိုထွေး ၁၀/မဒန(နိုင်)၀၀၂၈၉၃ နှင့် မအိအိသိန်း ၁၂/ဒဂမ(နိုင်)၀၁၃၉၀၃ တို့၏ ၇-၄-၂၀၁၄ရက် လားရှိုးခရိုင်တရားသူကြီး၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏သား မောင်ထွန်းအောင်လှိုင်(ခ)ကိုထွေးတွင် လက်ရှိဇနီး မငြိမ်းငြိမ်းဌေး ၁၂/အစန(နိုင်)၁၅၆၃၆၇ နှင့် (၁၃)နှစ်အရွယ် မောင်ဖြိုးပြည့်စုံအမည်ရှိ သားတစ်ဦးထွန်းကားလျက် ယခုတိုင် တရားဝင်အမှန်တကယ်ရှိနေပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်ကျင့်သိက္ခာ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးအားပေးစာနာတတ်သည့် ကျွန်ုပ်တို့နှင့်အတူ ၎င်း၏အစ်ကို၊ အစ်မတော်စပ်သူများက မောင်ထွန်းအောင်လှိုင်(ခ)ကိုထွေး၏ ယခုလုပ်ရပ်အား လုံးဝအသိအမှတ်မပြု ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်- ဦးစိန်သောင်း ၁၀/မဒန(နိုင်)၀၀၇၀၃၄
မိခင်- ဒေါ်သန်းရီ ၁၀/မဒန(နိုင်)၀၀၇၀၂၆ နှင့်
အစ်ကို၊ အစ်မများ
အမှတ် ၅၊ မြို့ဝမ်လမ်း၊ ရပ်ကွက် (၁)၊ နယ်မြေ (၁)၊ လားရှိုးမြို့

ညှိနှိုင်းဈေးဖြင့်ရောင်းရန်

ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုရှိ ၁၅၅၃ စတုရန်းပေ ကွန်ဒိုတစ်ခန်း ညှိနှိုင်းဈေးဖြင့် ရောင်းရန်ရှိသည်။ **(ပွဲစားမလို)**
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၂၄၄၃၃၇

မြေနှင့်မြေပေါ်ရှိအဆောက်အအုံကို ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၀၈/ကနေ ဒေါ်မို့မို့အောင်နှင့် ဒေါ်သင်းသင်းအောင်တို့၏ ညွှန်ကြားချက်များအရ လူအများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၃၀၈/က၊ မြေဧရိယာစတုရန်းပေ ၁၂၀၀နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် နှစ် ၆၀မြေငှားဂရန် မြေကွက်၏ပိုင်ရှင်တို့မှာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၂၀၁၄/၂၀၀၆ အရ (၁)ဦးမော်အောင်၊ (၂)ဒေါ်မို့မို့အောင်၊ (၃)ဒေါ်သင်းသင်းအောင်တို့ ဖြစ်ကြပါသည်။ ပူးတွဲပိုင်ရှင် ဦးမော်အောင်က ၎င်း၏ပိုင်ဆိုင်ခွင့်ကိုစွန့်လွှတ်ပြီး အစ်မရင်းဖြစ်သူ ဒေါ်မို့မို့အောင်နှင့် ဒေါ်သင်းသင်းအောင်တို့အား မေတ္တာဖြင့်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ် ၂၄၃၀/၀၆ကို ချုပ်ဆို၍ ၂၀၀၆ခုနှစ်ထဲတွင် ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံတို့သည် ဒေါ်မို့မို့အောင်နှင့် ဒေါ်သင်းသင်းအောင်တို့ နှစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

(ဌေးလှိုင်) (သီတာဦး)
လွှတ်တော်ရှေ့နေကြီး လွှတ်တော်ရှေ့နေ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ယုံ အသက်(၈၃)နှစ်

ပုဇွန်တောင်(တပ်မြေ)၊ (ဒေးဒရဲမြို့၊ အင်းဒူးကျေးရွာ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၁၃နေ (ဦးကောက်)၏ဇနီး၊ (ဦးလှဇော်)-ဒေါ်ခင်မြင့်ရီ၊ (ဒေါက်တာခင်မောင်သိန်း)-ဒေါက်တာ အေးအေးညွန့်(ဟသ်ာတဆေးရုံကြီး၊ AIDS/STD team)၊ဦးတင်အောင်-ဒေါ်ခင်မာညို၊ ဦးခင်မောင်ဌေး-ဒေါ်မြင့်မြင့်မော်၊ ဦးခင်ဇော်(ဇော်ပျံမောင်ခင်ဇော် မုန့်ဟင်းခါးဖို၊ တ/ဒဂုံ)-ဒေါ်ခင်ခင်ရီ၊ ဒေါက်တာစိန်မြင့်-ဒေါက်တာစိုးစိုးမော်(U.S.A၊ကယ်လီဖိုးနီးယား)၊ ဦးဇော်လင်း(ဦးကောက်ခေါက်ဆွဲစက်)-ဒေါ်သင်းသင်းမြတ်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ချိုတို့၏မိခင်၊ မြေး ၂၀၊ မြစ်ခုနစ် ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ဖေ

(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)၊ အခြေခံပညာဦးစီးဌာန

အသက်(၈၁)နှစ်

အင်းစိန်မြို့နယ်နေ (ဦးဘကြင်-ဒေါ်ညိမ်းမြ)တို့၏သားငယ်၊ (ဦးတင်ရွှေ-ဒေါ်ခင်ကြည်)တို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ် ၁၉၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကြင်ကြင်(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးသန့်ဇင် (M.D. Treasure Villa Gems Co.,Ltd.)-ဒေါ်မိုးသူဇာ(35 Mart)၊ ဦးဇော်အောင်(Director, Htut Aung Co.,Ltd.)-ဒေါ်မိုမိုတင်(35 Mart)၊ ဒေါက်တာဝေမာတင်(ကလေးအထူးကု၊ ရန်ကုန်ကလေးဆေးရုံကြီး)တို့၏ဖခင်၊ ကိုအောင်ဖြိုးသန့်-မနှင်းဟေမာ၊ ကိုအောင်မိုးသန့်-မရည်မွန်ဦး၊ မယဉ်မိုးသန့်တို့၏အဘိုး၊ မပိုးနှင်းသန့်၊ မောင်ကောင်းပြည့်သန့်တို့၏အဘိုးသည် ၂၈-၄-၂၀၁၄ ရက်(တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်အေး (ပင်ပို့ရွက်နု လက်ဖက်နှင့်အကြော်စုံလုပ်ငန်း)

အသက်(၇၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၄-B၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းနေ (ဦးသိန်းဟန်)၏ဇနီး၊ ဒေါ်ခင်ခင်ဝိုင်း၊ ဦးသန့်ဇင်-ဒေါ်ခင်သီသီအောင်တို့၏မိခင်ကြီး၊ မောင်မြင့်မိုရ်၏ အဘွားသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တိုးတိုးမာ (အထပြ၊ငြိမ်း)

အထက(၃)မရမ်းကုန်း၊ အထက(၁)မှော်ဘီ၊ အထက(၃)မင်္ဂလာဒုံ

အသက်(၆၁)နှစ်

ထောက်ကြန့်မြို့နေ ဦးစိန်မောင်-(ဒေါ်စိန်ကြင်)တို့၏သမီး၊ ဦးသန်း-ဒေါ်ရင်ရင်၊ ဦးလှဦး-ဒေါ်နန်းဆိုင်မွန်း(မိုင်းပြင်း)တို့၏ညီမ၊ ဦးစောထွန်း- ဒေါ်သန်းသန်းဝင်း (အထပြ၊ ထ-၂၊ မင်္ဂလာဒုံ)၊ စိုင်းအောင်မြင်၊ နန္ဒဝင်းမောင်၊ ကျော်စွာမင်းတို့၏အဒေါ်သည် ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထောက်ကြန့်မြို့ မြို့ရှောင်လမ်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၅- ၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဖေ

အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ဒေါက်တာဇော်အောင်-ဒေါက်တာမိုမိုတင်တို့၏ဖခင်ကြီး ဦးတင်ဖေ(အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

၁၉၈၂-၉၁ တိ-မွေး-ကု တက္ကသိုလ်
ကျောင်းသား၊ ကျောင်းသူများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီဂီထွန်း

အသက်(၃၉)နှစ်

ဦးဇော်ထွန်း(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်သီဂီထွန်းသည် ၂၇-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းမိသားစု
အထူးစီမံကိန်းကြီးအဖွဲ့(၁)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပျဉ်းမနားမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီဂီထွန်း

အသက်(၃၉)နှစ်

ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးဇော်ထွန်း၏ဇနီးဖြစ်သူ ဒေါ်သီဂီထွန်းသည် ၂၇-၄-၂၀၁၄ရက် နံနက် ၁၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၄-၂၀၁၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ ဗိုလ်မှူးဘရန်ရှောင်(ငြိမ်း)၏ အထူးကျေးဇူးတင်ရှိခြင်းကြော်ငြာတွင် ပါရှိသော ချင်းနှင့်ချင်းအသင်းတော် (စမ်းချောင်း) အစား ကချင်နှစ်ခြင်းအသင်းတော်(စမ်းချောင်း) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဥတုရာသီ
တောကိုမှီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

တန်ကင်ယု

အသက်(၉၄)နှစ်

ဒေါ်ခင်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျင်မောင်(ပေါ်ဆန်းစတိုး)-ဒေါ်ဥမ္မာထွေး၊ ဦးအောင်စိန်-ဒေါ်ခင်ခင်အေး၊ ဦးကျော်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးစိန်မောင်-ဒေါ်သန်းရွှေ၊ ဦးရဲသူရ (Family-Sushi)-ဒေါ်သန်းသန်းဆွေ၊ ဦးပြည်သိမ်း(Golden Crown)-ဒေါ်နှင်းသန္တာဝင်းတို့၏ဖခင် တန်ကင်ယု အသက်(၉၄)နှစ်သည် ၂၆-၄-၂၀၁၄ ရက်(စနေနေ့) တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ခိုင်၊ ဦးထိန်မြင့်၊ ဦးဝင်းနိုင်၊ ဦးမင်းအောင်၊
ဦးကိုကိုဌေး၊ ဦးမောင်ကြီး၊ ဦးသိန်းဝင်း(သိမ်ကြီးဈေးစီရုံ)

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မန္တလေး(၁)ဈေးချိုဘဏ်ခွဲမှ (ဘဏ်ခွဲတာဝန်ခံ) ဒေါ်ခင်ချောစုမောင်၏ဖခင် ဒေါက်တာဦးမောင်မောင်(ခရိုင်ခွဲစိတ်အထူးကုဆရာဝန်ကြီး-ငြိမ်း) အသက်(၇၄)နှစ်သည် ၂၅-၄-၂၀၁၄ ရက် (သောကြာနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများအားလုံး
မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီဂီထွန်း

အသက်(၃၉)နှစ်

ဦးဇော်ထွန်း(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ချစ်လှစွာသော ဇနီး ဒေါ်သီဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုခင်မောင်ချို-မခိုင်မွန်သင်း
မိသားစု(နေပြည်တော်)

ဝမ်းနည်းကြေကွဲခြင်း

ACA ပညာရိပ်ငြိမ်ကိုယ်ပိုင်အထက်တန်းကျောင်း အကြံပေးအဖွဲ့ သဘာပတိ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) **ဆရာကြီးဦးတင်ဖေ** ၂၈-၄-၂၀၁၄ ရက်က ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲမိပါသည်။

အကြံပေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့်
ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊
မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ
ACA ပညာရိပ်ငြိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊
မြောက်ဥက္ကလာပမြို့

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၁၀၇၂)၊ ဗုအရာခံဗိုလ် ဦးမောင်သန်း၏မြေချပါမစ်အမည်ပေါက်သည့်မြေအကျယ်ပေ (၄၀'× ၆၀')ရှိ မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်သက်ဝေ (၁၂/ကမတ(နိုင်)၀၃၇၀၄၆) မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိ၍ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံဆက်သွယ်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

ဒေါ်ခင်မမ၏ ညွှန်ကြားချက်အရ -

ဒေါ်ဝေဝေနိုင် (ခ) ဒေါ်မြမြဌေး (စဥ်-၆၆၀၅) တရားလွှတ်တော်ရှေ့နေ
ဒေါ်ဝါဝါရွှေ (စဥ် - ၃၇၄၀၆) အထက်တန်းရှေ့နေ
အမှတ် (ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၅၄၀၇၂၂၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-ရွှေလင်ပန်း (၂၆)၊ ရွှေမြင့်မိုရ်ပတ်လမ်း၊ မြေကွက်အမှတ် ၁၀၀၉၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးလှဦး ၁၂/မဂဒ(နိုင်)၀၈၅၅၇၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ကာလတန်ကြေးငွေဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း၊ ယင်းဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်းနှင့် အခြားတပါးမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၄ါးရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်နွယ် ၁၃/နခန(နိုင်)၀၅၇၁၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလွင်ကိုကိုဦး(အထက်တန်းရှေ့နေ)
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၅၀၀၄၁၆၊ ၀၉-၂၅၀၆၅၃၂၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၂၃ တွင် တည်ဆောက်ထားသည့် ခြောက်ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ်ငါးလွှာ၊ ယာဘက် ခြေရင်းခန်း အကျယ်အဝန်း (အလျားပေ ၈၀×အနံ ပေ၂၀)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ကလျာဦး ၁၂/စခန(နိုင်)၀၂၇၇၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေတစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ဝါ (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၄၆၁၃)
အမှတ် ၁၀၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၃၁၀၅၉၇၇၄

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်
ပြားကြီးကျေးရွာ၊ ပြားကြီးကျောင်းဆရာတော်

ဘဒ္ဒန္တကုဏ္ဍာစာရ

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ ဆရာတော်ကြီးသည်(၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) (ကြာသပတေးနေ့) နံနက် ၃း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၆၊ ၇ရက်) ၄/၅-၅-၂၀၁၄ရက်တွင် အန္တိမအဂ္ဂိ ဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ သိစေရန် အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးအဖွဲ့
ပြားကြီးကျေးရွာ တပည့်ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးအောင်ကြည်

(အငြိမ်းစားကျောင်းဆရာကြီး)(ဆီမီးကန်ကျေးရွာ)

အသက်(၉၀)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ကျော်မျိုး၊ ဦးကျော်ဆွေ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်နု(ခ)ရဟီမာဘီ (ဥက္ကံမြို့)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဒေါ်နီလမ်း၊ အမှတ် 2.I နေ ဟာဂျီဦးမြင့်သိန်း-ဟာဂျီမဒေါ်ရှုရီဖာ၊ ဟာဂျီမဒေါ်သင်းသင်းရီ (ICE သောက်ရေသန့်၊ WINNER ဖျော်ရည်၊ အောင်သပြေအမွေးတိုင်)တို့၏မိခင်သည် ၂၈-၄-၂၀၁၄ ရက်တွင် အလ္လာအသျှင်မြတ်အမိန့်တော်နာခံသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမိုး(MD)နှင့် ဝန်ထမ်းများ
Mobile King Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဝင်းမင်းသန်း(ညောင်လေးပင်မြို့)

အသက်(၅၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၆၇၈ နေ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)စိုးဝင်း၏ဇနီး ဒေါ်ဝင်းမင်းသန်း အသက်(၅၉)နှစ်သည် ၂၅-၄-၂၀၁၄ ရက် ၀၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်သီဂီထွန်း

အသက်(၃၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ၆၇လမ်း၊ အမှတ် ဟ-၈/၅ နေ ဦးဇော်ထွန်း(ဒုအင်ဂျင်နီယာမှူးကြီး)၏ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့၏မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ဌေးတို့၏သမီးသည် ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီဂီထွန်း

အသက်(၃၉)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ဒုအင်ဂျင်နီယာမှူးကြီး ဦးဇော်ထွန်း၏ဇနီးဖြစ်သူ ဒေါ်သီဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်ဖြူ-ဒေါ်ခင်အေးဝင်းမိသားစု
အင်ဂျင်နီယာမှူးကြီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကယားပြည်နယ်

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ၆၇လမ်း၊ အမှတ် ဟ-၈/၅ နေ ဦးဇော်ထွန်း(ဒု-အင်ဂျင်နီယာမှူးကြီး)၏ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့၏မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ဌေးတို့၏သမီးသည် ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုကျော်မျိုးထွန်း-မစောနီလာမောင်

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ ၆၇လမ်း၊ အမှတ် ဟ-၈/၅ နေ ဦးဇော်ထွန်း(ဒု-အင်ဂျင်နီယာမှူးကြီး)၏ဇနီး၊ မောင်ဟိန်းသီဟ၊ မောင်တိုးနန္ဒတို့၏မိခင်၊ ဦးတင်ရွှေ-ဒေါ်ခင်ဌေးတို့၏သမီး ဒေါ်သီဂီထွန်း အသက်(၃၉)နှစ်သည် ၂၇-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MIT First batch မှ သူငယ်ချင်းများ

ကြော်ငြာ

ဦးမောင်အေး (ကော့ကရိတ်)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေးအရှေ့၊ ၉၂လမ်း၊ အမှတ် ၁၁၅၊ မြေညီထပ်နေ (ဒေါ်ခင်နု)၏ခင်ပွန်း၊ ဦးဇော်မိုး-ဒေါ်လှလှမြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်လွင်လွင်မော်၊ (ဒေါ်ခင်မိမိ)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ် ငါးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါက်တာဦးခင်မောင်ကြီးဖေ
ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး(ငြိမ်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊အင်းလျားလမ်းနေ ပါမောက္ခ ဒေါက်တာဒေါ်ငွေးမြင့်(ဓာတ်မှန်ဆရာဝန်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကိုကြီး-ခိုင်ဇင်လင်း၊ ဗိုလ်ဗိုလ်ကြီး၊ မင်းသူလွင်-ခင်ခင်ကြီး၊ အောင်နိုင်ဦး-ခင်မေကြီး၊ Daniel Heaney-ခင်လေးကြီးတို့၏ဖခင်၊ မျိုးမင်းဆက်ကိုကို(David)၊ ဇေယံဦး(Jamie)၊ ရဲမင်းဆက်ကိုကို (Ronald Scott heaney)တို့၏ ဘိုးဘိုးကြီးသည် ၂၆-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဗိုလ်ကြီးနေဝင်း(ငြိမ်း) အသက်(၇၆)နှစ်
ကြည်း-၁၀၄၂၇၊ အပတ်စဉ်(၃၁)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၃၄-ကနေ (ဦးကြွား-ဒေါ်သန်း)တို့၏သား၊ ဒေါ်စိန်မှင်၏မောင်၊ ဆရာမကြီးဒေါ်လှကြည်၏ခင်ပွန်း၊ မခင်ယုယုဝင်း၊ မောင်ဇင်မောင်မောင်ဝင်းတို့၏ဖခင်သည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၂၂-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီး ဗိုလ်မှူးကြီး ဇော်မင်း(ငြိမ်း) ကြည်း-၈၅၈၁၏နာရေးကိစ္စတွင် အစအဆုံးကူညီဆောင်ရွက်ပေးပါသော မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ ရန်ကုန်တိုင်းလျှပ်စစ်ဓာတ်အားပေးရေးမှ ဒုဥက္ကဋ္ဌနှင့်ဝန်ထမ်းများ၊ နာရေးသို့လိုက်ပါပို့ဆောင်ကြပါသော၊ သတင်းမေးမြန်း ဝိုင်းဝန်းကူညီကြပါသော ဖခင်ကြီး၏ ဆရာသမားများ၊ လုပ်ဖော် ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ တပည့်များ၊ အသင်းအဖွဲ့/ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အေး (ပင်ပို့ရွက်နှ လက်ဖက်နှင့်အကြော်စုံလုပ်ငန်း)
အသက်(၇၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၄-B၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်းနေ (ဦးသိန်းဟန်)၏ဇနီး၊ ဒေါ်ခင်ခင်ဝိုင်း၊ ဦးသန့်ဇင်-ဒေါ်ခင်သီသီအောင်တို့၏မိခင်ကြီး၊ မောင်မြင့်မိုရ်၊ မောင်အေးမင်းသူရတို့၏အဘွားသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းညွှန့်(ပန်းခိုင်) အသက်(၆၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ကျေးရွာနေ ဒေါ်ခင်လှ၏တူမ၊ ပန်းခိုင်ကျေးရွာနေ(ဦးပေါ်ဦး-ဒေါ်ကျင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးသောင်းရွှေ-ဒေါ်သန်းမြင့်တို့၏ညီမ၊ ရွှေပြည်သာမြို့နယ်၊ ၁၁/ညရပ်ကွက်၊ ထော်ပိုင်လမ်းနေ (ဦးတင်ဝင်း)-ဒေါ်ဝင်းကြည်၊ ဒေါ်ရီသန်းတို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးအောင်ဝင်း)-ဒေါ်ခင်တင့်၊ ဦးတင်မြင့်-ဒေါ်နီနီ၊ ဦးတင်ထွဋ်-ဒေါ်ခင်မေသန်း၊ ဒေါ်မီမီချို၊ နေပြည်တော်၊ ရှမ်းစုစစ်ရေးပြကွင်းနေ ဦးအောင်မင်း-ဒေါ်အေးအေးမော်၊ ဒေါ်သန်းသန်းငွေး(အမက-၈၊ စမ်းချောင်း)တို့၏အစ်မ၊တူ/တူမ ၁၁ယောက်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရွှေပြည်သာမြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့် (သုဝဏ္ဏ)
အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ၊ ကျွဲခြံရွာနေ (ဦးပန်းသောင်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာနေ [ဦးအောင်ဖေ-ဒေါ်လှခင် (ခ) ဒေါ်ပိုတို]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဒေါ်စေးဖော၏ခင်ပွန်း၊ မောင်နိုင်လင်းကျော်-မခိုင်ခိုင်လင်းတို့၏ဖခင်၊ မောင်ဘုဏ်လင်း၊ မောင်ချမ်းမြေ့ထွဋ်တို့၏ အဘိုးသည် ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၂နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ အမှတ် ၅၄၄တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄ရက်မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ရက် နံနက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ အမှတ် ၅၄၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
မျက်ကြည်လွှာအလှူရှင်
ဒေါ်ညွန့်ရီ
(ရမ်းဗြဲ၊ ကျောက်နီမော်)
အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ရွာနေ (ဦးဦးသာထွန်း-ဒေါ်အောင်မဦး)တို့၏သမီး၊ (ဦးဖြူကြီး-ဒေါ်လုံးဖြူ)တို့၏ချွေးမ၊ (ဦးဖိုးကျော့အောင်-ဒေါ်စံကော)၊ (ဦးစံညွန့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ် ၁၂၊ လေးလွှာ ခေါင်းရင်းခန်းနေ ဒုအရာခံဗိုလ် ညီမောင်(ကပစ-၁၊ ငြိမ်း၊ လှေလှော်)၏ဇနီး၊မအိအိမောင်(SMIDB၊ ဘဏ်)၏မိခင်သည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြည်
(ငွေစာရင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၃၅ ဘီ၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးခွေး-ဒေါ်ရင်ကျွေ)တို့၏သမီးကြီး၊ (ဦးစင်အိမ်း-ဒေါ်ညား)တို့၏သမီးချွေးမ၊ (ဒေါ်ကျင်ယို့)၊ (ဒေါ်ကျင်လွမ်)၊ (ဒေါက်တာဦးစိုးမြင့်)-ဒေါ်သန်းသန်းအေးတို့၏အစ်မကြီး၊ ဦးအောင်တီ၏ဇနီး၊ ဦးစန်းတင်-ဒေါ်ဆွေဆွေသန်း(Singapore)၊ ဒေါက်တာခင်အေးမြင့်(Ruby)-ဦးလှမောင်(Singapore)၊ ဒေါက်တာခင်မြကြည်-ဒေါက်တာဝင်းလွင်(Australia)၊ ဦးကြည်ဝင်း-ဒေါက်တာမာလာသွင်(BGH)တို့၏မိခင်၊ ဇင်မြလွင်(B,CS, USA, B.Sc Dentistry GU, Gold Coast)၊ ဒေါက်တာနေခြည်လွင်(RCH, Brisbane)၊ ဒေါက်တာသာဉာဏ်လွင်(PAH, Brisbane)၊ ဒေါက်တာပြည့်ဖြိုးကြွယ်(Monica)(SGH)၊ သက်ဝေလင်း(Project Engineer, Rohde, Shwarg, Singapore)၊ ဉာဏ်လင်းမောင်(Wilson) (JC 1,Hwa Chong, Singapore)တို့၏အဘွားသည် ၁၈-၄-၂၀၁၄ရက်နံနက်၂နာရီတွင် Singapore နိုင်ငံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၄ရက် ညနေ ၅း၁၅နာရီတွင် Singapore နိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး
ဒေါ်ရီ(ပုသိမ်မြို့) အသက်(၈၅)နှစ်

ပုသိမ်မြို့နေ (ဦးချမ်းမား-ဒေါ်ဟန်)တို့၏သမီးထွေး၊ (ဦးဟုတ်စိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၀၉၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဦးအလင်း)၏ဇနီး၊ ဦးစိုးဟန်လင်း(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်၊ ဦးဟန်ဝင်း(မြန်မာ့ဆက်သွယ်ရေးအင်ဂျင်နီယာချုပ်၊ ငြိမ်း)-ဒေါ်မာလာ (အထပြ၊ ငြိမ်း)၊ ဦးသန်းလင်း-ဒေါက်တာအေးအေးမူတို့၏ မိခင်၊ ဒေါက်တာသီဟန်မင်းရှိန်-ဒေါ်ယုဇနဝင်း၊ ဦးကျော်ဇောရှိန်(ခေတ္တ-USA)၊ ဒေါ်မိုးမိုးအောင်(ခေတ္တ-USA)၊ ဦးကျော်သူရ-ဒေါက်တာစုနန္ဒာမြင့်(ဆေးတက္ကသိုလ်-၁၊ ရောဂါဗေဒဌာန)၊ ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာ၊ မစောကလျာကြည်၊ ကိုမြတ်ဇော်လင်းရှိန်၊ ဒေါက်တာမြတ်သူဟန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်တထောင်နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက် ဒါယိကာမကြီး
ဒေါ်ရီ(ပုသိမ်) အသက်(၈၅)နှစ်
ပုသိမ်မြို့နယ်အသင်း၊ ဂုဏ်ထူးဆောင်နာယကကြီး

ပုသိမ်မြို့နေ (ဦးချမ်းမား-ဒေါ်ဟန်)တို့၏သမီးထွေး၊ (ဦးဟုတ်စိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၀၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးအလင်း)၏ဇနီး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်နန္ဒာအောင်၊ ဦးဟန်ဝင်း(မြန်မာ့ဆက်သွယ်ရေး အင်ဂျင်နီယာချုပ်၊ ငြိမ်း)-ဒေါ်မာလာ(အထပြ၊ ငြိမ်း)၊ ဦးသန်းလင်း-ဒေါက်တာအေးအေးမူတို့၏မိခင်၊ ဒေါက်တာသီဟန်မင်းရှိန်-ဒေါ်ယုဇနဝင်း၊ ဦးကျော်ဇောရှိန်(ခေတ္တ-USA)-ဒေါ်မိုးမိုးအောင်(ခေတ္တ-USA)၊ ဦးကျော်သူရ-ဒေါက်တာစုနန္ဒာမြင့်(ဆေး-၁၊ ရောဂါဗေဒဌာန)၊ ဦးအောင်သက်မန်း-ဒေါ်ခင်နှင်းသန္တာ၊ မစောကလျာကြည်၊ ကိုမြတ်ဇော်လင်းရှိန်၊ ဒေါက်တာမြတ်သူဟန်တို့၏အဘွားသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးစန်းယု (မန္တလေး)
[မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး(ငြိမ်း)၊ လားရှိုးမြို့]
(G.M, Showa Auto Enterprise Co.,Ltd.)
အသက်(၇၅)နှစ်

ကနီမြို့နေ (ဦးတက် - ဒေါ်မြစိန်)တို့၏သား၊ (ဒုတိယဗိုလ်မှူးကြီး အောင်လင်း၊ ငြိမ်း)၏ညီ၊ မန္တလေးမြို့နေ ဒေါ်သိန်းတင်၏ခင်ပွန်း၊ ဒေါ်သန္တာယု (အထက-၇၊ မန္တလေး)၊ ဗိုလ်မှူးသက်ခိုင်(ငြိမ်း)(မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်သီဂီယုတို့၏ဖခင်၊ ဗိုလ်လောင်းဖြိုးသန့်ခိုင် (D.S.M.A)၊ မခင်ပန်းဝတ်ရည်ခိုင်(Grade-10, V.E.C)တို့၏ အဘိုးသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင့်မော်
အင်းလျားကန်ဟိုတယ်
(မုန့်ဖုတ်ဌာန)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊အမှတ် ၁၁၂၁နေ ဦးမောင်မောင် - (ဒေါ်တင်တင်)တို့၏ သား၊ (ဦးလှမြင့်) - ဒေါ်သင်းသင်းခိုင်တို့၏ သားသမက်၊ ဒေါ်လှလှဝင်း(အင်းလျားကန်ဟိုတယ်)၊ ဦးတင့်ဇော်-ဒေါ်ခင်မြတ်မွန်၊ ဦးခင်အုန်း-ဒေါ်ခင်အေးနွယ်၊ (ဦးထွန်းနိုင်)-ဒေါ်စန်းစန်းတင့်၊ ဒေါ်စန်းစန်းမြင့် (ကူး/သန်းဦးစီး)တို့၏ မောင်၊ ဦးမင်းသော်-ဒေါ်မဉ္ဇူရှိန်၏ အစ်ကို၊ ဒေါ်မေမြတ်စိုး၏ ခင်ပွန်း၊ မောင်ထွန်းလင်းဖြိုး (အင်းလျားကန်ဟိုတယ်)၏ဖခင်သည် ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅နာရီတွင် OSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၄ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းအေး (ကျိုက္ခမီ)
Ex/Ro- (East Wind)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၄၈နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏ သား၊ ၁၀၉လမ်း၊ အမှတ်၂၅နေ ဦးတင်အောင် - ဒေါ်အုန်းကြည်တို့၏သားသမက်၊ဒေါ်သီသီအောင်(လက်ထောက်မန်နေဂျာ၊ ဆသရ၊ ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း (International SOS)၊ မအေးချမ်းသူ (2^{nd} year English) တို့၏ဖခင်၊ ဦးသန်းဝင်း-ဒေါ်နီနီအောင်၊ ဦးကိုကိုအောင်-ဒေါ်မေသင်းနွယ်၊ ဦးရဲမြင့်မောင်-ဒေါ်အေးအေးဝင်း၊ (ဗိုလ်မှူးမြင့်ခိုင်)-ဒေါ်တင်ရဝေအောင်တို့၏အစ်ကို၊ ဒေါက်တာအောင်သူရထက်၊ မလွင်စံမီအောင် (Final Part-1, ဆေး-၁)၊ မောင်ရဲရင့်နိုင် (Grade-11, အထက-၁၊ ဒဂုံ)၊ မောင်ကောင်းထွဋ်(Grade-6၊အလက-၁၊ ဒဂုံ)၊ မောင်သစ်နိုင်အောင်တို့၏ ဘကြီးသည် ၃၀-၄-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးမောင်မောင်ကြီး
တပ်မတော်(ကြည်း)(ငြိမ်း)
သဃ်န်းကျွန်းမြို့နယ်
လုပ်ငန်းစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၄လမ်း၊ အမှတ် ၃၁၊ မှန်ခန်း (A) နေ (ဦးစံရွှေ - ဒေါ်မယ်ယဉ်)တို့၏ သား၊ (ဦးရွှေမောင် - ဒေါ်ကျင်)တို့၏ သားသမက်၊ (ဒေါ်ခင်တင့်)၏ခင်ပွန်း၊ ဒေါ်ဝေဝေတင့်၊ ဒေါ်အေးအေးမွန်(Golden Brothers Engineering & Trading Co.,Ltd.)၊ ဦးရင်သောင်း-ဒေါ်ဆန်းဆန်းမော်(ဗဟိုဘဏ်)၊ (ဦးညီညီမောင်) တပ်မတော်(ရေ) (ငြိမ်း)တို့၏ ဖခင်၊ မသီတာဦး၊ မအိမ့်မှူးခင်၊ မောင်မျိုးမင်းဇင်တို့၏အဘိုးသည် ၂၈-၄-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၄ လမ်း၊ အမှတ် ၃၁၊ မှန်ခန်း(A)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအင်ခွမ်ဘောက်နော်
(လက်ထောက်ဦးစီးမှူး၊ မူဆယ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး)
အသက်(၅၈)နှစ်

နမ့်ခမ်းမြို့နယ်၊ဟိုကတ်ရပ်၊ (ဟက/၂၀၀)နေ ဦးအင်ခွမ်ကွန်မိုင်-လထော်ဂျာတောင်တို့၏သားကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အမှတ် (၂)၊ စံပြကျေးရွာနေ ဒူဝါလဖိုင်နော်မိန်း - ဒေါင်လုံခေါ်နဲဖန်တို့၏ သားသမက်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ခရိုင်ထွေ/အုပ် ဝန်ထမ်းအိမ်ရာ(B-6)နေ(ဒေါ်လဖိုင်ဂျာရာ)၏ခင်ပွန်း၊ မောင်အင်ခွမ်ဘရန်မိုင် (လက်ထောက်ဦးစီးမှူး၊ ဟိုပန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး)၊ မောင်အင်ခွမ်ဘောက်ဒီး(အထက်တန်းရှေ့နေ)၊ မအင်ခွမ်မေရီ (ခရိုင်ထွေ/အုပ်)တို့၏ဖခင်သည် ၁၈-၄-၂၀၁၄ရက် နံနက် ၄း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၄-၂၀၁၄ရက်တွင် မူဆယ်မြို့ မန့်မော် ကချင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အောက်မေ့ဖွယ်ရာ ဝတ်ပြုဆုတောင်းအစည်းအဝေးကို ၂၄-၄-၂၀၁၄ရက်တွင် ခရိုင်ထွေ/အုပ် အိမ်ရာနေအိမ်၌ ပြုလုပ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်
အမိန့်တော်ခံယူခြင်း
ဟာဂျီရှမ်ရွှဒ်ဟက်(ခ) ဟာဂျီ ဦးစိုးသိန်း (ခ)ဦးမောင်မောင်တာ
အသက်(၅၃)နှစ်

မန္တလေးမြို့၊ ၂၆×၂၇ လမ်းကြား၊ ၈၃လမ်း၊ တိုက်တန်းဝင်းနေ (ဟာဂျီဦးမူဆာ-ဟာဂျီမ ဒေါ်အုန်းခင်) (ဒေါ်အုန်းခင်နှင့်သားများ ရောင်စုံပုံနှိပ်တိုက်)တို့၏သား၊ နမ္မတူမြို့နေ (ဦးရှရစ်-ဒေါ်အေးသန်း)တို့၏ သားသမက်၊ မန္တလေးမြို့၊ ၂၀×၂၁လမ်းကြား၊ ၈၃ လမ်း၊ နူးဘရားသားဝင်းနေ (ရှမ်းရိုးမဖိနပ်ဆိုင်)၊ ကိုစိန်လင်း၊ မောင်ဝေယံမင်း-စုမြတ်လင်းသိန်း၊ မခင်ထက်ထက်လင်းသိန်း၊ မောင်ထွန်းထွန်းနိုင်တို့၏ဖခင်၊ ဒေါ်နွဲ့နွဲ့အေး၏ ခင်ပွန်းသည် ၂၁-၄-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပြီးဖြစ်ပါ၍ ယင်းနေ့တွင်ပင်စဉ့်ကိုင်မြို့နယ်၊ဟင်းဂူကျေးရွာ၌ အစ္စာရ်ရနမာဇ်အပြီး မိုင်ယာဒ်ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇောဘာသ (ရတ္တညူမဟာနာယက)
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျောက်ဖူးကုန်း(ခ)ရပ်ကွက်၊ ခေမာရုံသီပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ပဲခူး၊ အရညဝါသီရွှေကျင်နိကာယ၊ ကြခတ်ဝိုင်း ဝိနည်းပြန်ဌာန ဂဏနာယက ဘဒ္ဒန္တတေဇောဘာသ (ရတ္တညူမဟာနာယက) သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါရှိ မဟာထေရ်မြတ်ကြီးသည်(၁၃၇၆ခုနှစ် ဦးတန်းခူးလပြည့်ကျော် ၁၄ရက်) ၂၈-၄-၂၀၁၄ရက်(တနင်္လာနေ့) ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၆ရက်)၄-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနကော်မတီ၊ ခေမာရုံသီပရိယတ္တိစာသင်တိုက်၊ ကျောက်ဖူးကုန်း၊ (ခ)ရပ်ကွက်၊ ပဲခူးမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးလှမြင့်(ခ)ဂေါ်ဂီဘင်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ လွတ်လပ်ရေးလမ်းနေ (ဦးအုန်းကြည်-ဒေါ်ဖြူ)တို့၏သား၊ (ဦးညွန့်ဝ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၉-B နေ ဒေါ်ညွန့်ညွန့်ရီ၏ခင်ပွန်း၊ မနီလာမြင့်၊ မခင်သီတာမြင့်-ကိုငွေးမောင်၊ ကိုကျော်စွာမြင့်၊ ကိုနေမျိုးမြင့်-မရီရီမြင့်၊ မဥမ္မာမြင့်-ကိုကြည်သိန်း၊ မသန္တာမြင့်-ကိုဇစ်တာ၊ မမာလာမြင့်-ကိုမြင့်စိုး(ခ)ကိုမောင်စိုး၊ မသူဇာမြင့်-ကိုမိုးဆန်းနိုင်တို့၏ဖခင်ကြီး၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ဇောတိကလမ်း၊ အမှတ် ၁၉(B)မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ဇောတိကလမ်း၊ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ် ၁၉(B)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၈နေ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဒေါ်သန့်စင်မြင့်၊ ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)၊ ဦးဆန်းအောင်မြင့်၊ ဒေါ်ခင်အေးဝင်း၊ ဒေါ်သက်မွန်မြင့်၊ ဗိုလ်ကြီးအောင်ဆွေဦး(ငြိမ်း)၊ ဗိုလ်ကြီးကျော်နိုင်မြင့်(ငြိမ်း)၊ ဒေါ်ဝင်းဝင်းသန်းမော်၊ ဒုတိယဗိုလ်မှူးကြီးသံလွင်မြင့်(ငြိမ်း)၊ ဒေါ်မော်မော်အောင်၊ ဒေါ်ဥမ္မာမြင့် (ဗိုလ်မှူးအောင်ဇော်မိုး)၊ ဦးသွင်အောင်မြင့်၊ ဒေါ်ညိုညိုသန်းတို့၏မိခင်၊ ဒေါက်တာအေးငြိမ်းမိုးမြင့်၊ ဦးဝင်းမိုးမြင့်၊ ဦးလင်းမိုးမြင့်၊ ဒေါ်ရည်မွန်မြင့်၊ ဗိုလ်ဉာဏ်လင်းအောင်မြင့်၊ မောင်ဝေယံမြင့်၊ မောင်ကောင်းချမ်းငြိမ်းမြင့်၊ မောင်ကြည်ခန့်ငြိမ်းမြင့်၊ မဣန္ဒာမိုးမြင့်၊ မောင်ထွန်းလင်းအောင်မြင့်၊ မကြည်သာချမ်းမြင့်၊ မစန္ဒာမိုးမြင့်၊မစိမ်းလဲ့ညိုမြင့်၊ မောင်ခန့်ထူးအောင်မြင့်၊ မသံသာချမ်းမြင့်တို့၏အဘွားသည် ၃၀-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၈နေ (ဦးဖေရှိန်-ဒေါ်မကြီး)တို့၏သမီးကြီး၊ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဒေါ်ခင်မြင့်၊ ဦးတင်ထွန်းတို့၏အစ်မ၊ သားသမီး ခုနစ်ယောက်တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းအေး (ကျိုက္ခမီ)
Ex/Ro- (East Wind)
အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၄၈နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်)တို့၏သား၊ ၁၀၉လမ်း၊ အမှတ် ၂၅နေ ဦးတင်အောင်-ဒေါ်အုန်းကြည်တို့၏သားသမက်၊ ဒေါ်သီသီအောင်(လက်ထောက်မန်နေဂျာ၊ ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်ထွန်း (International SOS)၊ မအေးချမ်းသူ (2^{nd} year English)တို့၏ဖခင်၊ ဦးအေးမောင်-ဒေါ်ခင်တင့်ရွှေတို့၏မောင်၊ ဦးထွန်းဝင်း (ဦး/ရှိ၊ ရှမ်းပြည်နယ် သ/မဦးစီးဌာန၊ တောင်ကြီး)-ဒေါ်အေးသက်ရွှေတို့၏အစ်ကို၊ မောင်လွင်ထူးဆွေ၊ မောင်ငြိမ်းချမ်းအေး၊ မောင်ပြုံးမောင်မောင်၊ မောင်ချမ်းမြေ့မောင်မောင်တို့၏ဦးလေးသည် ၃၀-၄-၂၀၁၄ရက် စင်ကာပူစံတော်ချိန် နံနက် ၁၀း၄၁နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နွယ်အေးကြူ
အသက်(၅၀)

(ဦးရှိန်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ရွှေခင်းသာအိမ်ရာ၊B-10၊ အခန်း ၅၀၂နေ ဦးဝင်းမြင့် (ထူးကုမ္ပဏီများအုပ်စုနှင့် သန်လျင်ဖိနပ်စက်ရုံ၊ စက်ရုံမှူး၊ ငြိမ်း)၏ဇနီး၊ မလဲ့လဲ့မိုးသွယ် (Waaneize Worldwide Corporate Co.,Ltd.)၊မောင်ခန့်စိုးကြွယ်(2^{nd} year History)တို့၏မိခင်သည် ၂၉-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းဝင်း (ပုသိမ်မြို့)
B.A (မြန်မာစာ၊ ၁၉၆၈-၆၉)
ဦးစီးအရာရှိ
(တိုင်းသမဦးစီးဌာန၊ ပုသိမ်မြို့)
အသက်(၆၈)နှစ်

အမှတ် ၂၊ တရုတ်ကျောင်းလမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့နေ (ဦးရီ-ဒေါ်ရင်ရင်)တို့၏သားကြီး၊ (ဦးလှမြင့်)၊ ဦးဝင်းထွန်း၊ ဦးမောင်မောင်သက်၊ ဦးကျင်စိန်-ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်တင်တင်ဝင်း၊ဒေါ်ခင်စန်းရီတို့၏အစ်ကိုကြီးသည် ၂၉-၄-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြုပြင်ပြောင်းလဲရေးများအောင်မြင်ဖို့ ပြည်သူများတရားဥပဒေကိုလိုက်နာပြီး အစိုးရနှင့်လက်တွဲဆောင်ရွက်

နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း
(၁-၅-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော့်အနေဖြင့် မိဘပြည်သူများထံရေဒီယိုကနေတစ်ဆင့် အစိုးရရဲ့ လုပ်ဆောင်ချက်များနဲ့ မြန်မာနိုင်ငံရဲ့အခြေအနေအရပ်ရပ်ကို လစဉ်အသိပေးတင်ပြနေကျအတိုင်း ယခုလမှာလည်း ယခင်လများနည်းတူအသိပေးတင်ပြသွားမှာဖြစ်ပါတယ်။

ယခုနှစ် ကျွန်တော်တို့ရဲ့ ရိုးရာသင်္ကြန်ပွဲတော်ဟာ အေးချမ်းပျော်ရွှင်စွာဖြင့် ပြီးမြောက်သွားခဲ့ပြီဖြစ်ပါတယ်။ သင်္ကြန်ရက်များအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သင်္ကြန်ပွဲကိုဆင်နွှဲနိုင်ဖို့အတွက် ကျွန်တော့်အနေဖြင့် မိဘပြည်သူများထံသို့ နှုတ်ခွန်းဆက်လွှာ ထုတ်ပြန်ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနဲ့ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများရဲ့ စည်းကမ်းထိန်းသိမ်းပေးမှု၊ ပျော်ရွှင်စွာရေကစားကြသူများရဲ့ စောင့်ထိန်းလိုက်နာမှုများကြောင့် ယခုနှစ်သင်္ကြန်ပွဲတော်ဟာ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအနည်းဆုံးဖြင့် စည်ကားသိုက်မြိုက်စွာ ပြီးမြောက်သွားခဲ့ပါတယ်။

ထူးခြားချက်တစ်ခုကတော့ ဒီနှစ်သင်္ကြန်ပွဲတော်မှာ မြန်မာနိုင်ငံရှိသံရုံးအသီးသီးတို့မှ သံတမန်နှင့်မိသားစုများ၊ နိုင်ငံခြားခရီးသွားများပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြတဲ့အတွက် လူမျိုးဘာသာမခွဲခြားတဲ့ ကျွန်တော်တို့ရဲ့မွန်မြတ်တဲ့စိတ်ထားကို ပေါ်လွင်စေခဲ့ပါတယ်။ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ခဲ့ပြီးဖြစ်တဲ့အတွက် ယခုနှစ်သစ်မှာ စိတ်သစ်ကိုယ်သစ်ဖြင့် မိမိအကျိုး၊ အများအကျိုးနဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေကို စည်းလုံးညီညွတ်စွာဖြင့် အားကြိုးမာန်တက်သယ်ပိုးဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေဖြင့် တိုက်တွန်းအပ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁

Miss Asia Pacific World 2014 ပြိုင်ပွဲယှဉ်ပြိုင်မည့် မေမြတ်နိုးအား အွန်လိုင်းမှ မဲပေးကြပြီ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

ကိုရီးယားနိုင်ငံတွင် မေ ၁၉ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားရန်ရှိသည့် Miss Asia Pacific World 2014 ပြိုင်ပွဲ၌ မြန်မာကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် မေမြတ်နိုးအား ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် မဲပေးလိုသူ များပြားလျက်ရှိကြောင်း သိရသည်။

မြန်မာအလှမယ် မေမြတ်နိုးအား အဆိုပါပြိုင်ပွဲအတွင်း People Choice Award ဆုအတွက် ဖေ့စ်ဘွတ်ခ်စာမျက်နှာတစ်ခုဖြစ်သော Missosology တွင် မဲပေးခြင်းကို စတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး မေလ ၃၀ ရက်အထိ မဲပေးနိုင်ကြောင်း အဆိုပါစာမျက်နှာတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ အွန်လိုင်းမှ မဲပေးသည့်စနစ်တွင် ဖိလစ်ပိုင်အလှမယ်အား မဲပေးသူအရေအတွက်မှာ အမြင့်ဆုံးဖြစ်နေပြီး မြန်မာအလှမယ်ကို

စာမျက်နှာ ၃ ကော်လံ ၅

အလှမယ် မေမြတ်နိုး

မြန်မာ့ခရီးသွားလုပ်ငန်း၌ ရဟတ်ယာဉ်ဖြင့် ခရီးသွားများအား ဝန်ဆောင်မှုပေးမည်

သတင်း-ဝေယံဦး

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားလျက်ရှိရာ ခရီးသွားဧည့်သည်များအား ရဟတ်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးရန် စီစဉ်နေမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဧပြီ ၂၈ ရက်က တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

“ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရဟတ်ယာဉ်နဲ့ ပထမဆုံး ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီစဉ်နေပါပြီ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကိုလည်း တင်ပြထားလို့ ခွင့်ပြုချက်ရရင်တော့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ရဟတ်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးမည့် GIS ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သိမ်းက ပြောကြားသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် ရဟတ်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်တောင်းခံထားသည်။ ရဟတ်ယာဉ်ဖြင့် ဝန်ဆောင်မှုပေးခြင်းသည် မြန်မာနိုင်ငံ၌ပထမဆုံးဖြစ်လာမည်ဖြစ်ပြီး ခရီးသွားဧည့်သည်များအတွက် အချိန်တိုအတွင်း သွားရောက်လိုသည့်နေရာသို့ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁

ယနေ့ » မာတိကာ

ယူကရိန်းပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန် ကုလသမဂ္ဂ တရုတ်သံတမန်က တိုက်တွန်း — စာ » ၄
ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ အစိုးရနှင့်ပြည်သူများအား ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပြောကြား — စာ » ၈
ဘင်္ဂလားပင်လယ်အော်အတွင်း၌ ပျောက်ဆုံးလေယာဉ်၏အပိုင်းအစ တွေ့ရှိသည်ဟူသောသတင်းတာဝန်ရှိသူများကငြင်းဆို — စာ » ၁၁
စဥ့်ကိုင်မြို့နယ်၌ မိုးသက်လေပြင်းများကျရောက် — စာ » ၁၃
ရီးရဲမက်ဒရစ် ဂိုးပြတ်နိုင်ပြီး ဗိုလ်လုပွဲတက် — စာ » ၁၄
မွန်ပြည်နယ်အထိမ်းအမှတ်ဟင်္သာမောင်နှံအက ရုပ်တုထုလုပ် — စာ » ၁၆
ဟန်လင်းကျောက်စာရုံ — စာ » ၁၈

ထူးခြားသည့်နေ့အပူချိန်များ ၃၀-၄-၂၀၁၄

မင်းဘူးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါမြို့	၄၂ ဒီဂရီစင်တီဂရိတ်

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် ဧပြီ ၃၀

အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 12th ASEAN Ministers' Meeting Responsible for Information

စာမျက်နှာ ၇ ကော်လံ ၁

နေပြည်တော်အသင်းက စင်ကာပူအသင်းကိုအနိုင်ကစား

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

MNL ကလပ် နေပြည်တော်အသင်းနှင့် မလေးရှားစူပါလိဂ်တွင် သွားရောက်ကစားနေသည့် Singapore Lion XII အသင်းတို့၏ခြေစမ်းပွဲကို ယနေ့ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ နေပြည်တော်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နေပြည်တော် - တစ်ဂိုး
(အောင်ကျော်နိုင်)
Singapore Lion XII - ဂိုးမရှိ

AFC Cup ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်အတွက် ပြင်ဆင်နေသည့် နေပြည်တော်အသင်းသည် ယခုပွဲတွင် ပြည်တွင်း ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ကစားခဲ့ပြီး နိုင်ငံခြားသား ကစားသမားများ ပါဝင်ခဲ့ခြင်းမရှိပေ။ လက်ရွေးစင်ဟောင်း အေးဆန်းက

စာမျက်နှာ ၁၁ ကော်လံ ၅

RB Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.

မြန်မာ့အလင်း
mmalin.npt @ gmail.com
www. facebook.com/MYANMAALINNNEWS